www.free4readers.com

News Watch
WEEKLY
စောင့်ကြည့်သတင်းဂျာနယ်
အတွဲ (၁၄)၊ အမှတ် (၁၀) ၂၅-၅-၂၀၁၉ (စနေ)

## ၂၀၁၉– ၂၀၂၀ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းပေါင်း ၅၆၀၀ ကျော်ကို အဆင့်တိုးမြှင့်ပေးရန် လျာထား

အချုပ်ပို တောင်းယူပါ။

၂၀၁၉–၂၀ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းပေါင်း ၅၆၀၀ ကျော်ကို အဆင့်တိုးမြှင့်ပေးရန်လျာထားကြောင်း ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနက မေ ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။ တနိုင်ငံလုံးတွင် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအခြေခံပညာကျောင်းပေါင်း ၄၀၄၄၄၄ ရှိသည် ဟုဆိုသည်။ ၂၀၁၆–၁၇ ပညာသင်နှစ်တွင် ကျောင်းပေါင်း ၃၃၁၇၊ ၂၀၁၇–၁၈ ပညာသင်နှစ်တွင် ကျောင်းပေါင်း ၅၁၀၀၊ စာ(၂၄)သို့

## အတိုင်ပင်ခံခရီးစဉ်တွင် မြေသိမ်းခံရသည်ဟုဆိုကာ တင်ပြမှုအပေါ် တပ်မတော်က ထပ်မံတရားစွဲဆိုထားခြင်းနှင့် ပတ်သက်၍ ဥပဒေနှင့်အညီ ကာကွယ်မှုပေးစေချင်ဟု ကိုမျိုးသူနိုင် ပြော

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ခရီးစဉ် လူထုတွေ့ဆုံပွဲတွင် မြေသိမ်းခံရသည်ဟုဆိုကာ တင်ပြမှုအပေါ် တပ်မတော်က ထပ်မံတရားစွဲဆိုထားခြင်းနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ ကာကွယ်မှုပေးစေချင်ကြောင်း ကိုမျိုးသူနိုင်က ပြောကြားခဲ့ပြီး ယင်းတင်ပြမှုမှာ လီဆယ်လိမ်ညာတင်ပြမှုဖြစ်ခြင်းကြောင့် တရားစွဲဆိုခဲ့ခြင်းဖြစ်ကြောင်း ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ တိုင်းဦးစီးမိုလ်မှူးကြီး သန့်ဇင်ဦးက စာ(၁၈)သို့

# လှိုင်သာယာမြို့နယ် ရန်ကုန်-ပုသိမ်လမ်းမကြီး ဘေးဝဲယာရှိ နေထိုင်ရေးအခက်အခဲရှိသူများအတွက် တန်ဖိုးနည်းအိမ်ရာ ဖော်ဆောင်ပေးရန် လူဦးရေစာရင်းများ ကောက်ယူနေ

စာ(၁၇)သို့



Photo:Lin Lin Aung

## ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးဇုန်မှ ကုန်ပစ္စည်းများကို ရှန်ဟိုင်းမြို့သို့ တင်ပို့ရန် ဈေးကွက်ထူထောင်ထားဟုဆို

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်းရှိ ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးဇုန်ကို အဆင့်မြှင့်တင်ရန် ပြင်ဆင်နေပြီး ထိုဇုန်မှထွက်ရှိလာသည့် ကုန်ပစ္စည်းများကို တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့သို့တင်ပို့ရန် စာ(၂၃)သို့

## အိန္ဒိယသို့ ဇွန်လမှစ၍ တနှစ်ပတ်လုံး ပဲတင်ပို့ခွင့် ရရှိထားဟု စီးပွား/ကူးသန်းဝန်ကြီး ပြောကြား

စာ(၁၈)သို့

## လက်ကိုင်ဖုန်းနှင့် အပိုပစ္စည်း ပြေစာများတွင် ကပ်နိုပ်ရောင်းချရန် အခွန်တံဆိပ်ခေါင်း အရေအတွက် ၁၉၂ သိန်း၊ တန်ဖိုးကျပ် ၇ ဒသမ ၈ ဘီလီယံ ကျော်ဖိုး ထုတ်ပေးထား

လာမည့် ဇွန် ၁ ရက်မှစ၍ လက်ကိုင်ဖုန်းဟန်းဆက်နှင့် အပိုပစ္စည်းများ ရောင်းချရာတွင် ပြေစာပေါ်၌ အခွန်တံဆိပ်ခေါင်းများ ကပ်နှိပ်ရမည်ဖြစ်သဖြင့် မြို့နယ်အခွန်ဦးစီးဌာနရုံးအသီးသီးမှ အခွန်တံဆိပ်ခေါင်းများ ထုတ်ပေးလျက်ရှိရာ မေ ၂၂ ရက်အထိ စာ(၁၇)သို့



## သိန်းတသောင်းတန်မြေကွက် ၆ ကွက်ကို ရောင်းပြီး အလှူလုပ်ကာ သီလရှင် အပြီးဝတ်တော့မည့် ကမ္ဘာပတ်ဒေါ်တင်တင်စိန်

''တကွက်ကို သိန်းတသောင်း ပေါက်တယ်။ ခြောက်ကွက်ဆိုတော့ ခြောက်သောင်း။ လက်ရှိအဆောက်အဦတွေကလည်း သိန်းတသောင်းကျော် တန်ပါတယ်။ ခြံကြီးက အကျယ်ကြီးပေါ့ ...'' စာ(၃)သို့

## မိုက်ကယ်ကျော်မြင့်အား သိန်း ၁၀၀ တန် ရဲအာမခံဖြင့် လွှတ်ထားရန် တရားသူကြီး၏ အမိန့်သည် သုံးလေ့သုံးထမရှိဟု ဦးကြီးမြင့် ပြော

စာ(၂၃)သို့




စာ(၁၁)သို့

## DKBA ခွဲထွက်အဖွဲ့များ ပြန်လည်အခြေချနေသည့်အတွက် တိုက်ပွဲများ ဖြစ်ပွားလာမည်ကို ဒေသခံများ စိုးရိမ်ပူပန်

စာ(၂၄)သို့

ဖြစ်ပေါ်ပြောင်းလဲနေသော ကမ္ဘာ့အရေး၊ မြန်မာ့အရေးသတင်းများကို News Watch က စောင့်ကြည့်နေသည်။

www.free4readers.com







"ပဋိစ္စသမုပ္ပါဒ်ဆိုတာ အကြောင်းကိုစွဲပြီး အကျိုးဖြစ်ထွန်းတာကိုခေါ်တာ၊
သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာ၊ ဒီသစ္စာနှစ်ပါးနဲ့ ပဋိစ္စသမုပ္ပါဒ်လည်တယ်၊
ဒကာမကြီးလည်း အသက်ကြီးပြီ၊ ဗိုက်ဆံရမယ့်အလုပ်ချည်းပဲ လုပ်မနေနဲ့၊
တရားရမယ့် အလုပ်လည်းလုပ်ဦး၊
ကဲဦးဇင်း အဝေးကြီးပြန်ရမယ်၊ ဝတ္ထုကလေးကပ်ဦး"

ဦးဇင်းမှာ ကောင်းသောဘဝကို ပိုင်ဆိုင်ထားပါကလား၊
တရားကျင့်၊တရားဆိုင် လူ့ဘောင်လောကအတွက်
ဘာသောကမျှ မရှိ၊ အသုံးလိုလျှင် အလှူဒါနပြုလိုသူတွေဆီက
အလှူခံရုံပါပဲ။ သံသရာမှာ ထွက်ပေါက်ပိတ်နေသည့်
မုထုဇဉ်တွေကတော့ . . .

# တင်တင်ဦး

## ထွက်ပြေးချင်သူ

### ဝတ္ထုတိုစုစည်းမှု



ထွက်ပြီ

အရောင်းဖြန့်ချိရေး- ၀၁ ၃၈၈၇၆၃၊ ၀၉ ၂၆၀၀၂၅၃၅၅
ပင်ရင်း- အမှတ် ၁၉၉၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင် လာရောက်ဝယ်ယူနိုင်ပါပြီ။

news Watch WEEKLY
စောင့်ကြည့် သတင်းဂျာနယ်
အတွဲ (၁၄)၊ အမှတ် (၁၀) ၂၅-၅-၂၀၁၉ (စနေ)






# သိန်းတသောင်းတန်မြေကွက် ၆ ကွက်ကို ရောင်းပြီး အလှူလုပ်ကာ သီလရှင်အဖြစ်ဝတ်တော့မည့် ကမ္ဘာပတ်ဒေါ်တင်တင်စိန်

၁၉၅၅ ခုနှစ်မှစတင်ကာ နိုင်ငံပေါင်း ၂၉ နိုင်ငံကို ခင်ပွန်းသည်နှင့်အတူ ဒုတိယကမ္ဘာစစ်လက်ကျန်-မော်တော်ဆိုင်ကယ်အဟောင်းနှင့် ကမ္ဘာပတ်ခဲ့သူ ဒေါ်တင်တင်စိန်သည် သိန်းပေါင်း ၆ သောင်း တန်ဖိုးရှိသည့် သူပိုင်ဆိုင်သော မြပုဂံဟိုတယ်နှင့် မြေကွက် ၆ ကွက်ကို ရောင်းချပြီးပါက လှူဒါန်းမှုများပြုလုပ်၍ သီလရှင်ဝတ်တော့မည်ဖြစ်ကြောင်း သိရသည်။ မြပုဂံဟိုတယ်သည် ပုဂံမြို့ လောကနန္ဒာဘုရားအနီးတွင်တည်ရှိပြီး ဘန်ဂလို ၁၁ လုံးဖြင့် ဖွဲ့စည်းထားသော ဟိုတယ်ဖြစ်သည်။ အကျယ်အဝန်းအားလုံးသည် ၂ ဧကခန့်ရှိပြီး ပေ ၆၀ x ၈၀ ခြောက်ကွက်ရှိကြောင်း သိရသည်။ ကာလပေါက်ဈေးအရ ယင်းမြေကွက်များသည် တကွက်လျှင် သိန်းတသောင်းခန့်ရှိသည်။

''အမှန်က မြေကွက်ကြီးပဲဆိုရင် ၆ ကွက်ပါတယ်။ ဈေးကတော့ ဖွင့်မထားဘူး။ ပေးတဲ့သူပေါ်မှာမူတည်ပြီး ဆုံးဖြတ်ဖို့ ကျွန်မစိတ်ကူးထားပါတယ်။ ပုဂံက ဟိုတယ်တွေက အလုပ်ဖြစ်ကြပါတယ်။ ရောင်းတာတို့၊ ဝယ်တာတို့ အဲဒီလိုလုပ်ကြတယ်။ အဲဒါကြောင့်မို့လို့ ကျွန်မက ဈေးမဖွင့်ဘဲနဲ့ ထားထားတာပါ'' ဟု ဒေါ်တင်တင်စိန်က ပြောသည်။ ဒေါ်တင်တင်စိန်သည် ယခုအခါအသက် ၈၄ နှစ်ရှိပြီဖြစ်ပြီး သက်သတ်လွတ်စားခဲ့သည်မှာ နှစ်ပေါင်း ၅၀ ရှိကာ နေ့တိုင်း ဥပုသ်စောင့်ခဲ့သည်မှာလည်း တနှစ်ရှိပြီဖြစ်ကြောင်း သိရသည်။

''တကွက်ကို သိန်းတသောင်းပေါက်တယ်။ ခြောက်ကွက်ဆိုတော့ ခြောက်သောင်း။ လက်ရှိအဆောက်အဦတွေကလည်း သိန်းတသောင်းကျော်တန်ပါတယ်။ မြေကြီးက အကျယ်ကြီးပေါ့။ လောကနန္ဒာဘုရားနဲ့နီးတယ်ဆိုပေမဲ့ ရှေးဟောင်းဘုရားတွေနဲ့ လွတ်ပါတယ်။ ဈေးနဲ့လည်း နီးပါတယ်။ ရောင်းရင်တော့ အကုန်လုံးတပြိုင်တည်း ရောင်းမှာပါ။ ဖွဲ့တော့ မရောင်းပါဘူး''ဟု ဆိုသည်။

ဒေါ်တင်တင်စိန်သည် ခင်ပွန်းသည်နှင့်အတူ အိန္ဒိယ၊ ပါကစ္စတန်၊ အီရတ်၊ ဂျော်ဒန်၊ ကူဝိတ်၊ ဆီးရီးယား၊ လက်ဘနွန်၊ တူရကီ၊ ဩစတြီးယား၊ ဂရိ၊ အယ်ဘေးနီးယား၊ ယူဂိုစလားဗီးယား၊ ဆွစ်ဇာလန်၊ အီတလီ၊ ဂျာမနီ၊ ဒိန်းမတ်၊ နော်ဝေ၊ ဆွီဒင်၊ ပြင်သစ်၊ ဗြိတိန်၊ ရူမေးနီးယား၊ ချက်ကိုစလိုဗက်ကီးယား၊ စပိန်၊ ပေါ်တူဂီ၊ ဂျီဗလာတာ၊ ဟော်လန်၊ လူဇင်ဘတ်၊ ပိုလန်၊ ဘယ်ဂျီယံ စသည့်နိုင်ငံများသို့ ရောက်ရှိခဲ့ပြီး နိုင်ငံအသီးသီးမှ ခေါင်းဆောင်များ၊ ဘုရင်များ၊ ဝန်ကြီးချုပ်များ၊ ဘုရင်ခံများနှင့်တွေ့ဆုံခွင့်ရခဲ့သည်။ ထို့အပြင် ဗြိတိန်၊ အင်္ဂလန်သို့ရောက်ရှိစဉ်တွင် တီဗီအင်တာဗျူးအစီအစဉ်အတွက် မေးမြန်းခြင်းခံခဲ့ရသည်။ ထိုခရီးစဉ်များနှင့်ပတ်သက်၍ စာအုပ်များလည်းထွက်ရှိခဲ့ပြီး ဖြစ်သည်။ ခရီးမိုင်ပေါင်း ၅ သောင်း ၈ ထောင်ခန့်ကို တနှစ်အတွင်းလှည့်လည် သွားရောက်ခဲ့ခြင်းဖြစ်သည်။ သို့သော်ထိုခရီးစဉ်အားလုံးကို ဆိုင်ကယ်နှင့်အပြီး သွားခဲ့ခြင်းမဟုတ်ဘဲ အင်္ဂလန်မှအပြန် ခရီးတွင်ရထား၊ ကား၊ သင်္ဘောတို့နှင့် အဆင့်ဆင့်ပြောင်းစီးခဲ့ပြီး နောက်ဆုံးတွင် ကာလကတ္တားမှတဆင့် ရန်ကုန်မြို့သို့ လေယာဉ်ဖြင့် ပြန်လည်ရောက်ရှိခဲ့ခြင်းဖြစ်သည်။

''ဟုတ်ပါတယ်။ လှူမှာပါ။ လှူပြီးတော့ သီလရှင်ဝတ်တော့မှာပါ။ ၈၄ နှစ်ရှိပြီလေ''ဟု ဒေါ်တင်တင်စိန်က သူ့စိတ်ကူးကို ပြောသည်။

ဒေါ်တင်တင်စိန်အဘိုးသည် အင်္ဂလိပ်လူမျိုး ရဲမင်းကြီးသားဖြစ်ကာ အဘွားသည် မွန်အမျိုးသမီး မော်လမြိုင်သူ ဒေါ်ငွေညွန့်ဖြစ်သည်။ အဘိုး၏သွေးကြောင့် သူ့ပုံစံသည် နှာတံစင်းစင်း၊ အရပ်မြင့်မြင့် ရွှေရောင်သန်းဆံပင်နှင့်ဖြစ်သော်လည်း ဗီဇသည် အဘွားဘက်သို့ များခဲ့သည်။ ဝိပဿနာတရားများကို တကိုယ်တည်း ကျင့်ကြံအားထုတ်ရုံမျှမက နောက်ပိုင်းတွင် ခရီးသွားလေရာ၌ ဝိပဿနာတရားများကို ဟောပြောပြသခြင်း၊ တရားစခန်းများ ဖွင့်လှစ်ခြင်းတို့ကိုလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

NW

# ဇွန်လ ၁ ရက်မှစ၍ ရန်ကုန်-ဆိပ်ကြီးစက်တပ်သမ္ဗန် စီးနင်းခပေးချေမှု လက်မှတ်စနစ် ပြောင်းမည်



ရန်ကုန် မော်တင်ဆိပ်ကမ်းနှင့် ဆိပ်ကြီးခနောင်တို ပြေးဆွဲနေသည့် စက်တပ်သမ္ဗန်စီးနင်းခကို လက်ငင်းငွေချေစနစ်မှ လက်မှတ်စနစ်သို့ ဇွန် ၁ ရက်မှစ၍ ပြောင်းလဲကောက်ခံမည်ဖြစ်ကြောင်း ဆိပ်ကြီးခနောင်တိုမြို့နယ် အမှတ် ၂ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဆွေက ပြောကြားသည်။

ထိုသို့ပြောင်းလဲခြင်းမှာ ခရီးသည်များနှင့်သမ္ဗန်သမားများကြား ငွေကောက်ခံသည့်ပြဿနာမှ ကင်းဝေးစေရန်၊ ရေလမ်းအန္တရာယ် မရှိစေရန် အဆိုပါမြို့နယ် ဆိပ်ကမ်းသာယာရေးကော်မတီ၊ ပို့ဆောင်ရေး၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီနှင့် ရွှေရန်ကုန်စက်တပ်ရေယာဉ်အသင်းတို့ ပူးပေါင်းအကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

''ခရီးသည်တွေနဲ့ စက်လှေသမားတွေကြား ငွေကြေးကောက်ခံရမှာ တချို့မပေးတဲ့သူတွေ ရှိတယ်။ တချို့က ပေးတယ်။ စက်လှေသမားက ခရီးသည်နဲ့ငွေမကိုက်တော့ ရေလယ်မှာ ရပ်ပြီးတောင်းတယ်။ ရေလယ်ဆိုတော့ သင်္ဘောတွေက သွားလာနေတာဖြစ်တော့ အန္တရာယ်များတယ်။ ဒါကြောင့် ဒီစနစ်ကို စလိုက်တာ''ဟု ၎င်းက ဆိုသည်။

ရန်ကုန်-ဆိပ်ကြီးခနောင်တို စက်တပ်သမ္ဗန်ခရီးစဉ်အတွက် ခရီးသည် တဦးလျှင် ၂၀၀ ကျပ်သတ်မှတ်ထားပြီး နေ့စဉ်နံနက် ၆ နာရီမှ ည ၈ နာရီအထိ ပြေးဆွဲပေးလျက်ရှိကြောင်း၊ နေ့စဉ်စီးနင်းသူ နှစ်သောင်းခွဲခန့်ရှိကြောင်း၊ စနစ်သစ်စတင်ပါက စီးနင်းခငွေကို ဂိတ်တွင် ကောက်ခံကာ ပြေစာဖြတ်ပိုင်းဖြင့် စက်လှေစီးနင်းရမည်ဖြစ်သဖြင့် သမ္ဗန်သမားအတွက် ငွေမရမည်ကို စိုးရိမ်စရာမလိုသကဲ့သို့ ခရီးသည်များအနေနှင့်လည်း အန္တရာယ်ကင်းမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ရန်ကုန်-ဆိပ်ကြီးခနောင်တို ခရီးစဉ်ပြေးဆွဲနေသည့် ရွှေရန်ကုန်စက်တပ်ရေယာဉ်လိုင်းတွင် သမ္ဗန်ကြီး ၁၀၀ ကျော်ရှိပြီး နေ့စဉ် အစီး ၇၀ ခန့်ပြေးဆွဲကြောင်း၊ သမ္ဗန်ငယ် ၆၀ကျော်ရှိပြီး နေ့စဉ် အစီး ၃၀ ခန့် ပြေးဆွဲနေကြောင်း အဆိုပါယာဉ်လိုင်းအတွင်းရေးမှူးက ပြောကြားသည်။ ''အခုပြဿနာတွေ ပြေလည်ဖို့ ဒီစနစ်ကို စသွားမှာပါ။ အောင်မြင် အောင်တော့ ကြိုးစားနေကြပါတယ်''ဟု ၎င်းက ဆိုသည်။

၎င်းတို့အနေဖြင့် ရေလယ်တွင် ရပ်ကာ သမ္ဗန်စီးခငွေကို ကောက်ခံခြင်း မရှိသော်လည်း ရေလယ်တွင် စက်ရှိန်လျှော့ကာကောက်ခံကြောင်း သမ္ဗန်မောင်းနှင်သူတဦးက ပြောကြားသည်။

''ရေလယ်မှာရပ်ရင် မြစ်ထဲမျောပြီး တခြားသင်္ဘောကြီးတွေနဲ့တိုက်မှာပေါ့။ စက်ရှိန်လျှော့ပြီး ကောက်တာပါ။ တချို့က နိုးစီးကြတယ်။ ငွေတောင်းတော့ မပေးချင်ကြဘူး။ တခါ၊ နှစ်ခါ အော်တောင်းလို့ မပေးဘူးဆိုရင် မပြောတော့ဘူး။စနစ်သစ်က စက်လှေသမားတွေအတွက် အဆင်ပြေတယ်။ ခရီးသည်နဲ့ ပြဿနာ မတက်တော့ဘူး''ဟု ၎င်းက ဆိုသည်။

စက်တပ်သမ္ဗန်များကို ပုံမှန်ခရီးစဉ်အပြင် စင်းလုံးငှားခရီးစဉ်လည်း ပြေးဆွဲပေးကြောင်း၊ စက်တပ်သမ္ဗန်စင်းလုံး ငှားခမှာ ကျပ် ၄၀၀၀ ဖြစ်ပြီး သမ္ဗန်ငယ်မှာကျပ် ၂၀၀၀ ဖြစ်ကြောင်း ရွှေရန်ကုန်စက်တပ်ယာဉ်လိုင်းထံမှ သိရသည်။

အဆိုပါခရီးစဉ်အတွက် လက်မှတ်စနစ်အသုံးပြုကောက်ခံမှုကို ယခင် အစိုးရလက်ထက်များက ၂ ကြိမ်ပြုလုပ်ခဲ့သော်လည်း လူအင်အားနှင့် အကြောင်းကြောင်းများကြောင့် အောင်မြင်မှုမရှိခဲ့ကြောင်း၊ သုံးကြိမ်မြောက်အဖြစ် ယခုအစိုးရလက်ထက်တွင် ပြုလုပ်ခြင်းဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။

W.L.K

# မြန်မာဘောလုံးလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာဘရူဝါရီလီမိတက်က MNL အား ကူညီထောက်ပံ့




မြန်မာဘောလုံးလောက ဖွံ့ဖြိုးတိုးတက်ရေး၊ လူငယ်မျိုးဆက်သစ်ကစားသမားများ ပေါ်ထွက်လာရေးအတွက် မြန်မာဘရူဝါရီလီမိတက် ကရုဏာရှေးရှု မြန်မာမှု (Myanmar Care)က ပံ့ပိုးကူညီ မည်ဖြစ်သည်။

အောက်ခြေအဆင့် ဘောလုံးပြိုင်ပွဲများ၊ အသက် ၁၄ နှစ်အောက် ကလေးများဘောလုံးပြိုင်ပွဲ(၂၀၁၉) ကျင်းပနိုင်ရေးအတွက်လိုအပ်သော ပံ့ပိုးကူညီမှုများပေးအပ်ရန် ကရုဏာရှေးရှုမြန်မာမှု (Myanmar Care)နှင့် မြန်မာနေရှင်နယ်လိဂ် (MNL)တို့အကြား လက်မှတ်ရေးထိုးပွဲကို မေ ၂၂ ရက်နေ့တွင် ရန်ကုန်မြို့ ပြည်လမ်းမကြီးပေါ်ရှိ Novotel ဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ အသက် ၁၄ နှစ်အောက် ဘောလုံးပြိုင်ပွဲများကို တိုင်းနှင့်ပြည်နယ် ၁၀ ခုတို့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ကလေးငယ်များအတွက် ဘောလုံးအင်္ကျီအစုံ ၂၅၀၊ ကျောပိုးအိတ် ၂၅၀၊ ထီး ၂၅၀၊ ပြည်နယ်နှင့်တိုင်း တခုစီတိုင်းအတွက် ဘောလုံး ၁၀၀၊ ဘောလုံး သင်တန်းပို့ချပေးမည့် ဆရာ၊ ဆရာမများအတွက် Track Suit နှင့် ဆုကြေးငွေများ၊ ၁၄ နှစ်အောက်ကလေးများ ဘောလုံးပြိုင်ပွဲ၏ အနိုင်ရအသင်း ၃ သင်းအတွက် Track Suit များ၊ အကောင်းဆုံးကစားသမားဆုနှင့် ချန်ပီယံအသင်းအတွက် အထူးလက်ဆောင်များကို ကရုဏာရှေးရှုမြန်မာမှု (Myanmar Care) က ထောက်ပံ့ပေးအပ်သွားမည်ဖြစ်သည်။

''ပထမဦးဆုံးအနေနဲ့ မြန်မာ့ဘောလုံးလောက တိုးတက်မြင့်မားလာဖို့ အရေးအကြီးဆုံး အလိုအပ်ဆုံးဒေါက်တိုင်တရပ်ဖြစ်တဲ့ လူငယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်တက်ကြွကြွ ဝင်ရောက်ကူညီပံ့ပိုးပေးတဲ့ Myanmar Care ကို အထူးပဲ ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။ လူငယ်တွေဟာ ကျွန်တော်တို့ရဲ့ အနာဂတ်ဖြစ်ပြီး လူငယ်လေးတွေ ဘောလုံးအားကစားအပေါ် စိတ်ဝင်စားဖို့က ဒီပြိုင်ပွဲတွေနဲ့ ဒီဘောလုံးပွဲတော်တွေက အရမ်းကို အရေးပါပါတယ်။ ဒီပွဲတော်တွေကနေပဲ ကျွန်တော်တို့ အနာဂတ် ဘောလုံးလောကအတွက် ကစားသမားကောင်းတွေ များစွာထွက်ပေါ်လာနိုင်မှာပါ'' မြန်မာဘရူဝါရီလီမိတက် ကရုဏာရှေးရှု (Myanmar Care) အနေဖြင့် ၂၀၁၈ ခုနှစ်တွင်လည်း MNL ၏ လူငယ်ဘောလုံးပြိုင်ပွဲများအတွက် Official Main Sponsor အဖြစ် ပံ့ပိုးကူညီခဲ့သည်။ ■

www.free4readers.com

# အလုပ်သမားတရားရုံး ပေါ်ပေါက်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ညှိနှိုင်းမည်ဟု အလုပ်သမားအခွင့် အရေးဆောင်ရွက်သူ ဦးဌေးပြော



အလုပ်သမားတရားရုံးပေါ်ပေါက်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အလုပ်သမားအရေး ဆောင်ရွက်ပေးလျက်ရှိသူ တရားလွှတ်တော်ရှေ့နေ ဦးဌေးက News Watch ကို ပြောကြားသည်။

"အလုပ်သမားတရားရုံးပေါ်လာဖို့ အလုပ်သမားအဖွဲ့တွေပေါင်းပြီးတော့ ဖိုရမ်တွေ လုပ်နေတာပေါ့။ အဲဒီအဆင့်မှာပဲ ရှိသေးတယ်။ အစိုးရဘက်ကတော့ ဘာမှ မထွက်သေးဘူး။ အခု ဒုတိယအကြိမ်ပြင်ဆင်တဲ့ဥပဒေဆိုရင်တော့ အလုပ်သမားတရားရုံးနဲ့ပတ်သက်ပြီး အချက်တချို့ပါဝင်ပါတယ်။ လက်ရှိ ကျွန်တော်တို့ခံယူထားတာကတော့ အလုပ်သမားဥပဒေတွေက တရားမျှတတာဘူး။ အလုပ်သမားအခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရာမရောက်ဘူး။ မရောက်တဲ့အတွက် ဥပဒေကို မျှတအောင်လုပ်ရမယ်။ ဒီဥပဒေတွေ မျှတမှ တရားရုံးပေါ်ပေါက်ရင်လည်း ဆုံးဖြတ်ချက်တွေက မျှတမှာ"ဟု ၎င်းက ပြောသည်။

အလုပ်သမားအငြင်းပွားမှုမှာ ထောင်ဒဏ်မပါဘဲ၊ အလုပ်ရှင်အနေဖြင့် လိုက်နာပျက်ကွက်လျှင် ဒဏ်ငွေရိုက်မည်သာဖြစ်သည့်အတွက် အလုပ်သမားတရားရုံးပေါ်ပေါက်လျှင်လည်း ဒဏ်ငွေလောက်သာရိုက်နိုင်မည်ဖြစ်ကြောင်း၊ အလုပ်ရှင်များအနေဖြင့် ခုံသမာဓိကောင်စီ၏အမိန့်ကို နာခံမှသာလျှင် အလုပ်သမားများ အလုပ်ပြန်လည်ရရှိရေး၊ အလုပ်ထုတ်နစ်နာကြေးများရှိမည်ဖြစ်ကြောင်း အလုပ်သမားအခွင့်အရေးကို အပြည့်အဝကာကွယ်စောင့်ရှောက်ရန် ဥပဒေကို မျှတစေရန်အပြင် အလုပ်သမားတရားရုံးပေါ်ပေါက်ရန်လိုကြောင်း ဦးဌေးကဆက်လက်ပြောကြားသည်။

ဒုတိယအကြိမ် ပြင်ဆင်သည့် အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုဖြေရှင်းရေးဥပဒေကြမ်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံ အလုပ်သမားများအဖွဲ့ချုပ် အတွင်းရေးမှူး ဦးသက်နှင်းအောင်က "အမျိုးသားလွှတ်တော်နဲ့ ပြည်သူ့လွှတ်တော် သဘောထားကွဲလွဲနေတာ။ သူတို့အချင်းချင်းသာ ကွဲလွဲနေတာ။ ကျွန်တော်တို့ပေးတဲ့ အကြံပြုချက် တခုမှမပါဘူး။ သုံးပွင့်ဆိုင်မှာပါတဲ့ ကျွန်တော်တို့အလုပ်သမားအဖွဲ့က အကြံပြုချက်များ ဒီဥပဒေမှာမပါဘူးဆိုတာကို ရှင်းရှင်းလင်းလင်း ကျွန်တော်တို့ ကြေညာပါတယ်။ ဒီဥပဒေနဲ့ပတ်သက်ပြီး ဖြစ်ပေါ်လာမည့် ကောင်းကျိုး၊ ဆိုးကျိုးသည် အစိုးရနဲ့ လွှတ်တော်မှာသာ တာဝန်ရှိပါတယ်"ဟု မေ ၂၀ ရက်က ရန်ကုန်မြို့ Myanmar Press Freedom Center တွင် ပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

အလုပ်သမားများအနေဖြင့် အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုဖြစ်ပါက အလုပ်သမားခုံသမာဓိရုံးဆုံးဖြတ်ချက်ကို အလုပ်ရှင်များအနေဖြင့် လိုက်နာဆောင်ရွက်မှုအားနည်းသည့်အတွက် အရပ်ဘက်တရားရုံးတွင် အမှုရင်ဆိုင်ရချိန်တွင် လိုက်နာဆောင်ရွက်မှုအားနည်းသည့်အတွက် အရပ်ဘက်တရားရုံးတွင် အမှုရင်ဆိုင်ရချိန်တွင် အလုပ်သမားများ အလုပ်လက်မဲ့ဖြစ်ခြင်း၊ ရှေ့နေငှားရမ်းစပေးချေရခြင်းနှင့် အခြားအထွေထွေစရိတ်များကြောင့် အခက်အခဲများစွာကြုံရသည့်အတွက် အလုပ်သမားတရားရုံးများပေါ်ပေါက်ရန် လိုအပ်ကြောင်း သိရသည်။

မေ ၁ ရက်နေ့ (မေဒေးနေ့)က ရန်ကုန်မြို့၊ သခင်မြပန်းခြံမှ မဟာဗန္ဓုလပန်းခြံအထိ အလုပ်သမားထောင်နှင့်ချီကာ အလုပ်သမားတရားရုံး အမြန်ဆုံးပေါ်ပေါက်ရေး၊ အလုပ်သမားဥပဒေများ ပြင်ဆင်ရေးဆွဲရာတွင် အလုပ်သမားများ၏ သဘောဆန္ဒများကို ထည့်သွင်းရေးဆွဲပေးရေး ချီတက်ဆန္ဒထုတ်ဖော်ခဲ့သည်။

*TCM*

# ၂၀၁၈ ခုနှစ် မိုးရာသီစိုက်စရိတ် ပြန်ဆပ်ရန် ငွေကျပ်သန်း နှစ်သောင်းကျော် ကျန်

ယခုနှစ်အတွက် တောင်သူများကို မိုးရာသီစိုက်စရိတ်ချေးငွေများ ထုတ်ပေးနေပြီး ၂၀၁၈ ခုနှစ်က မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ပြန်ဆပ်ရန် ကျန်ငွေကျပ်သန်းပေါင်း ၂၃၅၄၂ ဒသမ ၈၁ သန်းရှိကြောင်း မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

၂၀၁၈ ခုနှစ် မိုးရာသီက မန္တလေးတိုင်းအတွင်းမှ တောင်သူများကို ကျပ်သန်းပေါင်း ၁၀၈၄၄၆ ဒသမ ၃၅ သန်းထုတ်ချေးပေးခဲ့ပြီး ချေးငွေပြန်ဆပ်ရန် သတ်မှတ်ထားသည့် ကာလကျော်သည်အထိ ကြွေးကျန်များရှိနေခြင်းဖြစ်သည်။

"မတ်လကုန်မှာပြန်ဆပ်ရမယ်။ ဧပြီလ ၁၅ ရက်ကျော်ရင်တော့ ဒဏ်တိုးသတ်မှတ်ပြီး စကောက်တယ်။ ခုက နောက်တနှစ်အတွက် ချေးငွေအသစ်ထုတ်ပေးနေပြီ။ အရင်ပြန်ဆပ်ရမယ့် ကာလကျော်ပြီး ကြွေးကျန်နေတာက ကျပ်သန်းပေါင်း ၂ သောင်းကျော် ကျန်သေးတယ်"ဟု ဘဏ်မန်နေဂျာဦးစုက ပြောသည်။

ထို့အပြင် ၂၀၁၄ ခုနှစ် မိုးရာသီချေးငွေနှင့် ၂၀၁၆ ခုနှစ် မိုးရာသီချေးငွေကာလက ထုတ်ချေးထားသည့် တောင်သူ ၈ ဦးကို ချေးငွေပြန်ဆပ်ရန် အကြိမ်ကြိမ်စည်းရုံးတောင်းဆိုသော်လည်း ပြန်လည်ပေးဆပ်ခြင်းမရှိသည့်အတွက် တရားစွဲဆိုရန်ဆောင်ရွက်နေပြီဖြစ်ကြောင်း ဦးစုက ပြောသည်။

ချေးငွေကျန်ရှိနေသည့် တောင်သူများမှာ ၂၀၁၄ ခုနှစ် မိုးရာသီချေးငွေကာလက မြစ်သားမြို့နယ်မှ တောင်သူ ၂ ဦးနှင့် ၂၀၁၆ ခုနှစ် မိုးရာသီချေးငွေကာလက ကျောက်ဆည်မြို့နယ်မှ တောင်သူ ၆ ဦးတို့ဖြစ်ပြီး ကျန်ရှိချေးငွေ စုစုပေါင်း ၅၁ သိန်း ၅ သောင်းကျန်ရှိနေခြင်းဖြစ်သည်။

"အစိုးရငွေဖြစ်တဲ့အတွက် လျှော်လိုက်လို့မရဘူး။ ချေးငွေပြန်ဆပ်ဖို့ အကြိမ်ကြိမ်စည်းရုံးပြီးပြီ။ ပြန်မဆပ်လို့ တရားစွဲဆိုတာဖြစ်တယ်။ အစိုးရငွေဖြစ်လို့ အစိုးရဥပဒေအရာရှိကိုဖြစ်စဉ်ပြော တိုင်ပင်ပြီးတော့ သူတို့ပြောတဲ့ပုဒ်မအတိုင်း တရားစွဲဆိုမှာဖြစ်တယ်"ဟု ဦးစုက ပြောသည်။

လက်ရှိတွင် ၂၀၁၉ ခုနှစ် မိုးရာသီစိုက်စရိတ်ချေးငွေများ ထုတ်ပေးနေပြီး တောင်သူများကို ထုတ်ချေးရန်အတွက် ကနဦးခွင့်ပြုငွေကျပ်သန်း ၁၀၈၆၂၈ ဒသမ ၆၀ ဖြစ်ပြီး မေလ ၁၇ ရက်နေ့ထိ ထုတ်ချေးပေးထားမှုမှာ ကျပ်သန်း ၆၆၀၁ ဒသမ ၈၀ သန်းရှိကြောင်း သိရသည်။

တောင်သူများအား စပါးတဧကလျှင် ၁ သိန်းခွဲ၊ အခြားသီးနှံတဧကလျှင် ၁ သိန်းနှုန်းဖြင့် ထုတ်ချေးပေးနေခြင်းဖြစ်သည်။

၂၀၁၇ ခုနှစ် မိုးရာသီစိုက်စရိတ်ချေးငွေများလည်း ကျန်ရှိနေပြီး ပြန်ဆပ်ရန်ကျန်ငွေ ကျပ် ၁၉၂ ဒသမ ၅၂ သန်းရှိသည်။ မိုးရာသီစိုက်စရိတ်ချေးငွေများကို မတ်လအကုန်တွင် ပြန်ဆပ်ရန် သတ်မှတ်ထားပြီး ဧပြီလ ၁၅ ရက်ကျော်သည့် ချေးငွေများကို မူလအတိုး ၆၇ ပြားမှ ၁ ကျပ်ထိ ဒဏ်တိုးကောက်ခံကြောင်း သိရသည်။

*လင်းထက်(မန္တလေး)*



# မိုးကုတ်မြို့ သက်တမ်းလွန်ကျောက်မျက်လုပ်ကွက်များတွင် ကျောက်မျက်တူးဖော်ခြင်းမလုပ်ရန် လုံခြုံရေးတိုးမြှင့်ချထား

မိုးကုတ်မြို့က သက်တမ်းလွန်ကျောက်မျက်လုပ်ကွက်များတွင် ဒေသခံအင်အားအများအပြားက ဝင်ရောက်ကျောက်တူးနေခြင်းကို ဆက်လက်မပြုလုပ်ရန်စာထုတ်ထားပြီး လုံခြုံရေးအင်အားလည်း တိုးမြှင့်ချထားကြောင်း သိရသည်။

လုံခြုံရေးအင်အားများ ထပ်မံဖြည့်တင်းထားသည့်အတွက် ဒေသခံအင်အားသောင်းဂဏန်းဝန်းကျင်ခန့် ကျောက်တူးဖော်နေရာမှ မေလ ၂၀ ရက်နေ့က စတင်ကာ ကျောက်တူးဖော်ခြင်း၊ ဝင်ရောက်ရှာဖွေခြင်းလုပ်ငန်းများကို ရပ်နားထားကြောင်း ဒေသခံများထံက သိရသည်။

"ဒါက ဥပဒေအတိုင်းဆောင်ရွက်တာပါ။ ကျောက်မျက်တူးဖော်ခွင့်ရှိမှ တူးဖော်ရတာလေ။ ဒေသခံတွေသိအောင် ဆိုင်းဘုတ်ကပ်တာလည်း လုပ်ထားတယ်။ နောက်ပြီးတော့ လက်ရှိက အလတ်စားကူးပြောင်းတဲ့ ကာလဖြစ်နေတယ်။ ကျောက်မျက်တွင်းတွေက အလတ်စားကို ကူးပြောင်းတော့မယ်ဆိုတော့ ဆုံးရှုံးမှုတွေ မရှိအောင် အစိုးရရဲ့အုပ်ချုပ်မှုနဲ့စီစဉ်တာပါ"ဟု မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဦးမျိုးသစ်က ပြောသည်။

ဒေသခံများအနေဖြင့် သက်တမ်းလွန်ကျောက်မျက်ကုမ္ပဏီလုပ်ကွက် ၆ ခုခန့်ကစွန့်ပစ်ထားသည့် ခဲစာပုံများတွင် ဧပြီလကုန်ပိုင်းကစတင်ကာ အင်အားအများအပြားနဲ့ ဝင်ရောက်တူးဖော်နေခြင်းဖြစ်သည်။ လုံခြုံရေးများတိုးမြှင့်ချထားခြင်းမှာလည်း လုပ်ကွက်အများအပြားလွတ်နေသည့်အတွက် အင်အားတိုးမြှင့်ခြင်းဖြစ်ပြီး အရေးယူမှုများလည်း ပြုလုပ်ခြင်းမရှိသေးကြောင်း ဝန်ကြီးကပြောသည်။

"မနေ့ကစပြီး ဒေသခံတွေအကုန်ကျောက်ရှာတာရပ်လိုက်ကြတယ်။ မနေ့က လုံခြုံရေးတွေက လုပ်ကွက်တွေမှာလိုက်ဖမ်းတာရှိတယ်။ ဒါပေမဲ့ ဒေသခံတွေက နားထားတာဖြစ်လို့ ဖမ်းခံလိုက်ရတာမရှိဘူး"ဟု ဘောလုံကြီးကျေးရွာ အုပ်ချုပ်ရေးမှူးဦးစံထွန်းက ပြောသည်။

မိုးကုတ်ဒေသတွင် ကျောက်မျက်တူးဖော်ခြင်းလုပ်ငန်းများကို ဒေသခံများက လုပ်ကိုင်ခွင့်မရသေးဘဲ ကုမ္ပဏီကြီးများကသာလုပ်ဆောင်နေပြီး လတ်တလောတွင် သက်တမ်းလွန်လုပ်ကွက်များကို လုပ်ကိုင်ခွင့်ထပ်မံတိုးမြှင့်ပေးခြင်းမရှိတော့ဘဲ ရပ်နားထားသည်။

*လင်းထက်(မန္တလေး)*


## TRADEMARK CAUTION

SAMSUNG ELECTRONICS CO., LTD. a company incorporated in Republic of Korea at 129, Samsung-ro, Yeongtong-gu, Suwon-si, Gyeonggi-do, Republic of Korea is the Owner and Sole Proprietor of the following Trademarks:-

SAMSUNG — Reg: No. 4/14764/2014

SAMSUNG — Reg : No. 4/14765/2014

In respect of : Int'l Class 09: "Mobile telephones; digital cameras; portable media player; portable computers; wireless headsets for mobile phones, smart phones and tablet computers; rechargeable electric batteries; battery chargers; cases for mobile phones, smart phones and tablet computers; flip covers for mobile phones, smart phone and tablet computers; tablet computers; television receivers; audio electronic components, namely surround sound system; digital set-top boxes; DVD players; light emitting diode displays; monitors, namely, computer, television, video, and touchscreen monitors; 3D eye glasses; computers; printers for computers; semiconductors; wearable computer peripherals; wearable peripherals for computers, cellphones, and mobile data receivers; wearable computers; wearable mobile phones; smartphones in the shape of a watch; mobile devices in the shape of watchband; memory card"

Any fraudulent imitation, passing off or unauthorized use or other infringements of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myintip@mipadvocate.com
myint.advocate@mptmail.net.mm
www.mipadvocate.com

U MYINT LWIN LAW OFFICE
No. 48/50, 1st Floor, 36th Street
Kyauktada Township, Yangon,
Myanmar., P.O.Box : 1126
PH : 95 1 373 344, 95 1 372 209
Fax : 95 1 371 990

25 May 2019


www.free4readers.com

www.free4readers.com

News Watch
WEEKLY
စောင့်ကြည့် သတင်းဂျာနယ်
အတွဲ (၁၄)၊ အမှတ် (၁၀) ၂၅-၅-၂၀၁၉ (စနေ)

## (ခ) လိုင်စင် ဖြေဆိုသူများအနက် ၄၅ ရာခိုင်နှုန်းသာ အောင်မြင်

ရန်ကုန်တိုင်းဒေသကြီးရှိ ရွာသာကြီး ကညနတွင် (ခ) ယာဉ်မောင်းလိုင်စင်ဖြေဆိုသူ တရက် ၅၀၀ ခန့်ရှိပြီး အောင်မြင်သူမှာ ပျမ်းမျှ ၄၅ ရာခိုင်နှုန်းသာရှိကြောင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (ရွာသာကြီး)ထံမှ သိရသည်။

''ခ ယာဉ်မောင်းလိုင်စင်အတွက် လက်တွေ့စစ်ဆေးရာမှာ မော်တော်ယာဉ် ဥပဒေလိုက်နာမှု ရှိ/ မရှိ စစ်ဆေးမှုတွေနဲ့ ဆိုက်ကပ်စစ်ဆေးမှုတွေ ဖြေဆိုရပါတယ်။ ယာဉ်မောင်းသင်တန်းကျောင်း အောင်လက်မှတ်ရှိလို့ လာဖြေတဲ့သူတွေများပေမဲ့ လက်တွေ့မှာကျတာတွေ ရှိပါတယ်။ ကျွန်တော်တို့ဆီမှာတော့ (ခ)လိုင်စင်ဖြေဆိုသူဦးရေ တရက်ကို ၅၀၀ ဝန်းကျင်ရှိပြီး အောင်မြင်သူက ၄၅ ရာခိုင်နှုန်းလောက်ပဲရှိတယ်''ဟု (ရွာသာကြီး)ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတဦးက ဆိုသည်။

ယင်းသို့ လက်တွေ့ဖြေဆိုရာတွင် တရက်ကို (ခ) လိုင်စင်ဖြေဆိုအောင်မြင်သူ ၄၅ ရာခိုင်နှုန်း၊ (ဃ) လိုင်စင်ဖြေဆို အောင်မြင်သူ ၇၀ ရာခိုင်နှုန်း၊ (င) လိုင်စင်ဖြေဆို အောင်မြင်သူ ၁၅ ရာခိုင်နှုန်းရှိပြီး (ခ) လိုင်စင်ဖြေဆိုသူများမှ မိမိ၏ကိုယ်ပိုင်ကားနှင့် ဖြေဆိုနိုင်သကဲ့သို့ ကညနမှယာဉ်များဖြင့်လည်း ဖြေဆိုနိုင်ပြီး (ဃ)လိုင်စင်နှင့် (င)လိုင်စင်ဖြေဆိုသူများမှ ကညနမှ သတ်မှတ်ထားသည့် ကားများနှင့်သာ ဖြေဆိုရမည်ဖြစ်ကြောင်း အဆိုပါဌာနမှ သိရသည်။

စာ (၂၃) သို့

# အတုကို အစစ်နီးပါး သဘာဝကျကျလုပအောင် ဖန်တီးသူ မြန်မာပြည်၏ တစ်ဦးတည်းသော မျက်လုံးအတုပညာရှင် ဆရာကြီးဦးမြင့်ဆွေ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မိုးကောင်းလမ်းမထိပ်တွင် နွေးထွေးဂေဟာဆိုသည့် ဆေးခန်းဆန်ဆန် ဂေဟာလေးရှိသည်။ ယင်းဂေဟာလေးကို မြန်မာနိုင်ငံ၏ နာမည်ကျော် မျက်လုံးအတုပညာရှင် ဆရာကြီးဦးမြင့်ဆွေ (မျက်လုံးအတု) က ဖွင့်လှစ်တည်ထောင်ထားခြင်းဖြစ်သည်။

နွေးထွေးဂေဟာသို့ မျက်လုံးအတုပြုလုပ်ရန် လာရောက်ကြသူများတွင် ဘုန်းကြီးရဟန်းများ၊ မယ်သီလရှင်များ၊ ကလေးသူငယ်ကျောင်းသား၊ ကျောင်းသူများ၊ လူငယ်လူရွယ်များ၊ သက်ကြီးရွယ်အိုများ စသည်ဖြင့် မြန်မာပြည်အနယ်နယ်အရပ်ရပ်မှ အလွှာစုံ၊အသက်အရွယ်ပေါင်းစုံ ပါဝင်ကြသည်။

''ဆရာကတော့ လူနာတွေကို ဘယ်လိုသဘောထားလဲ၊ ဘယ်လိုဆက်ဆံလဲဆိုရင် ကျေးဇူးရှင်လို့ သဘောထားတယ်။ ကျေးဇူးရှင်တွေလို ဆက်ဆံတယ်။ ဆရာတတ်တဲ့ပညာနဲ့ သူတို့ကိုအစွမ်းကုန်ဝန်ဆောင်မှုပေးတယ်''ဟု ဆရာကြီးဦးမြင့်ဆွေက ပြောသည်။

နွေးထွေးဂေဟာသည် လာရောက်ပြသသူများအတွက် တုံကင်စနစ်မသုံးဘဲ အရင်ရောက်သူကို အရင်ဆောင်ရွက်ပေးခြင်းဖြစ်သည်။ မျက်လုံးအတုပြုလုပ်ရန် စမ်းသပ်သည့်ရက်မှ တပ်ဆင်ပြီးသည့်အချိန်အထိ ၅ ရက်ခန့်ကြာမြင့်သည်။ မျက်လုံးအတုတလုံးလျှင် ကုန်ကျစရိတ် ၂ သိန်းခွဲရှိသည်။

''ကျွန်တော့်ကိုယ် ကျွန်တော် ဘာလို့ မြန်မာပြည်မှာတဦးတည်း မျက်လုံးအတုပညာရှင်လို့ပြောရလဲဆိုရင် ဒီပညာနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံမှာဘွဲ့ရရှိတာ ကျွန်တော်တယောက်တည်းရှိလို့ပါ။ တခြားသူတွေလည်း မျက်လုံးအတုလုပ်တာရှိပေမဲ့ နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်က ကျွန်တော်တယောက်တည်းပဲရှိပါတယ်။ ကျွန်တော့်ဆီက ငွေကြေးနဲ့ဆိုပေမဲ့ တချို့ငွေကြေး အမှန်တကယ်ချို့တဲ့ တဲ့သူတွေ၊ နိုင်ငံတော်အတွက် မျက်စိစွန့်လွှတ်ရတဲ့သူတွေကိုလည်း ပရဟိတအနေနဲ့ အခမဲ့တပ်ပေးတာတွေလည်း ရှိပါတယ်''ဟု ဆရာကြီးဦးမြင့်ဆွေကဆိုသည်။

ဆရာကြီးဦးမြင့်ဆွေကို တောင်သာမြို့တွင် အဖရွှေပန်းထိမ်ဆရာကြီးဦးသာလှိုင်၊ အမိဒေါ်နန်းရင်တို့မှ ၁၉၄၄ ခုနှစ်တွင်မွေးဖွားခဲ့ပြီး မောင်နှမ ၈ ယောက်တွင် အကြီးဆုံးသားဖြစ်သည်။ ၁၉၆၅ ခုနှစ်တွင် မန္တလေးတက္ကသိုလ် သိပ္ပံနောက်ဆုံးနှစ်မှကျောင်းထွက်ပြီး မိဘအလုပ်အကိုင်ကို ဝင်ရောက်လုပ်ကိုင်ပေးရင်း သွားကောလိပ်(ထိုစဉ်က) လက်အောက်ရှိ ကိုလံဘိုစီမံကိန်းအစီအစဉ်ဖြင့်ဖွင့်လှစ်သည့် School of Dental Technology ၃ နှစ်သင်တန်းတက်ရောက်ခဲ့သည်။ ၁၉၇၆ တွင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ရှိ Oueen Marys Hospital တွင် Maxillo-Facial ဘာသာရပ်ကို ဆက်လက်သင်ကြားခဲ့ပြီး ဗြိတိန်အစိုးရပေးအပ်သည့် ADVANCED DENTAL TECHNOLOGY လက်မှတ်အပြင် INST TTUE OF MAXILLO-FACIAL TECHNOLOGY ကို ထူးချွန်စွာအောင်မြင်ခဲ့သည့် စာတမ်းပါ HONORARY MEM BERSHIP ဘွဲ့လက်မှတ်ကို ချီးမြှင့်ခြင်းခံခဲ့ရသည်။

ဦးမြင့်ဆွေသည် ၁၉၇၄ တွင် နည်းပြဆရာအဖြစ်စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် ညာဘက်တခြမ်း လေဖြတ်ခဲ့သည့်အတွက် ၂၀၁၄ တွင် သွားတုသင်တန်းကျောင်းမှ သက်ပြည့်ပင်စင်ယူခဲ့သည်။ ယခုအခါ သားဖြစ်သူအား ပညာအမွေပေး၍ လုပ်ငန်းကိစ္စအဝဝကို လွှဲအပ်ခဲ့သော်လည်း အကြံဉာဏ်များကို အနီးကပ်ပေးလျက်ရှိသည်။

သူတာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ဗိုလ်ချုပ်ကြီးနေဝင်း၊ ဗိုလ်ချုပ်ကြီးစန်းယု၊ ဦးစိန်လွင်၊ ဗိုလ်ချုပ်မှူးကြီးစောမောင်၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေတို့၏ သွားအတုများကို လုပ်ပေးခဲ့ရပြီး ဗိုလ်ချုပ်ကြီးသူရကျော်ထင်၊ ဗိုလ်မှူးချုပ်တင်ဦး (မျက်မှန်ကြီး)တို့၏ မိသားစုဝင်များအတွက် သွားအတုများကိုလည်း ဆရာဝန်များနှင့်ပူးပေါင်း၍ ပြုလုပ်ပေးခဲ့ဖူးကြောင်း သိရသည်။

''ဆရာကြီးက မျက်စိအတုတင် မကဘူး၊ အတုပြုလုပ်တဲ့ပညာရပ်ဆိုတော့ နားရွက်ပါမယ်၊ နှာခေါင်းပါမယ်၊ မေးစေ့ပါမယ်။ ခန္ဓာကိုယ် အစိတ်အပိုင်းမှာဆိုရင်တော့ လက်ချောင်းတွေပါမယ်၊ ခြေချောင်းတွေပါမယ်။ အဲဒါတွေ အကုန် အတုလုပ်တာပေါ့''ဟု ဆရာကြီးဦးမြင့်ဆွေ၏ သားဖြစ်သူက ပြောသည်။



မျက်လုံးအတုလုပ်ရာတွင် အဆိုးဆုံးမှာ ကင်ဆာဖြင့် မျက်လုံးပျက်စီးခဲ့ရသူများဖြစ်သည်။ ကလေးငယ်များ၏ မျက်စိတဖက်တွင် ငါးမျက်စိကဲ့သို့ ဖြစ်နေပါက ယေဘုယျအားဖြင့် ကင်ဆာဟုသတ်မှတ်ကာ ခတ်ကင်ကြသည်။ ယင်းဒဏ်ကြောင့် ကြီးလာသည့်အခါ ခတ်မကင်သောဘက်ရှိ မျက်နှာမှာ ကြီးသွားပြီး တဖက်နှင့်တဖက် အရွယ်အစားမတူတာမျိုး ကြုံတွေ့ရပြီး မျက်စိအတုတပ်ဆင်ပြီးနောက် မိမိကိုယ်ကိုယ် ယုံကြည်မှုရရှိကြောင်း ၎င်းတို့ထံမှ ပြန်ကြားရသည့်အခါများတွင် လွန်စွာပီတိဖြစ်ရကြောင်း ဆရာကြီးဦးမြင့်ဆွေက ၎င်း၏အတွေ့အကြုံကို ပြောပြသည်။

ဆရာကြီးဦးမြင့်ဆွေသည် မိမိပညာအတွက် ဂုဏ်ယူသည်။ အထူးသဖြင့် မိမိ၏ပညာအစွမ်းဖြင့် ဘဝတွင်ကိုယ်အင်္ဂါချို့ယွင်းမှုကြောင့် အားငယ်စိတ်ပျက်နေသူများအား ကူညီခွင့်ရခြင်းကြောင့်လည်း ဝမ်းသာပီတိဖြစ်ရသည်။ ကုသိုလ်လည်းရ ဝမ်းလည်းဝသည့်အလုပ်ဖြစ်ခြင်းကြောင့် ကျေနပ်အားရသည်ဟု ဆိုသည်။

မျက်လုံးအတုပြုလုပ်ချင်သူများသည် ဆေးရုံများမှ လမ်းညွှန်သောကြောင့်လည်းကောင်း၊ လူနာအချင်းချင်း သတင်းပေးသောကြောင့်လည်းကောင်း၊ လူမှုကွန်ရက်တွင် တွေ့ရှိခြင်းကြောင့်လည်းကောင်း ရောက်ရှိလာကြသည်။ တနင်္လာမှ သောကြာနေ့အထိ မျက်လုံးအတုပြုလုပ်သူ ၁၀ ဦးဝန်းကျင်ခန့် ပုံမှန်ရှိသော်လည်း စနေ၊ တနင်္ဂနွေရုံးပိတ်ရက်များတွင် ပိုမိုလာရောက်ကြသည်။ မျက်လုံးအတု ပြုလုပ်ချင်သူများအနေဖြင့် ရန်ကင်းမြို့နယ်၊ မိုးကောင်းလမ်း၊ နွေးထွေးဂေဟာ ဖုန်း ၀၉-၅၁၇၁၄၆၃ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**သားချမ်းမြတ်**

''ကျွန်တော့်ကိုယ် ကျွန်တော်
ဘာလို့ မြန်မာပြည်မှာ
တဦးတည်း မျက်စိအတု
ပညာရှင်လို့ ပြောရလဲဆိုရင်
ဒီပညာနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံမှာ
ဘွဲ့ရရှိတာ ကျွန်တော်
တယောက်တည်း ရှိလို့ပါ။
တခြားသူတွေလည်း
မျက်လုံးအတု လုပ်တာရှိပေမဲ့
နိုင်ငံတကာအသိအမှတ်ပြု
လက်မှတ်က ကျွန်တော်
တယောက်တည်းပဲ ရှိပါတယ်...''



www.free4readers.com

# ငါတို့ဘာကြောင့် မလုပ်နိုင်ရတာပါလိမ့်

သရဝဏ်(ပြည်)

တိုးတက်ပြီးနိုင်ငံများ၊ တိုးတက်နေသောနိုင်ငံများသို့ အလည်ရောက်သောအခါ သူတို့နိုင်ငံတွေက ကောင်းရာကောင်းကွက်တွေကို မျက်ဝါးထင်ထင်မြင်ရသောအခါ ငါတို့နိုင်ငံမှာလည်း ဘာကြောင့် အဲဒီလို မလုပ်နိုင်ရတာလဲဟု မကြာခဏ မချင့်မရဲဖြစ်မိသည်။ အချို့ကိစ္စများသည် ခက်ခဲသောနည်းပညာကိစ္စရပ်များ ပါလာသဖြင့် မလုပ်နိုင်သေးသည်ကို လက်ခံသည်။ အချိန်ယူရမည်ကို နားလည်သည်။ သို့သော်အချို့သော ကိစ္စများသည် ထူးထူးခြားခြားနည်းပညာဟူ၍လည်း မပါ။ လုပ်ချင်စိတ်နှင့် စီမံခန့်ခွဲမှုသာ ကောင်းလျှင်လုပ်နိုင်သည်။ ထိုကိစ္စများကို တွေ့ရမြင်ရသောအခါ ငါတို့နိုင်ငံမှာလည်း ဘာကြောင့် မလုပ်နိုင်ရတာလဲဟု မိမိဘာသာပင် အထပ်ထပ်မေးခွန်းမေးမိပါသည်။ မလုပ်ချင်၍လား၊ မလုပ်တတ်၍လား၊ လုပ်ရကောင်းမှန်းမသိလို့လား တခုခုတော့ ဖြစ်ပေလိမ့်မည်။

**ခရီးသွားလုပ်ငန်း**

ထိုင်းနိုင်ငံတွင် ကျောက်ဖရားမြစ်ဆိုသည်ရှိ၏။ ထိုမြစ်သည် မြန်မာနိုင်ငံမှ ဧရာဝတီမြစ်၊ ရန်ကုန်မြစ်တို့ကိုမီဖို့အသာထား ပုဇွန်တောင်ချောင်းအကျယ်သာသာလောက်ပင်ရှိသည်။ ထိုမြစ်ထဲတွင် တိုးရစ်များကို အစုန်အဆန်တင်ဆောင်ပြေးဆွဲနေသော မော်တော်များရှိသည်။ အလံအပြာ၊ အလံအဝါ၊ အလံအနီ စသည်ဖြင့် အလံအရောင်များခွဲခြားထားကာ သင်္ဘောကုမ္ပဏီအမျိုးမျိုးက ခရီးသည်များကို တင်ဆောင်ကာ အစုန်အဆန်ပြေးဆွဲနေသည်။ သင်္ဘောစီးခမှာလည်း ဈေးမကြီး။ အများတတ်နိုင်သောနှုန်းထားဖြင့် ပြေးဆွဲပေးသည်။ မြန်မာနိုင်ငံတွင် ရန်ကုန်မြစ်ကြီးရှိရာ ထိုမြစ်ထဲတွင်ပြေးဆွဲနေသော အပျော်စီးသင်္ဘောမှာ တစီးနှစ်စီးပဲရှိသည်။ သူတို့ဆီတွင်တော့ သင်္ဘောကုမ္ပဏီများစွာက သာမန်အစုန်အဆန်ပြေးဆွဲသည်ကတမျိုး၊ Dinner Cruise ခေါ် ညစာစားရင်း မြစ်ကြောင်းတလျှောက် အပျော်သဘော သင်္ဘောခုတ်မောင်းရင်း ဖိမ်ခံကြသည့်သင်္ဘောကတဖုံ အမျိုးမျိုးစုံလင်လှသည်။ **သူတို့ဆီတွင် ခရီးသွားလုပ်ငန်းထွန်းကားသဖြင့် တိုးရစ်များ သန်း ၂၀ ကျော်လာသောကြောင့် ထိုသို့ လုပ်နိုင်သည်ဆိုသည်ကားမှန်၏။ သို့သော် တိုးရစ် ၂၃ သန်း၊ ၂၄ သန်းသည် သူ့အလိုလို ရောက်လာခြင်းမဟုတ်။ တနှစ်ပြီးတနှစ် လာချင့်စဖွယ်ဖြစ်အောင် အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများ၊ ခရီးသွားလုပ်ငန်းရှင်များ၊ အာဏာပိုင်များအားလုံး ဝိုင်းဝန်းကြိုးပမ်းကြသောကြောင့်သာလျှင် ထိုသို့တိုးတက်လာခဲ့ခြင်းဖြစ်သည်။**

ခရီးသွားလုပ်ငန်းတွင် ထိုင်းကို ကျွန်တော်တို့ အတုယူသင့်ပါ၏။ ကျောက်ဖရားမြစ်ကမ်းတွင် Asiatique (အေးရှားတစ်)ဟုခေါ်သော ဆိပ်ကမ်းတခုရှိ၏။ ယခင်က ကုန်တင်ကုန်ချဆိပ်ကမ်းတခုသာဖြစ်သည်။ ကုန်ထမ်းနေသော ကူလီအရုပ်များကိုပင်ပြသထား၏။ နောက်တော့ ညဘက်ပြည်သူလူထုအပန်းဖြေစရာနေရာတခုအဖြစ် ပြောင်းလဲပေးခဲ့သည်။ ဆိပ်ကမ်းကို နေချင့်စဖွယ်ဖြစ်အောင်လုပ်လိုက်ပြီး ညဈေးတခုကိုလည်း ထိုဆိပ်ကမ်းမှာ ထားပေးသည်။ မီးကို ထိန်နေအောင်ထွန်းထား၏။ လူတွေလာလည်ချင်အောင် ညဈေးသာမက ထိုင်းရိုးရာမွေထိုင်းလက်ဝှေ့ပွဲကို ညတိုင်းကျင်းပပေးသည့် ဈေးဝယ်စင်တာ(Mall)ကြီးတခုပါ ထည့်သွင်းပေးသည်။ ကလေးတွေပျော်အောင် ရဟတ်အကြီးကြီးတခုနှင့် ချားများကိုလည်း ထားပေးသည်။ KFC စသော ဆိုင်များလည်းရှိသည်။ ထိုင်းရိုးရာအနှိပ်ခန်း (Thai Massage)တွေလည်း ဖွင့်ရင်ရှိ၏။ လူကြီးတွေအတွက် ဘီယာဆိုင်၊ စားသောက်ဆိုင်၊ အကင်ဆိုင်၊ လဟာပြင်ဈေးတန်း၊ Indoor ဈေးတန်းများ ထားပေးသည်။ စားသောက်ဆိုင်တဆိုင်မှာ Live Music Band ပင် ပါလိုက်သေးသည်။ မြစ်ကမ်းဘေးတွင် တဖက်ကမ်းတွင်ရှိသဖြင့် လူတွေလာနိုင်ရန် မြစ်၏တဖက်ကမ်းတွင်ရှိသော ဆပန်သက်ဆင် ကောင်းကင်ရထားဘူတာရုံမှ ထိုအေးရှား တစ်ဆိပ်ကမ်းကို ခေါက်တုံ့ခေါက်ပြန် အခမဲ့ဖယ်ရီမော်တော်ဆွဲပေးသည်။ အခမဲ့ဆွဲပေးသော မော်တော်သည် ၁၀ မိနစ်လျှင် တစီးခန့် မှန်မှန်ထွက်ခွာ၊ ဆိုက်ရောက်နေသည်။ ထို့ကြောင့် အိမ်ပြန်နောက်ကျမှာ ပူစရာမလို၊ ဆိပ်ကမ်းသို့ အလွယ်လေးလာနိုင်သည်။ အလွယ်လေးပြန်နိုင်သည်။ ထို့ကြောင့် အေးရှားတစ်ဆိပ်ကမ်းမှာ ညစဉ် တိုးရစ်များ၊ ဒေသခံထိုင်းများဖြင့် အလွန်စည်ကားလှသည်။ ကျွန်တော်တို့ဆီတွင် ဧရာဝတီမြစ်ကြီးရှိသည်။ ကျွန်တော်တို့ဆီတွင် ရန်ကုန်မြစ်ကြီးရှိသည်။ သို့သော် ကျွန်တော်တို့သည် ထိုမြစ်ကြီးကိုအသုံးမချတတ် ကမ်းနားဈေး(ညဈေး) ကောင်းကောင်းကမ်းကမ်းသည် ပုဂံမှာလည်းမရှိ၊ မန္တလေးမှာလည်းမရှိ။ ရန်ကုန်မှာလည်းမရှိ (လုပ်တော့မည်ဟုတော့ လေသံကြားသည်)။ တကယ်ဆိုလျှင် စီးပွားရေးမြို့တော်ရန်ကုန်တွင် ဗိုလ်တထောင်ဆိပ်ကမ်း၊ လမ်းမတော်ဆိပ်ကမ်း၊ ဝါးတန်းဆိပ်ကမ်း၊ စဉ့်အိုးတန်းဆိပ်ကမ်း၊ ကြည့်မြင်တိုင်ဆိပ်ကမ်း စသည်ဖြင့် နေရာကောင်းများစွာရှိသည်။

သို့သော် ကျွန်တော်တို့အသုံးမချတတ်ကြ။ ဈေးတခုရေရှည်တည်တံ့စေရန်၊ စည်ကားစေရန် သက်ဆိုင်ရာက မလုပ်တတ်ကြ။ နှစ်ပေါင်းများစွာကရှိလာခဲ့သော ကြည့်မြင်တိုင်ညဈေးသည်ပင်လျှင် ဘာမှထူးခြားတိုးတက်မှုရှိမလာ။ ဖုတ်လိုက်ဖုတ်လိုက်နှင့် ပြုတ်မယ့်နေ့ကို ထိုင်စောင့်နေသလိုရှိသည်။ ကြည့်မြင်တိုင်ညဈေးကို လူတွေလာအောင် ဘယ်လိုဘတ်စကားတွေ အခမဲ့ဆွဲပေးမှာလဲ။ ဘယ်လိုသင်္ဘောတွေ အခမဲ့ဆွဲပေးမှာလဲ၊ ဘယ်လိုကားရပ်နားကွင်းတွေ စီစဉ်ပေးမှာလဲ၊ ဘယ်လိုပရိုမိုးရှင်းတွေလုပ်ကြမှာလဲ။ တရုတ်တန်းဈေးကို လူတွေပိုပြီးလာအောင် ဘယ်လိုဗျူဟာတွေ ကျင့်သုံးကြမလဲ။ ဗိုလ်ချုပ်ဈေးကို လူတွေလာစေရန် ဘယ်လိုလှုံ့ဆော်ကြမလဲ၊ ညနေ ၅ နာရီ ဈေးပိတ်မည့်အစား ၇ နာရီလောက်အထိ ရောင်းကြမလား။ ကားပါကင်တွေ ဘယ်လိုအဆင်ပြေစေမလဲ။ ဈေးအတွင်းက စားသောက်ဆိုင်တန်းတွေနေရာတွင် ခေတ်မီသန့်ရှင်းသော Food court တွေနဲ့ ဘယ်လိုအစားထိုးမလဲ စတာတွေကို ကျွန်တော်တို့ စဉ်းစားလေ့မရှိ။ ကျွန်တော်တို့ ဘာလို့မလုပ်နိုင်ကြတာလဲတော့မသိ။ အားလုံးသည် ယခင်က နှစ် ၂၀ နှစ် ၃၀ လောက်ကအတိုင်း လျော့ကြီးထိုးရိုးရိုးကြီးသာ။ ဒါတွေအားလုံးသည် ခရီးသွားလာရေးဝန်ကြီးတွင် တာဝန်ရှိသလို၊ မြို့တော်ဝန်တွေမှာလည်း တာဝန်ရှိသည်။ ဝန်ကြီးချုပ်မှာလည်း တာဝန်ရှိသည်။ ထိုင်းကဈေးတွေမှာ ကားရပ်ဖို့အတွက် အားလုံးအဆင်ပြေအောင်လုပ်ပေးသည့်အချိန်၊ လူသွားလူလာများ လမ်းဖြတ်ကူးရလွယ်အောင် ဝန်ထမ်းများထား၍ လမ်းကို အလံနှင့် ပိတ်ပေးသည့်အချိန်တွင် မြန်မာပြည်၏ ထိတ်ထိတ်ကြဲ ဗိုလ်ချုပ်အောင်ဆန်းဈေးမှာ ကားတခါရပ်ဖို့ အသည်းအသန်နေရာရှာနေရဆဲ။ တိုးရစ်များစွာကို တင်ဆောင်လာသော Tour Bus များကို ဈေးရှေ့တွင်မရပ်ရန် မောင်းထုတ်မြဲ။ ကားဆရာများမှာ ဈေးသို့ညွှန်သည်လာပို့တာကိုတောင် ခွေးနေရာမရသလို ရန်ကုန်ဆေးရုံကြီးရှေ့၊ သရက်တောကျောင်းတိုက်ရှေ့သို့ အဝေးကြီးသွားပြီးရပ်နေရဆဲ။ အခမဲ့ပို့ဆောင်ရေးယာဉ်တွေလုပ်ပေးဖို့မှုကား ဝေလာဝေး။ သူများတွေလို အဆင်ပြေအောင် ကျွန်တော်တို့ ဘာကြောင့် မလုပ်နိုင်ကြတာလဲ။ ကိုယ့်ဘက်ကညံ့သဖြင့် ရလဒ်ကကွာသည်။ ထိုင်းသို့လာသည့် ဧည့်သည် တနှစ်လျှင် ၂၄ သန်း။ မြန်မာသို့လာသည့်ဧည့်သည် ၃ သန်းပင်မရှိတရှိ။ ဒါကို အောင်မြင်ပါသည်၊ တိုးတက်နေပါသည်ဟု အရှက်မရှိပြောရဲသူများကလည်း ရှိသေးသည်။



"ကျွန်တော်တို့ ဘာကြောင့် မလင်းနိုင်သနည်း။ အစိုးရဘက်က ရဲရဲတင်းတင်းဆောင်ရွက်ဖို့ လိုမည်ဖြစ်သလို၊ ပြည်သူလူထုကလည်း ရေအားဆိုလည်း ကန့်ကွက်၊ ကျောက်မီးသွေးဆိုလည်းကန့်ကွက် အရာရာကန့်လန့်တိုက်နေခြင်း၊ ဈေးနှုန်းသတ်မှတ်ချက်ကို ဆန့်ကျင်ကန့်ကွက်ခြင်းတို့ မလုပ်ဖို့ လိုမည်ဖြစ်သည်။ ဘာပဲဖြစ်ဖြစ် သူများနိုင်ငံတွေ မီးမှန်မှန်လာနေပြီ။ ကျွန်တော်တို့ ဘာလို့မလုပ်နိုင်ကြသလဲဆိုတာတော့ စဉ်းစားအဖြေရှာသင့်ပါပြီ . . ."

**လျှပ်စစ်မီး**

စင်ကာပူတို့၊ ထိုင်းတို့၊ မလေးရှားတို့ စသည့် အာဆီယံနိုင်ငံများ၊ အိမ်နီးချင်းတရုတ်၊ အိန္ဒိယနိုင်ငံများသည် လျှပ်စစ်သုံးစွဲနိုင်စွမ်းတွင် မြန်မာကိုအပြတ်အသတ်ကျော်လွန်သွားခဲ့ပြီ။ မီးပျက်သည်။ မီးဖြတ်သည်ဆိုသော စကားများကို ထိုနိုင်ငံများတွင် မကြားရတော့ပြီ။ ကျွန်တော်တို့ ဘာကြောင့်မလုပ်နိုင်ကြသလဲ။ ထိုင်းသည် မြန်မာမှတင်ပို့သော သဘာဝဓာတ်ငွေ့များဖြင့် မီးထိန်ထိန်လင်းသည်။ မူလအစဖြစ်သော မြန်မာပြည်ကတော့ ခေတ်အဆက်ဆက် အမှောင်ကျနေသည်။ ကျွန်တော်တို့ ဘာမှားနေကြသလဲ။ ဘာကြောင့်မလုပ်နိုင်ကြတာလဲ။ ဆိုရှယ်လစ်ခေတ်က အတွေးအခေါ်များ လွှမ်းမိုးနေခြင်းက တစိတ်တပိုင်းပါမည်။ ဆိုရှယ်လစ်ခေတ်တွင် ရေတွေ၊ မီးတွေကို နိုင်ငံတော်က အလွန်သက်သာသောနှုန်းဖြင့် အရှုံးခံ၍ပေးသည်။

စာ (၈) သို့

www.free4readers.com



# ခွကျကျ ရွှေမြန်မာများနှင့် ပျော့ကွက် ဟာကွက် ဗရပွ စီမံအုပ်ချုပ်ရေး

ခင်နှင်းဦး

"လက်ရှိအစိုးရအနေဖြင့် ယခင်အစိုးရထံမှ လျှပ်စစ်ဝန်ကြီးဌာနကို လွှဲယူရစဉ်ကတည်းက လျှပ်စစ်ထုတ်လုပ်ရေးနှင့် ဖြန့်ချိရေးများကို ပုဂ္ဂလိကလက်သို့ မည်သို့မည်ပုံ ရောင်းစားသွား၍ မည်သည့်အခက်အခဲများ ဆက်လက်ကြုံတွေ့ရမည်သာဖြစ်ကြောင်း လက်လွှဲယူလိုက်ရသည့် အကျဉ်းအကျပ်များအား လူထုကို ရှင်းပြခြင်းမရှိခဲ့။ လျှပ်စစ်ကိုတရားမဝင်ဖြတ်ယူ သုံးစွဲနေမှုများကိုလည်း ဖော်ထုတ်အရေးယူခြင်း မရှိ . . ."

အာဏာရှင်တော်ခွကျသည့် လူမျိုးများထဲတွင် မြန်မာ ရှေ့ဆုံးမှပါမည်ဟုထင်ပါသည်။ သာမန်မြန်မာပြည်သူတို့သည် ပညာနည်းပါးကြ၏။ စာအဖတ်အရှုလည်း ကျဆင်းနေပြီး တံခါးပိတ်ဝါဒနှင့် အာဏာရှင်အပေါ် အကြောက်တရားဖြင့် နေခဲ့ရသည့်ကာလကလည်း ရှည်ကြာခဲ့ပါသည်။ သို့ဖြင့် နှစ်ရှည်ကြာစွာတပါးလူမျိုး တပါးတိုင်းပြည် ဘာဖြစ်နေသနည်း။ သိမြင်မှုနည်းပါးလာကြသည်။ ကိုယ့်တိုင်းပြည် ကွက်ကွက်လေးထဲတွင် နေထိုင်အသားကျရင်း စွဲကိုင်ထားသည့် ယုံကြည်မှုတခု၊ အသိတခုကို အသေကိုင်ထားကြသူများ ပြားလှပါသည်။ ဟိုဘက် သည်ဘက် တဘက်ဘက်ကို မဖြစ်မနေလက်လွှတ်ရမည့် အနေအထားဖြစ်လာလျှင် ဦးစားပေးရွေးချယ်မှု မှားတတ်ကြပါသည်။ ပြည်သူအများစု ဤသို့ဖြစ်နေသည်ကိုနားလည်ရန် အစိုးရတွင် တာဝန်အပြည့်အဝရှိပါသည်။ ထို့မှတဆင့် ပြည်သူလူထုကို ပညာပေးဆွေးနွေးခြင်း ပထမ၊ လုပ်သင့်လုပ်ထိုက်သည်ကိုလုပ်ခြင်း ဒုတိယအဖြစ် တဆင့်ပြီးတဆင့် စနစ်တကျကိုင်တွယ်အုပ်ချုပ်ရန် အစိုးရ၏တာဝန်သာဖြစ်ပါသည်။

အင်န်အယ်လ်ဒီအစိုးရသည် နေရာအတော်များများတွင် လူထုကို လုံလောက်သည့်လေ့ကျင့်ပညာပေးမှု ဆွေးနွေးမှုမရှိဘဲ လုပ်ငန်းတခုကိုစတင်လိုက်သည်။ ပြည်သူနောက်ကပါမလာဘဲ ကန့်ကွက်လျှင် ရပ်လိုက်သည်။ ကန့်ကွက်ခြင်းအကြောင်းရင်းကိုရှာလျက် ကန့်ကွက်သူများနှင့် ဒူးတိုက်ဆွေးနွေးမှုပြုလုပ်ခြင်းလည်း နည်းပါးလှပါသည်။ ကိစ္စအတော်များများ၌ ကန့်ကွက်နေသူများနောက်တွင် ကြိုးကိုင်နေသူများရှိကြောင်း အစိုးရသိသည်။ သို့သော် ထိုကြိုးကိုင်သူများအား ဖော်ထုတ်ခြင်းမရှိသကဲ့သို့ လူထုကိုအသိပေးချပြမှုလည်း မရှိပေ။ သို့ဖြင့် တချို့ကိစ္စများတွင် ပြည်သူနှင့် အစိုးရကြား နားလည်မှု ပျက်ပြားလာပါသည်။ အစိုးရဘက်မှ တာဝန်ရှိသူတချို့၏ လေကျယ်ကျယ်အပြောနောက် လက်တွေ့အလုပ်ပါမလာသည့်အခါ ပြည်သူက အုပ်ချုပ်တာဝန်ယူနေသူတို့အပေါ် ယုံကြည်မှုနည်းပါးလာပါသည်။ ရုံဖန်ရံခါ တွန့်ဆုတ်ဆုတ်အစိုးရ၊ မရွံ့မရဲဖြစ်နေသည့်အစိုးရအဖြစ် လူထုက မှတ်ချက်ချရှုမြင်လာကြပါသည်။

လတ်တလောပွဲဆူနေသည့် ပြဿနာများအနက် ပထမဆုံးပြောလိုသည်က တိချစ်သူများ (တိရစ္ဆာန်ချစ်သူများ)က ပေးနေသည့်ပြဿနာ။ ခွေးချစ်၍ ကြောင်ချစ်၍ မိမိအိမ်တွင် စနစ်တကျခွေးကြောင်မွေးနေသူများကို ဘာမျှပြောရန်မရှိပါ။ ရပ်ကွက်တိုင်းတွင်ရှိနေသည့် ခွေးလေခွေးလွင့်များ (ပိုင်ရှင်မဲ့ခွေးများ)အရေးကား ပြောစရာများပြားလာပါသည်။ ရပ်ကွက်တိုင်းတွင် ခွေးလေခွေးလွင့်များရှိနေခဲ့သည်မှာ ကြာခဲ့ပြီ။ အထူးသဖြင့် လက်လုပ်လက်စားရပ်ကွက်များ ကျေးရွာများတွင် ခွေးလေခွေးလွင့်များပိုမိုများပြားပါသည်။ ယခင်က ခွေးလေခွေးလွင့်များကို စည်ပင်ကညဘက်၌ အဆိပ်ပါသောအသားတုံးများကျွေးပြီး ရှင်းလင်းခဲ့ဖူးပါသည်။ ၂၀၁၄ ခုနှစ်ထိတိုင် သည်နည်းဖြင့်ရှင်းခဲ့သည်ကို စာနယ်ဇင်းအဟောင်းများတွင် ပြန်ရှာဖတ်ရှုနိုင်ပါသည်။

ပြည်သူတင်မြှောက်သည်ဆိုသော အင်န်အယ်လ်ဒီအစိုးရလက်ထက်တွင် တိချစ်သူများဘက်ကတောင်းဆိုမှုများ ပိုများလာသည်။ ခွေးလေခွေးလွင့်များကို ခွေးဂေဟာဖွင့်ပြီး စောင့်ရှောက်နေသူများအား အစိုးရက တာဝန်ယူကူညီရန်၊ ခွေးများကို အဆိပ်ပါအသားတုံးပစ်ကျွေးခြင်းဖြင့် မရှင်းလင်းရန် တောင်းဆိုကြပါသည်။ တဖက်တွင်လည်း တိုးပွားလာသည့်ခွေးလေခွေးလွင့်များက ကလေးများနှင့် သက်ကြီးရွယ်အိုများကို ကိုက်မှုများပြားလာသည်။ အစိုးရဆေးရုံများတွင် ခွဲတမ်းရထားသည့် ခွေးရူးကာကွယ်ဆေးထက် ခွေးကိုက်ခံရသူကများပြားနေသည်။ တချို့က ခွေးရူးကာကွယ်ဆေးကို ပြင်ပမှဝယ်ထိုးကြသည်။ သို့သော် လက်လုပ်လက်စားရပ်ကွက်တွင်နေထိုင်သူအများစုကား ခွေးရူးကာကွယ်ဆေးမဝယ်နိုင်ကြ။ ခွေးကိုက်ခံရပြီး ခွေးရူးပြန်ရောဂါဖြင့် သေဆုံးသူများရှိလာသည်။ သို့ဖြင့် လမ်းပေါ်တွင်ရှင်သန်ပေါက်ဖွားနေသည့် ခွေးလေခွေးလွင့်ပြဿနာ အသံကျယ်လာသည်။

ငွေကြေးမကြွယ်ဝ၍ ချင့်ချိန်သုံးစွဲနေရသည့် အစိုးရတာဝန်မှာ တိုင်းပြည်၏ကျန်းမာရေးအသုံးစရိတ်လျာထားမှုကို လူအတွက်ဦးစားပေးမည်လား။ ခွေးအတွက် ဦးစားပေးမည်လား။ ခွေးလေခွေးလွင့်ဂေဟာသို့ ထောက်ပံ့ကြေးပေးမည်လား။ ခွေးရူးရောဂါကာကွယ်ဆေးလုံလောက်ရန် ငွေသုံးမည်လား။ နှစ်ခုထဲမှ တခုရွေးချယ်ရတော့မည်။ လူတယောက်အသက်နှင့် ခွေးတကောင်ရှင်သန်ရေး ဘာကိုဦးစားပေးရွေးမည်နည်း။ လူကိုသာ ဦးစားပေးရမည်ဖြစ်ကြောင်း အခြေခံလူတန်းစားများကို ပညာပေးရမည်ဖြစ်သော်လည်း ပညာပေးမှုအားနည်းလှပါသည်။ သို့ဖြင့် ခွေးကိုက်ခံရ၍သေဆုံးသူများ တနှစ်တနှစ်မနည်းလှပေ။ ခွေးလေခွေးလွင့်များကို ချစ်လှသည်ဆိုသော တိချစ်သူများ မည်သည့်နေ့နောက်ဆုံးထား၍ မိမိကိုယ်ပိုင်ခွေးအဖြစ် ခေါ်ယူမွေးပါ။ သတ်မှတ်ထားသည့်ရက်ကျော်လွန်လျှင် ခွေးများကိုခွေးဂေဟာပို့ခြင်း၊ သားဆက်ခြားဆေးထိုးခြင်း ပြတ်ပြတ်သားသားလုပ်မည်ဟု သတင်းထုတ်ပြန်သင့်ပါသည်။ သို့သော် ထိုသို့ပြတ်ပြတ်သားသား သတင်းထုတ်ပြန်ပြောဆိုသည်ကို ရန်ကုန်တိုင်းတွင် မတွေ့ရ။ ခွေးလေခွေးလွင့်အများဆုံးကလည်း ရန်ကုန်တိုင်း။

ကျောက်တံတားမြို့နယ်တွင် လမ်းပေါ်မှ ခွေးဂေဟာသို့ပို့ရန် ဖမ်းနေသည့်စည်ပင်ဝန်ထမ်းများနှင့် တားဆီးနေသူတိချစ်သူ လူတစုပါသည့်ပုံတချို့ ဖေ့စ်ဘုတ်ပေါ်တက်လာသည်။ စည်ပင်ဝန်ထမ်းများက အလျှော့ပေးကာ ခွေးလေခွေးလွင့်များကို ဆက်မဖမ်းတော့ဟု ဆိုပါသည်။ နေ့ခင်းကြောင်တောင် လူပုံအလယ်တွင် ခွေးဖမ်းပါက သည်လိုတားဆီးမှုကြုံရမည်ဆိုသည့်အသိမျှတော့ သက်ဆိုင်ရာဝန်ထမ်းများတွင်ရှိသင့်ပါသည်။ ယခင်က အဆိပ်ပါသည့် အသားတုံးပစ်လျှင် ညဘက်ပစ်ခဲ့သူများက နေ့ခင်းကြောင်တောင်ခွေးဖမ်းပြခြင်းမှာ လက်ရှိအစိုးရကို မျက်စပစ်ပြနေလေသလားဟုပင် တွေးတောမိပါသည်။ ခွေးကိုအကြောင်းပြု၍ ကာတွန်းတကွက်တက်လာပါသည်။ ခွေးကိစ္စလောက်ကိုတောင် မဖြေရှင်းနိုင်မှတော့ . . တဲ့။ သက်ဆိုင်ရာတာဝန်ရှိသူများ ဆက်လက်ဖြည့်စွက်တွေးတောကြပါကုန်။

နောက်ပြဿနာတခုက လျှပ်စစ်မလုံလောက်မှု။ သည်နှစ် မြန်မာတပြည်လုံး အပူလွန်ကဲသည့်ဒဏ်ကိုလိမ့်နေသည်ထိ ခံကြရပါသည်။ မြစ်ချောင်းအင်းအိုင်များသည် ပြင်းထန်သည့်အပူချိန်ကြောင့် ပိုမိုခန်းခြောက်ကြကုန်၏။ မိုးကလည်း မရွာသေး။ သို့ဖြင့် ရေအားလျှပ်စစ်ကို အဓိကအားထားနေရသည့် မြန်မာသည် လျှပ်စစ်ပြတ်လပ်မှုကြုံရတော့သည်။ ရန်ကုန်သည် မကြာခဏမီးပျက်ရုံသာမက၊ အလှည့်ကျမီးဖြတ်ခြင်းကို ခံကြရသည်။ လက်ရှိအစိုးရအနေဖြင့် ယခင်အစိုးရထံမှ လျှပ်စစ်ဝန်ကြီးဌာနကို လွှဲယူရစဉ်ကတည်းက လျှပ်စစ်ထုတ်လုပ်ရေးနှင့် ဖြန့်ချိရေးများကို ပုဂ္ဂလိကလက်သို့ မည်သို့မည်ပုံ ရောင်းစားသွား၍ မည်သည့်အခက်အခဲများ ဆက်လက်ကြုံတွေ့ရမည်သာဖြစ်ကြောင်း လက်လွှဲယူလိုက်ရသည့် အကျဉ်းအကျပ်များအား လူထုကို ရှင်းပြခြင်းမရှိခဲ့။ လျှပ်စစ်ကိုတရားမဝင်ဖြတ်ယူ သုံးစွဲနေမှုများကိုလည်း ဖော်ထုတ်အရေးယူခြင်း မရှိ။ ဌာနဆိုင်ရာများ၊ ပြည်သူများ မလိုအပ်သည့်မီးများမသုံးရန် မဖြစ်မနေသုံးရမည့် မီးချောင်းအရေအတွက် မီးပွင့်အရေအတွက်သာသုံးရန် ပညာပေးခြင်း၊ ညွှန်ကြားခြင်းလည်း မရှိ။ ဖြစ်လာသည့်ပြဿနာကို ပြည်သူနှင့်အစိုးရ လက်တွဲရင်ဆိုင်ဖြေရှင်းရမည်ဆိုသောအသိ ပြည်သူကိုထည့်မပေးနိုင်။ သည်တော့ ဒေါ်အောင်ဆန်းစုကြည်အစိုးရတက်လာလျှင် အရာရာအကောင်းအတိုင်းပကတိဖြစ်စေမယ် ယူဆခဲ့သည့် လူထုထံမှ ဝေဖန်သံများထွက်လာတော့သည်။

သည်နွေရာသီတွင် မီးပျက်မှုများပြားလာ၍ လူထု၏မကျေနပ်သံထွက်လာသောအခါ ရန်ကုန်ဝန်ချုပ်က တယူနစ် ၁၀၀ကျပ်ပေးမည်ဆိုလျှင် မီးမပျက်စေရန် တာဝန်ယူမည့်ကုမ္ပဏီရှိသည်ဟု နှုတ်လွန်နှုတ်ကျူးပြောချလိုက်ပြန်သည်။ ရန်ကုန်ဝန်ချုပ်သည် လျှပ်စစ်နှင့်ပတ်သက်၍ ထုတ်လုပ်မှုအပိုင်း၊ စုဆောင်းသိုလှောင်မှုအပိုင်း၊ ဖြန့်ချိမှုအပိုင်းများကို လေ့လာထားပါရဲ့လား သံသယရှိဖွယ်ကောင်းလှပါသည်။ မိမိက စကားကျွံထားသော်လည်း တပိုင်းပိုင်းကနောင့်လိုက်ပါက မီးလုံးဝမပျက်စေရဆိုသောစကား ပြောင်းထဲရောက်သွားနိုင်သည်ကိုလည်း ကြိုတင်တွက်ဆပုံမရပေ။ လျှပ်စစ်ပျက်မှုနှင့် ပတ်သက်၍ အထင်ကရဟိုတယ်တခုက သူ့ကို ကလူကျီစယ်ပြုလိုက်သည်ကိုလည်း နားလည်ပုံမရ။ လွန်ခဲ့သော ၂ နှစ်ခန့်က အထင်ကရဟိုတယ်တခုတွင် ရန်ကုန်ဝန်ချုပ်နှင့် နိုင်ငံခြားအဖွဲ့တဖွဲ့ အစည်းအဝေးလုပ်ချိန်၌ မီးပျက်သွားသည်။ ဟိုတယ်က ချက်ချင်းကိုယ်ပိုင်မီးစက်ဖြင့် မီးချိန်းပေးရမည်ဖြစ်သော်လည်း မီးချိန်းပေးပုံမပေါ်။ တနည်းအားဖြင့် ဟိုတယ်တာဝန်ရှိသူများက ရန်ကုန်ဝန်ချုပ်ကို မလေးမစားပညာပြလိုက်ခြင်းဖြစ်ပါသည်။ ထိုသို့ ပညာပြသောဟိုတယ်ကို မီးပျက်၍ မရဟုသာပြောခဲ့ပြီး ထိရောက်သည့်အရေးယူကိုင်တွယ်မှုမရှိသော ရန်ကုန်ဝန်ချုပ်ကို မည်သည့်လုပ်ငန်းရှင်၊ စီးပွားရေးသမားက ရှိန်ပါတော့မည်နည်း။ ပြည်သူကကောင်းပြီ တယူနစ် ၁၀၀ ပေးမည်။ မီးတစက္ကန့်ပင် မပျက်စေနှင့်ဆိုလျှင် ရန်ကုန်ဝန်ချုပ်ကိုယ့်စကားနှင့်ကိုယ် ချည်နှောင်ခံရမည်မှာ မုချပါပေ။

၂၀၁၁ မတ်လ ၁၁ ရက်နေ့တွင် ဂျပန်ပင်လယ်ကမ်းစပ်တနေရာရှိ ဖူကူရှီးမားအနုမြူဓာတ်ပေါင်းဖို ပေါက်ကွဲခဲ့ပါသည်။ ထိုဖြစ်ရပ်ဖြစ်ပြီး လအတော်ကြာသော် ဂျပန်တွင် ကျောက်မီးသွေးမှ ကိုးလ်ကလင်းခေါ် (Cool Clean) စနစ်တကျ အသေအချာသန့်စင် ရှင်းလင်းနည်းသုံး၍ လျှပ်စစ်ထုတ်ယူသည့်နည်းပညာများကိုလေ့လာရန် လျှပ်စစ်ဝန်ကြီးဌာနမှ အရာရှိတချို့ ဂျပန်သို့သွားရောက်ခဲ့ကြပါသည်။ သူတို့ထဲမှတယောက်က ဂျပန်တွင် မြန်မာတို့အတုယူရမည့် အချက်များစွာရှိကြောင်း စာရေးသူကို ပြန်ပြောပြခဲ့ပါသည်။ ဂျပန်ဖူကူရှီးမားအနုမြူဓာတ်ပေါင်းဖိုပေါက်ကွဲမှုကြောင့် ဂျပန်တနိုင်ငံလုံးသုံးစွဲနေရသည့် လျှပ်စစ် ၂၅ ရာခိုင်နှုန်း လျော့ကျသွားသည်။ ထို ၂၅ ရာနှုန်းကိုကာမိစေရန် တပြည်လုံးလျှပ်စစ်လျှော့သုံးရေးစည်းကမ်းများကို လိုက်နာကြရသည်တဲ့။ မြန်မာလေ့လာသူများကို ဖူကူရှီးမားအနုမြူဓာတ်ပေါင်းဖိုပေါက်ကွဲရာနေရာသို့ ခေါ်ပြသောအခါ မြန်မာညှိသည်များကိုသာ ဓာတ်လှေကားဖွင့်ပေးပြီး တက်စေသည်။ မြန်မာများအပေါ်ရောက်သည်နှင့် ဓာတ်လှေကားကိုပြန်ပိတ်ပြီး ဂျပန်အားလုံးခြေထောက်ဖြင့် တက်လာကြသည်တဲ့။ သည်နည်းဖြင့် တမျိုးသားလုံး တားမြစ်ထားသည့်နေရာတွင် လျှပ်စစ်ကို လုံးဝမသုံးဘဲ လျော့ကျသွားသည့် လျှပ်စစ် ၂၅ ရာနှုန်းပြဿနာကိုပြန်ကာမိစေရန် ဖြေရှင်းကြပါသတဲ့။

၂၀၁၃ ဝန်းကျင်တုန်းက နယ်မြို့တမြို့တွင် စာရေးသူတို့စီမံကိန်းတခု သွားရောက်လုပ်ပေးခဲ့စဉ်က ဟောင်းနွမ်းစုတ်ပြတ်နေသော အဆောက်အအုံကို သက်ဆိုင်ရာအဖွဲ့အစည်းကပြင်ပေးပါသည်။ သည်တွင် ပြိုကျလုလုတွင်းအိမ်သာနေရာ၌ ရေဆွဲအိမ်သာနှင့်တွဲလျက် ရေချိုးခန်းနှင့် လျှပ်စစ်မီးနှင့်ဖြစ်သွားပါသည်။ စီမံကိန်းအတွက် ခန့်အပ်လိုက်သည့် ဒေသခံဝန်ထမ်းများကို သင်တန်းပေးရပါသည်။ ထိုဝန်ထမ်းများနှင့် စာရေးသူနေ့တိုင်းဖြစ်သည့် ပြဿနာက အိမ်သာရေချိုးခန်းသုံးသောအခါ အိမ်သာတက်စဉ် စီးရန်ထားပေးသည့်ဖိနပ်ကို လဲမစီးဘဲ စီးလာသည့်ဖိနပ်နှင့် အိမ်သာဝင်ခြင်းနှင့် မီးပြန်မပိတ်ခြင်းဖြစ်ပါသည်။ စိတ်ထဲတွင် အတော်ပိုးစက်ပက်စက်ပြောချင်သော်လည်း ပါးစပ်ကိုထိန်းချုပ်ထားရပါသည်။ သို့ဖြင့် ဖိနပ်လဲစီးပါ။ မီးပြန်ပိတ်ပါ။ ရေပြန်ပိတ်ပါဆိုသော စာတန်းများကိုကပ်ထားပေးရပါသည်။ သို့သော် လစ်လျှင်လစ်သလို လုပ်မြဲ အတိုင်းလုပ်ဆောင်ကြပါသည်။ စာ (၁၇) သို့

www.free4readers.com

- သမ္မတကြီးဦးဝင်းမြင့် (ကျန်းမာပါစေ)၃
- နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် (အသက်ရာကျော်ရှည်ပါစေ)၃
- တရားဥပဒေစိုးမိုးရေး (ဒို့အရေး)၃
- နိုင်ငံတော်ပိုင် သစ်တောမြေကိုရောင်းချပေးကမ်းသူ မောင်းကုန်းအုပ်စုအုပ်ချုပ်ရေးမှူး အရေးယူ ပေးရေး (ဒို့အရေး)၃
- နိုင်ငံတော်ပိုင်သစ်တောမြေစာချုပ်ကို အသိသက်သေလက်မှတ်ထိုးသူ မောင်းကုန်းအုပ်ချုပ်ရေး မှူး အရေးယူပေးရေး (ဒို့အရေး)၃
- နိုင်ငံတော်ပိုင်သစ်တောမြေကို စာချုပ်ချုပ် ဆိုပေးသူ မောင်းကုန်းအုပ်ချုပ်ရေးမှူး အရေးယူပေးရေး (ဒို့အရေး)၃
- ကျေးရွာရန်ပုံငွေ ၃၉ သိန်း အလွဲသုံးစားပြုလုပ်သူ မောင်းကုန်းအုပ်ချုပ်ရေးမှူး အရေးယူပေးရေး (ဒို့အရေး)၃
- ကျေးရွာတာဝန်ခံလက်မှတ်များကို အလွဲသုံးစားပြုလုပ်သူ မောင်းကုန်းအုပ်ချုပ်ရေးမှူး အရေးယူ ပေးရေး (ဒို့အရေး)၃
- မောင်းကုန်းအုပ်ချုပ်ရေးမှူးကို ဥပဒေနှင့်အညီ အရေးယူပေးရေး (ဒို့အရေး)၃
- ပြည်သူကို တရားစွဲသူ မောင်းကုန်းအုပ်ချုပ်ရေးမှူး (အလိုမရှိ)၃

အထက်အညာနွေလယ်နေကား ပူပြင်းစပြုနေပြီး နေပူပူလေပူပူမှာ ဆန္ဒဖော်ထုတ်သူ လူ ၂၀၀ ခန့်ကား ချွေးတလုံးလုံး၊ သူတို့၏စုရပ်ကား ဤမြို့လေး၏ လူစည်ကားရာ ရောဝတီသဘော်ဆိပ်၊ ကံ့ကော် (ဂန့်ဂေါ်) တောင်တန်းကြီး၏ တောင်စွယ်တခုဖြစ်သည့် သမိုင်းဝင်မြသိန်းတန်စေတီတော်တည်ရှိရာ တောင်ခြေရင်းမှာ ရောဝတီတဖက်ကမ်းသို့ လှမ်းမျှော်



# တိုးတက်တာလား၊ ဆုတ်ယုတ်တာလား

မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)

ကြည့်လိုက်ရာ ရှမ်းရိုးမတောင်စွယ်တောင်တန်းများကို နောက်ခံပြုထားသည့် သမိုင်းဝင်မြတောင်မြို့ ဖောင်တောင်ဦးစေတီတော်။ ခရီးမဝေးသည့် အနီးကလေးတွင် မြတောင်မြို့ဟောင်းနှင့် ထီးချိုင့်မြို့များ ဆက်သွယ်ထားသည့် ရောဝတီတံတား(ထီးချိုင့်)။ ဤဆိပ်ကမ်း မြို့ကလေးသည်ကား မန္တလေး–ဗန်းမော်၏ ရောဝတီခရီးစဉ်တွင် အလှပဆုံး၊ အသာယာဆုံး နေရာတခုဟု ဆိုချင်ပါသည်။ တောရိပ်၊ တောင်ရိပ်၊ ရောဝတီအရိပ်၊ ဘုရားရိပ်၊ တရားရိပ်များနှင့် အေးချမ်းသာယာလှပါ၏။ ယခုမူကြွေးကြော်သံများကား တမြို့လုံးလွှမ်းမိုးသွားတော့သည်။ သူတို့လက်ထဲမှာလည်း လက်ကိုင်ဆိုင်း ဘုတ်များနှင့်။

၁။ ကျေးရွာရန်ပုံငွေ (၁၃၆၄၀၀)ကျပ်ကို ဘီယာ သောက်သုံးစွဲသူ မောင်းကုန်းအုပ်ချုပ်ရေးမှူးအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ပေးရေး (လက် ကိုင်ဆိုင်းဘုတ် (၃ x ၂)ပေ။)

၂။ ကျေးရွာရန်ပုံငွေကို ယခင်စက်ရုံဆန္ဒပြပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရဲတပ်ဖွဲ့ညှိခံပွဲသုံးစွဲခဲ့သူ မောင်းကုန်းအုပ်ချုပ်ရေးမှူးအား အရေးယူဆောင်ရွက်ပေးရေး (လက်ကိုင်ဆိုင်းဘုတ် (၃ x ၂)ပေ။)

၃။ ကျေးရွာရန်ပုံငွေများကို ၂၀၁၅ ရွေးကောက်ပွဲတွင် သုံးစွဲခဲ့သူ မောင်းကုန်းအုပ်ချုပ်ရေးမှူးအား အရေးယူဆောင်ရွက်ပေးရေး (လက်ကိုင်ဆိုင်းဘုတ် (၃ x ၂)ပေ။)

ဆန္ဒထုတ်ဖော်သူများသည်ကား ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေပုဒ်မ (၄)အရ စုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်နှင့် ဟောပြောခွင့်များကို စနစ်တကျတင်ပြထားသည်။ သူတို့ကား အတော်အတန်အတွေ့အကြုံရှိသူများဟု ဆိုရပေမည်။ ၎င်းတို့ရွာမှာ မကြာခဏ ဆန္ဒထုတ်ဖော်ကြသည်။ ယခုမြို့သို့ရောက်လာပြီ။ မကြာမီ နေပြည်တော်သို့ ချီတက်ကြမည်ထင်သည်။

ဤသို့ ဆန္ဒထုတ်ဖော်ရခြင်းမှာလည်း မောင်းကုန်းအုပ်စုအုပ်ချုပ်ရေးမှူး၏ ဆောင်ရွက်ချက်များကို–

(၁) ဦးဝင်းမြင့် (နိုင်ငံတော်သမ္မတကြီး)
(၂) ဒေါ်အောင်ဆန်းစုကြည် (နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်)
(၃) ဝန်ကြီးချုပ် (စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့)
(၄) အုပ်ချုပ်ရေးမှူး (ကသာခရိုင်)
(၅) လွှတ်တော်ကိုယ်စားလှယ်များရုံး
(၆) NLD မြို့နယ်အလုပ်အမှုဆောင်အဖွဲ့
(၇) မြို့နယ်အုပ်ချုပ်ရေးမှူး
(၈) သစ်တောဦးစီးဌာန

များသို့ တိုင်ကြားခဲ့ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့များနှင့် ဆောင်ရွက်ခဲ့သော်လည်း စစ်ဆေးပေါ်ပေါက်ခဲ့သည့် အကြောင်းအရာများကို ယနေ့အချိန်အထိ အရေးယူဆောင်ရွက်ခြင်းမရှိသည့်အပြင် တိုင်ကြားခံရသူ အုပ်ချုပ်ရေးမှူးက ပြန်လည်တရားစွဲဆိုခြင်းခံရသဖြင့် ဤသို့ဆန္ဒထုတ်ဖော်ရသည်ဟုဆိုသည်။ လူထုကြီးသည် သက်ဆိုင်ရာစုရပ်မှ ကိုယ့်မင်းကိုယ့်ချင်းလမ်းအတိုင်း၊ ရောဝတီတံတား(ထီးချိုင့်)လမ်းဆုံမှ မြို့ပတ်လမ်းအတိုင်း ရွှေထီးရောဂေါက်ကွင်းတွင် စုဝေးဟောပြောကြသည်။ ဟောပြောချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) မောင်းကုန်းကျေးရွာအုပ်စု ဘုတ်ဆုံကျေးရွာထိပ်ရှိ နိုင်ငံပိုင်သစ်တောမြေကို ခွင့်ပြုချက်မရှိဘဲ အုပ်ချုပ်ရေးမှူးဦး––– က အိမ်ခြံမြေအဖြစ် အကွက်ရိုက်၍ တူတော်စပ်သူ ၃ ဦးနှင့် ဦး––– ပေါင်း ၄ ဦးတို့အား ရောင်းချခဲ့သည်ကို စစ်ဆေးတွေ့ရှိခဲ့၍ သစ်တောဦးစီးဌာနက အဆိုပါ ၄ ဦးအား အရေးယူခဲ့ရာ မိသားစုမှ အိုးမဲ့အိမ်မဲ့ဘဝဖြင့် ဒုက္ခရောက်နေသော်လည်း အုပ်ချုပ်ရေးမှူးကို အရေးယူဆောင်ရွက်ပေး ခြင်းမရှိသေးပါ။

(ခ) မောင်းကုန်းကျေးရွာအုပ်စု ရေရှင်ရွာထိပ်ရှိ နိုင်ငံပိုင်သစ်တောမြေ ၃၁ ဧကကို ခွင့်ပြုချက်မရှိဘဲ ပူးတွဲပါစာချုပ်အရ လွှဲပြောင်းပေးသူ ဦး ––– (––– ကုမ္ပဏီကိုယ်စား)နှင့် လွှဲပြောင်းလက်ခံသူ ဦး–––တို့နှစ်ဦးကို သစ်တောဌာနမှ တရားစွဲဆို၍ ထောင်ဒဏ်ထိုက်သင့်သောပုဒ်မ ၆(၁)ဖြင့် ငွေကြေးကုန်ကျမှုများစွာ မြို့နယ်တရားရုံးတော်မှာ ယခုအချိန်ထိ ရင်ဆိုင် ဖြေရှင်းဒုက္ခရောက်နေကြရသော်လည်း တားမြစ်ရန် ဝတ္တရားရှိပါလျက် တားမြစ်ခြင်းမရှိသည့်အပြင် စာချုပ်ပါသက်သေ (၁) နေရာ၌ ပါဝင်လက်မှတ်ရေးထိုးခဲ့သူ အုပ်ချုပ်ရေးမှူးကို အရေးယူဆောင်ရွက်ခြင်း မရှိသေးပါ။

ဟောပြောသူကား ပူပြင်းလှသည့် နေရောင်အောက်ကွင်းပြင်မှာ အာဘောင်အာရင်းသန်သန်နှင့် ဟောပြော၏။ သူ့ခန္ဓာကိုယ်မှာ ချွေးတလုံးလုံး။ နားထောင်သူသတင်းသမား၊ စာရေးသူကား ဆင်ခြင်တုံ တရားပွားမိသည်။ **ယခင်ဒေသခံတောင်သူလယ်သမားများ လုပ်ကိုင်စားသောက်သည့် မြေယာများကို သစ်တောဦးစီးဌာနမှ သစ်တောကျူးဟု သတ်မှတ်ကာ ကုမ္ပဏီများကို အခမဲ့နီးပါး (တဧကလျှင် ၁၀ဝိ/ ကျပ်၊ ၃၀ဝိ/ (တရာကျပ်၊ သုံးရာကျပ်ခန့်ဖြင့်)အနှစ် ၃၀ စာချုပ်ဖြင့် ငှားရမ်းခဲ့သည်ဟုဆို၏။ စီမံကိန်းအတိုင်း အကောင်အထည်မဖော်နိုင်လျှင် နိုင်ငံတော်ကို ပြန်အပ်ရမည်သာဖြစ်သည်။ သို့သော် ပုဂ္ဂလိက တဦးအား ကျေးဇူးခံကျေးဇူးစားအနေဖြင့် 'မေတ္တာဖြင့် အခမဲ့လွှဲပြောင်းပေးသည်' ဆိုသည်မှာ စဉ်းစားစရာပါ။** နိုင်ငံတော်၏ တည်ဆဲဥပဒေကို ဆန့်ကျင်ဖောက်ဖျက်ရာရောက်ပါသည်။ နိုင်ငံတော်မှတဆင့် မူလလက်ငုတ်တောင်သူများကိုသာ ပြန်လည်ချထားပေးရန် အကြောင်းရှိပါသည်။ ကုမ္ပဏီမှလွှဲပြောင်းပေးသူမှာ ဒေသခံလည်းမဟုတ်၊ တောင်သူလယ်သမားလည်း မဟုတ်၊ ထိုမြေယာများကို အကွက်ရိုက်ပြီး ရောင်းစားသည်ဟု သိရပါသည်။

စက်ရုံကြီးများကား ရွာအခြေမှာရှိနေသည်။ စက်ရုံကြီးများမှထွက်ရှိသည့် အနံ့ဆိုးများကား ရွာသားများနေ့စဉ် ရှူရှိုက်နေရသည်။ ကျန်းမာရေးဆိုးရွားပြီး အသက်ပြည့်ပင် နေရပ့ါမလား။ လူဦးရေ ထူထပ်လာရာ လူသတ်မှု၊ မုဒိမ်းမှု၊ လုယက်မှု၊ မူးယစ်ဆေးဝါးကား လိုသလောက်ရသည်။ လူမျိုးခြားများပါ ရောထွေးနေထိုင်ရာဒေသဖြစ်ရာ နိုင်ငံအဝန်းမှ အမျိုးသမီးများ စီးပွားရှာရာဖြစ်လေသည်။

အချင်းဖြစ်မြေယာသည် မန္တလေး–တကောင်း– မြတောင်–ငါးဘိုး–ရွှေကူ–ဗန်းမော် ရောဝတီအရှေ့ ခြမ်းဖွံ့ဖြိုးရေး ပြည်ထောင်စုလမ်းမကြီးဝဲယာမှာရှိသည်။ တကောင်းတောင်တော်ခြေရင်း ရေရှင်ချောင်းအနီးတွင်ရှိသည်။ စက်ရုံကြီးနှစ်ရုံနှင့် အဝေးပြေးလမ်းမကြီးပေါ်ပေါက်လာရာ မြေယာဈေးများမှာ အဆမတန်မြင့်တက်လာသည်။ ယခုအခါ ယင်းနေရာအား အိမ်ရာကွက်ရောင်းစားလျှင် တဧက သိန်း ၃၀၀ ဝန်းကျင်ရနိုင်ပါသည်။ မေတ္တာဖြင့်ပေးသည့် မြေ ၃၁ ဧကဆိုလျှင် ယုံရခက်ကြီးပါ။

ယခင်အခါများက ဥပဒေမဲ့တိုင်းပြည်ပမာ သုံးဦးသားပူးပေါင်းပြီး ဥပဒေကို ပြောင်ပြောင်တင်းတင်း ဆန့်ကျင်ခဲ့ကြပါသည်။ ပုလင်းတူ ဘူးဆို့များပါ။ ယခုမူအချင်းချင်း ဆန္ဒတွေဖော်ထုတ်ကုန်ကြပြီ။ မှားတာ၊ မှန်တာ သူတို့သိကြမှာပါ။

(ဂ) မောင်းကုန်းကျေးရွာအုပ်စု မလိုင်ခြံကျေး ရွာထိပ်ရှိ နိုင်ငံပိုင်သစ်တောမြေကို ခွင့်ပြုချက်မရှိဘဲ အရောင်းအဝယ်ပြုလုပ်သော ပူးတွဲပါစာချုပ်ကိုတားမြစ်ရန် တာဝန်ရှိသူအုပ်ချုပ်ရေးမှူးမှ တားမြစ်ခြင်းမရှိသည့်အပြင် ၎င်း၏လက်ရေးမူဖြင့် စာချုပ်ပေးခဲ့ပါသည်။ ယခုအခါ အငြင်းပွားမှုဖြစ်နေပြီး ရောင်းသူဝယ်သူနှစ်ဦးမှာ ငွေကြေးဆုံးရှုံးမှုများ ဖြစ်ပေါ်နေသည့်အပြင် မလိုလားအပ်သော နောက်ဆက်တွဲပြဿနာများ ကိုယ်စိတ်ဆင်းရဲစွာ ရင်ဆိုင်ဖြေရှင်းဒုက္ခရောက်နေသော်လည်း အုပ်ချုပ်ရေးမှူးကို အရေးယူဆောင်ရွက်ခြင်းမရှိသေးပါ။

(ဃ) မောင်းကုန်းကျေးရွာအုပ်စုရန်ပုံငွေ ၃၉ သိန်းအား အုပ်စုအုပ်ချုပ်ရေးမှူးက အလွဲသုံးစားပြုထားသည်။

(င) မောင်းကုန်းအုပ်စုအတွင်းရှိ ကျေးရွာတာဝန်ခံ ၆ ဦး၏ လက်မှတ်များကို အုပ်စုအုပ်ချုပ်ရေးမှူးက အလွဲသုံးစားပြုထားကြောင်း ကိုယ်တိုင်ဝန်ခံထားသော်လည်း ယနေ့အထိအရေးယူဆောင်ရွက်ခြင်း မရှိပါဟု ဆန္ဒဖော်ထုတ်သူများက ဆိုကြသည်။

ယင်းတို့၏ ဆန္ဒထုတ်ဖော်မှု တင်ပြစာတွင် ထူးခြားတာတခုတွေ့ရသည်။ နယ်နယ်ရရမဟုတ်၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်၏ အကြောင်းပြန်ကြားစာမှာ အောက်ပါအတိုင်းဖြစ်သည်။

''––– (၄ ဒသမ ၁၂၇)ဧကကို ၂၀၁၉ ခုနှစ် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောတည်ထောင်နိုင်ရန်

စာ (၂၇) သို့

www.free4readers.com






( က )

'မြန်မာပြည်သူလူထု'ကား 'အမွေစား အမွေခံများ'ဖြစ်၏။ 'စည်းကမ်းမဲ့ခြင်းကို စည်းကမ်းပျက်ခြင်း'ကို အသွေးထဲအသားထဲ အထိ စွဲငြိအောင် အမွေဆက်ခံခဲ့ကြပါလေ၏။

'လက်ထက်တော်' အဆက်ဆက် 'လောကနီတိ' သင်ရိုးညွှန်းတမ်းများ ပျောက်ဆုံးကာ Ethic ဟူသည့် လူ့ကျင့်ဝတ် လူ့စည်းကမ်းများကို ချောင်ထိုး၍ 'စည်းကမ်း' ဟူသည့် စကားလုံးဝေါဟာရဆိုတာ 'ဘာလဲ' ဟုပင် မသိတော့သည့် အခြေအနေပါ။ 'အခြေအနေဆိုး'ပါ ခင်ဗျာ။ 'အခြေအနေဆိုးကြီး'ပါ ခင်ဗျ။

မပြောဘဲနှင့် သိရမည့်၊ လိုက်နာရမည့် လူ့စည်းကမ်း လူ့ဝန်းကျင်စည်းကမ်းများစွာကို 'စာတန်းတွေ' ရေးထိုးချိတ်ဆွဲထားရလေရာ နိုင်ငံ၏ဂုဏ်သိက္ခာ ကျလှပါပေ၏။ စာတန်းတွေကား များစွာ များစွာမှ များစွာ။

ဆေးလိပ်မသောက်ရ၊ ကွမ်းတံတွေးမထွေးရ၊ အမှိုက်မပစ်ရ၊ ရေမကူးရ၊ ဟွန်းမတီးရ၊ ပိတ်မရပ်ရ၊ လမ်းပြောင်းပြန်မမောင်းရ၊ ကျော်မတက်ရ၊ သေးမပေါက်ရ၊ ငါးမမျှားရ မှသည် နောက်ထပ်သတိပေး စာတန်းပေါင်းမြောက်မြားစွာ ကျွန်ုပ်တို့ ရွှေမြန်မာနိုင်ငံတော်ကြီးမှာ။ ရန်ကုန်မြို့တော်ကြီးမှာ။

၁၉၈၈ ခုနှစ်မှသည် ယခုအထိ အစိုးရတွေ စည်းကမ်းမဲ့ခဲ့ကြသည်။ အနီးစည်းကမ်းမဲ့အစိုးရတွေ လေ့ကျင့်ပေးခဲ့၍ လူထုမှာ စည်းကမ်းမဲ့ခြင်းအတတ်ကို တဖက်ကမ်းခတ် တတ်မြောက်ကျွမ်းကျင်ခဲ့လေပြီ။ 'စည်းကမ်းဟူသည် လူ့တန်ဖိုး'ဟူသည့် အစဉ်အလာစကားမှာ ပျောက်ကွယ်သွားတာ ကြာလေပြီ တကား။

( ခ )

တခါတုန်းက ရန်ကုန်မြို့လယ်ကောင်လမ်းတခုရှိ နံရံတခုပေါ်မှာ 'စကောဝိုင်း'လောက် အဖြူရောင်စာလုံးကြီးတွေ ရေးထားတာကို မြင်ရလေရာ နိုင်ငံခြားသားဘော်ဒါက အဲဒါ ဘာရေးထားတာလဲဟု မေးကာ စာလုံးကြီးတွေကို ဓာတ်ပုံရိုက်ယူပါ၏။ ကျွန်ုပ် ချွေးပြန်ရပါ၏။ စာလုံးကြီးတွေမှာ 'ဤနေရာတွင် ခွေးများသာ သေးပေါက်သည်'။

ကျွန်ုပ်ရှင်းပြဖို့ရာ အတော်ပင်အကြပ်ရိုက်ပါ၏။ သို့ပေမည့် ကြိုးစားကာ ရှေ့မျက်နှာနောက်ထားကာ နားနဲ့မနာ ဖဝါးနဲ့နာရန် တောင်းပန်ကာ အဲသည်အဓိပ္ပာယ်ကို ပြောပြလိုက်လေရာ ဘော်ဒါမှာ မျက်နှာကြီးဝင်းလက်သွားပါ၏။ ပီတိတွေဖြာနေပုံပါပေ။ မျက်လုံးပြာကြီးတွေ ဝိုင်းစက်တောက်ပလျက်။

''ဆာသော်ဒိုးရေ မင်းတို့လူမျိုးတွေရဲ့ တိရစ္ဆာန်တွေအပေါ် ချစ်ခင်ကြင်နာတတ်မှု၊ နေရာပေးအလေးထားမှုကို ငါတော့ သိပ်လေးစားသွားပြီ''

''ရက်စ်ဆာ၊ ရက်စ်ဆာ၊ ရက်စ်ဆာ ဟူး ဟူး''

( ဂ )

နိုင်ငံတော်၏ 'ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ' မှာ ထည့်သွင်းရေးဆွဲမထားသော်ငြား လိုက်နာစောင့် ထိန်းရမည့်အလိုလိုကို သိနေရမည့် စည်းကမ်းများကား များစွာရှိပါ၏။ ဥပမာအားဖြင့် အများပြည်သူအသုံးပြုနေသည့် ဘတ်စကားမှတ်တိုင်များမှာ ဆေးလိပ်ဖွာလို့ မရပါဘူး။ လေယာဉ်ပျံပေါ်မှာ ဖုန်းအသုံးပြုခွင့်မရှိဘူးဆိုရင် ပိတ်ထားရပါမယ်။

ကိုယ့်အိမ်ထဲမှာဆိုပြီး ဆောင်းဘောက်စ်ကြီးတွေဖွင့်ကာ ကာရာအိုကေသီချင်းတွေ မိုင်ကုန်ဆိုလို့ မရပါဘူး။ ကိုယ့်ရဲ့ 'ဆူညံသံ'ဟာ အခြားလူတွေဆီကို ရောက်လို့ မရပါဘူး။ ကိုယ့်အိမ်ထဲမှာဆိုပြီး ခုနစ်အိမ်ကြား ရှစ်အိမ်ကြား အော်ကြီးဟစ်ကျယ်စကားပြောခွင့်မရှိပါဘူး။

**ဥပမာအားဖြင့် မည်သည့်ယာဉ်မှ ရပ်ခွင့်မရှိသည့် "ဖြူနီကျား" မှာ ရပ်နေသည့်ယာဉ်များကို ဖမ်းဆီးမည့် "ကရိန်းမော်တော်ယာဉ်" ဟာ အဲသည် "ဖြူနီကျား" ပေါ်မှာ တနေ့ကုန် ရပ်ထားတာမျိုး။ စည်းကမ်းမဲ့လမ်းဖြတ်ကူးသူကို လိုက်လံဖမ်းဆီးသည့် မော်တော်ဆိုင်ကယ်က လမ်းပြောင်းပြန်ကြီးမောင်းကာ လိုက်ဖမ်းတာမျိုး . . .**

ဟိုအရင်ခေတ်ကဆိုရင် ကိုယ့်အိမ်က တခုခု 'ကြော်'တော့မယ်ဆိုရင်တောင် ရပ်ကွက်ထဲက အခြားအိမ်တွေကြားအောင်၊ ရှောင်လို့ပြုလို့ရအောင် လူမှု စည်းကမ်းကို လိုက်နာခဲ့ကြပါတယ်။ အသိပေးကာ 'အော်' ခဲ့ကြပါတယ်။

''ချေှာ်ကြမယ်ဗျို့''

အဲသည့်အသံကိုကြားရင် နာမကျန်းသူတွေ၊ အနာရှိသူတွေ အဝေးမှာခဏတဖြုတ်သွားရှောင်လို့ ရပါသည်။ သည်လို အစဉ်အလာကောင်း၊ အလေ့ အကျင့်ကောင်းလေးတွေဟာ ပျောက်ဆုံးလာတာ နှမြောစရာပါ။

( ဃ )

အခုကျတော့လည်း 'ရေးဆွဲမထားတဲ့ကျင့်ဝတ်'တွေကို မလိုက်နာရုံမကဘဲ 'ရေးဆွဲထားတဲ့ ဥပဒေတွေ'ကိုပါ ခြောင်ကျကျ ဖောက်ဖျက်ကျူးလွန်နေကြတဲ့ ခေတ်သစ်ကြီးပါခင်ဗျ။ တိုးတက်ပြီး ပျက်စီးလာတဲ့ ခေတ်သစ်ကြီးပါ။

**ဥပဒေမှာ စာသင်ကျောင်းနှင့် မည်မျှအကွာ၊ ရဲစခန်းနှင့် မည်မျှအထိအကွာမှာ 'ယမကာဆိုင်' ဖွင့်ခွင့်မရှိလို့ ဆိုထားသော်ငြား၊ အခုတော့ စာသင်ကျောင်းရဲ့ ရှေ့တည့်တည့်မှာ၊ ရဲစခန်းရဲ့ ဘေးကပ်ရက်မှာ 'ယမကာဆိုင်'တွေ မြင်ရပါလေ၏ခင်ဗျာ။**

ရပ်ကွက်တွေထဲမှာ တရပ်ကွက်လုံး အိပ်ရေးပျက်အောင် စိတ်ထင်တိုင်း ဝုန်းဒိုင်းကြဲနေတဲ့ 'အသံမလုံ ကာရာအိုကေ' ဆိုင်တွေ အများကြီးပါ။ ည ၁၁ နာရီအထိမှာ 'ပိတ်' ရမယ့် 'ယမကာဆိုင်'တွေဟာလည်း ဆိုင်တံခါးကိုပိတ်ပြီး ဆိုင်ထဲမှာ ညလုံးပေါက် သောက်စားခွင့်ပြုထားကြပါသဗျ။

'၂၄ နာရီဆိုင်တွေ' ဟာလည်း 'ညမင်းသား' အပျော်ကြူးသူများနဲ့ လိုက်ဖက်အတွဲညီလျက်ပါ။ အများပြည်သူအတွက် 'ပလက်ဖောင်းတွေ' ဟာလည်း 'ကျူးကျော်ဈေးသည်တွေ' အတွက် တာဝန်ရှိသူများနှင့် 'ဝေစားမျှစား' ဈေးကွက်ဖြစ်ဆဲပါ။ ဌာနဆိုင်ရာများအတွင်း စည်းမဲ့ကမ်းမဲ့ အကျင့်ပျက် လာဘ်ပေး လာဘ်ယူမှုတွေလည်း အရှိုးစွဲရှိသေးဆဲပါ။

လောလောလတ်လတ်အားဖြင့် မြန်မာကို ကမ္ဘာကျော်စေခဲ့တဲ့ အကျင့်ပျက်စည်းကမ်းမဲ့မှုကြီးကတော့ နိုင်ငံတဝန်းက 'ထောင်' တွေ 'တပြိုင်နက်' ထဆူတာကို မိုဘိုင်းဖုန်းတွေနဲ့ Live လွှင့်ခဲ့ကြခြင်းဖြစ်စဉ်ပါ ခင်ဗျ။

( င )

'စည်းကမ်းမဲ့မှု'ကို ယခုတော့ 'ဥပဒေ'ဖြင့် ထိန်းကွပ်ရတော့မည်။ မြို့တော်ရန်ကုန်မှာ 'လူကူးခုံး ကျော်တံတားများ'ပေါ်မတက်ဘဲ အောက်မှ လမ်းဖြတ်ကူးသူများကို ဒဏ်ငွေရိုက်တော့မည်တဲ့။ 'ကျပ်သုံးသောင်း' ခင်ဗျ။ ဒီကနေ့ 'အနိမ့်ဆုံးလုပ်အားခ' 'လေးထောင့်ရှစ်ရာကျပ်'ဖြင့် နှိုင်းတွက်ကြည့်လျှင် 'မနည်းဘူး'ဟု ဆိုရမည်ဖြစ်၏။

သည်နေရာမှာ ပြောစရာရှိတာကတော့ 'စည်းကမ်းမဲ့သူများ'ကို 'စည်းကမ်းရှိသူများ'က ဖမ်းဆီးစေချင်သည်။ 'စည်းကမ်းမဲ့သူများ'ကို 'စည်းကမ်းမဲ့သူများ'က မဖမ်းဆီးစေချင်ပါ။

ဥပမာအားဖြင့် မည်သည့်ယာဉ်မှ ရပ်ခွင့်မရှိသည့် 'ဖြူနီကျား'မှာ ရပ်နေသည့်ယာဉ်များကို ဖမ်းဆီးမည့် 'ကရိန်းမော်တော်ယာဉ်'ဟာ အဲသည် 'ဖြူနီကျား' ပေါ်မှာ တနေကုန်ရပ်ထားတာမျိုး။ စည်းကမ်းမဲ့လမ်းဖြတ်ကူးသူကို လိုက်လံဖမ်းဆီးသည့် မော်တော်ဆိုင်ကယ်က လမ်းပြောင်းပြန်ကြီးမောင်းကာ လိုက်ဖမ်းတာမျိုး။

( စ )

ပြောင်းလဲချိန်တော့တန်ပြီဖြစ်၏။ 'ဘုရင်'မှသည့် 'သူတောင်းစား' အထိ ဥပဒေအောက်တွင် အတူရှိရမည်။ 'စည်းကမ်း'–ကလနားအောက်မှာ အတူရှိရမည်။ 'ဥပဒေစည်းကမ်း'အထက်မှာ နေချင်သည့်စိတ်ဖြင့် ရှူးကြောင်ကြောင်လုပ်ကာ တက်ထိုင်ခွင့်မရှိ။ 'အစိုးရမင်း'များလည်း 'စည်းကမ်း'ရှိရမည်၊ 'လွှတ်တော်'အတွင်းမှာလည်း 'စည်းကမ်း'လိုက်နာရမည်။

လွှတ်တော်ဥက္ကဋ္ဌကြီးက 'ထိုင် ထိုင်'ဟု ပြောနေတာကို မထိုင်ဘဲ၊ ဂရုမစိုက်ဘဲ စည်းမဲ့ကမ်းမဲ့ 'ထ ထ'နေလျှင်ကား မကောင်း။

နိုင်ငံတော်ယာဉ်ကြီးမြန်နှုန်းမြှင့်ကာ မောင်းနှင်နေသည့် လမ်းကြောင်းပေါ်မှာ စည်းကမ်းမဲ့သူများကိုကား 'စည်းကမ်းကြိမ်' ဖြင့် 'တို့'ရန် လိုပေပြီ။

ဆာသော်ဒိုး



51st Street Centre 09 7818 20710 အမှတ် (၁၀၅)၊ ပထမထပ်၊ (၅၁) လမ်းနှင့် အနော်ရထာလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်

www.free4readers.com


ပိဋကလာခရိုင် ဝမ်းတွင်းမြို့ မြေတိုင်ကန်ကျေးရွာတွင်ပြုလုပ်ခဲ့သည့် "ကျေးလက်ပြည်သူများနှင့် ငြိမ်းချမ်းရေးစကားဝိုင်း" ခရီးစဉ်အတွင်း နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဒေသခံအဘိုးအဘွားများ တွေ့ဆုံခဲ့ကြပုံ

## (ဆရာ)ကိုမာကျောထံသို့ အိတ်ဖွင့်ပေးစာ

# အသီးတရာ အညာတခု

**ဆရာသောင်း (ရမည်းသင်း)**

ချစ်ခင်လေးစားရပါသော (ဆရာ)ကိုမာကျော ခင်ဗျား -

ကျွန်တော်ဟာ ဆရာ့ရဲ့အမာခံစာဖတ်ပရိသတ်တဦးပါ ဆရာ။ ဆရာ့ရဲ့ကျေးဇူးကြောင့် ဒီစာကိုရေးဖြစ်သွားတာမို့ ဆရာ့ကိုကျေးဇူးအထူးတင်ပါတယ်လို့ ပဏာမအနေနဲ့ ပြောကြားလိုပါတယ်ဆရာ။ ဘာဖြစ်လို့လဲဆိုရင် ဒီစာကို သေလုအောင်ရေးချင်ခဲ့ပေမဲ့ ရေးမှရေးသင့်ရဲ့လားလို့ အကြိမ်ကြိမ်အခါခါ ချင့်ချိန်နေရင်းက ဆရာရေးတဲ့ (ဆို့နင့်ကြေကွဲစွာ ဝမ်းသာရသောစာလေးတစောင်) ဆောင်းပါးကို (စောင့်ကြည့်သတင်းဂျာနယ်)မှာ ဖတ်လိုက်ရတော့မှပဲ ရေးသင့်တယ်ဆိုတဲ့အဖြေကို ရလိုက်လို့ပါပဲဆရာ . . . ။

ဆရာ့ဆောင်းပါးထဲမှာ ဆရာ့ဆီဖုန်းဆက်ပြီး ဆွေးနွေးကြတဲ့သူတချို့က "**အမေစုအစိုးရ၏ အားနည်းချက်များကို ထောက်ပြကာ ပြည်သူလူထုက အစိုးရအပေါ် မည်မျှယုံကြည်မှုကင်းမဲ့လာကြပြီ။ ၂၀၂၀ တွင်တော့ အသည်းကြားကမဲတပြား မည်သို့မည်ပုံ ဆုံးရှုံးနိုင်ဖွယ်ရှိသည်"လို့ ဝေဖန်ပြောဆိုနေ ကြတယ်ဆိုတာကို သိလိုက်ရတဲ့အခါမှာ ဩော်လူတွေဟာ သူတပါးရဲ့အားနည်းချက်ကိုသာ ထုတ်ဖော်ပြောဆိုတတ်ကြပြီး အားသာချက်တွေကိုတော့ ဘာဖြစ်လို့များ လျစ်လျူရှုတတ်ကြပါလိမ့်လို့ စိတ်မကောင်းဖြစ်ရပါတယ်ဆရာ။** တကယ်ဆိုရင် နီဂရိုးတယောက်ကို ရှုမြင်သုံးသပ်တဲ့အခါမှာ သူ့ရဲ့ဘဝက ပေးအပ်လာလို့ မည်းနက်နေတဲ့အသားအရောင်ကို အပြစ်တင်ကဲ့ရဲ့နေမယ့်အစား၊ သူ့ရဲ့ ဖြူဖွေးသန့်စင်နေတဲ့ သွားလှလှလေးတွေကို ချီးကျူးထောမနာ ပြုသင့်တယ်မဟုတ်လား ဆရာ။ အပြုသဘောနဲ့ ဝေဖန်တာကတော့ကောင်းပါတယ်။

နောက်ပြီး "အမေစုသည် သူ၏လက်တကာမ်းတွင်ရှိနေသည့် ရာဝရာခိုင်နှုန်းသော ပြည်သူဆင်းရဲသားများ၏ဘဝ မြှင့်တင်မှုလုပ်ငန်းကို သူ၏လက်တကမ်း ဟိုတက်မှာရှိတဲ့ (ပြည်တွင်းစစ်ချုပ်ငြိမ်းကာ အမျိုးသားရင်ကြားစေ့လာရေး)ဟူသော လွန်စွာခက်ခဲလှသည့် လုပ်ငန်းစဉ်ကြီးနှင့် အပြိုင် စုံကိုင်ကာလုပ် ဆောင်သင့်ပါတယ်"ဆိုတဲ့ ဝေဖန်သူတွေရဲ့ သုံးသပ် ချက်ကိုလည်း ဖတ်လိုက်ရတယ်ဆရာ။ အလွန်မတန်မှ လျော်ကန်သင့်မြတ်တဲ့ အကြံဉာဏ်ကောင်းတခုပါပဲ။

နောက်တစ်ခါ ဆရာ့ဆောင်းပါးထဲမှာ အမေစုကို မြင်တွေ့ခွင့်ရရန်ပင် မလွယ်ကူတော့သည့် အခြေ အနေသို့ ဆိုက်သွားကာ "အနုညာတ' (အနုံညာတ) မျှသာမဟုတ်သော၊ တက္ကသိုလ်ကျောင်းဆရာအိုကြီးတယောက်ဖြစ်သော ကျွန်တော်လိုလူပင် အမေစုကို လက်လှမ်းမမီတော့။ အကြံဉာဏ်လည်း ပေးခွင့်မရ။ ၃ နှစ်စာ မျှော်လင့်ချက်အသီးများပိုက်ကာ ကျွန်တော့်မှာ ပင်စင်သာယူလိုက်ရပါ၏။ ပြည်သူတို့၏ဘဝကို အမေစု မကယ်နိုင်ပါတကား"လို့ ဆွေးဆွေးမြည့်မြည့် ဆိုညည်းလာတဲ့ ဆရာ့ရဲ့ ခံစားချက်ကိုတော့ သိပ်ကြိုက်သွားပြီဆရာ။ သိပ်ကြိုက်သွားပြီ။ တကယ့်ကို ဟတ်ထိ ပါတယ်ဆရာ။

ဒါပေမဲ့ဆရာရယ် ဆရာ့စာတွေဖတ်ရင်း၊ ဖတ်ရင်းက "ဤအခြေနေမှာပင် ခေတ်အဆက်ဆက် အိပ်မက်မျှ မက်မရခဲ့သော ဖြစ်ရပ်တခုက ကျွန်တော့်ကို (အံ့အားအသင့်ကြီးသင့်သွားအောင်) ဆွဲလှုပ်ပစ်လိုက်ပါတော့သည်"လို့ ရေးထားပြန်တော့ အို . . . လှျို့ဝှက်သည်းဖိုဝတ္ထုတပုဒ် ဖတ်နေရသလို ရင်တွေ တဆတ်ဆတ်ခုန်လာပြီး တလှပ်လှပ်ခံစားရပြန်တယ် ဆရာ။ ဘာများပါလိမ့်ဆိုတဲ့ အတွေးတွေနဲ့ပေါ့။

အခုတော့ရှင်းပါပြီဆရာ။ "လွန်ခဲ့သည့် နိုဝင်ဘာလက ဝါရင့်တက္ကသိုလ်ဆရာမကြီးတယောက်သည် ဝါနုသူများနှင့်အတူ ရာထူးတိုးတင်လိုက်သည်ဟူ၏။ တန်းစီဇယား အွန်လိုင်းမှထွက်လာသောအခါ သူ့အမည်မပါဘဲ ဝါနုသူများချည်း တပုံတပင်အစဉ်လိုက်ထွက်လာခဲ့သည်ဆိုပါ၏။ သူ့လိုပင် အခြားတက္ကသိုလ်များမှ ဝါရင့်များလည်း ကြုံကြရသည်ဟူပါ၏။ ထိုဝါရင့်ဆရာမကြီးက သူ၏ဆရာမဘဝတလျှောက် ကြိုးပမ်းလုပ်ဆောင်ခဲ့သည့် စာပေရေးသားခြင်း၊ သုတေသနစာတမ်းများရေးသားဖတ်ကြားခြင်း စသည့် မှတ်တမ်းမှတ်ရာ ၁၅ ခုမကကို စနစ်တကျဖော်ပြလျက် သူ၏နစ်နာမှုအတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးလိပ်စာဖြင့် အွန်လိုင်းနှင့်ရော၊ အမြန်ချောနှင့်ပါပေးပို့ကာ အမေစုထံ မေတ္တာရပ်ခံတင်ပြလေတော့သည်။ သူစာပို့ပြီး နောက်နေ့တွင်ပင် (ရာထူးတိုးတင်သူအားလုံးကို ပြန်လည်စိစစ်ရန်ဟုဆိုကာ) တက္ကသိုလ်အသီးသီးမှ ပါမောက္ခဋ္ဌာနမှူးများအား နေပြည်တော်သို့ဆင့်ခေါ်ပြီး နှစ်ပတ်မျှအကြာတွင် မူလက တန်းစီဇယား၌မပါခဲ့သူ ဝါရင့်ဆရာ၊ ဆရာမကြီးများ ထိပ်ကပြန်ပါခဲ့ရာ ရာထူးအသီးသီးတိုး သွားကြလေသည်"လို့ ဆရာ့ဆောင်းပါးထဲမှာ ဖတ်လိုက်ရတော့မှပဲ ဩော် "လက်စသတ်တော့ ဒါကြောင့်ကိုး"လို့ ကောင်းကောင်းကြီး နားလည်သဘောပေါက်သွားပါတော့တယ်ဆရာ။ ဆရာအံ့အားသင့်မယ်ဆိုလည်း သင့်လောက်ပါပေတယ်ဆရာရယ်။ တကယ်ပဲ အံ့အားသင့်လောက်ပါပေတယ်။ ဒါမျိုးက ရှိတော့ရှိတယ်၊ ရှားတယ်ဆိုတာမျိုး မဟုတ်လားဆရာ။

နောက်ဆုံးအနေနဲ့ ဆရာ့ဆောင်းပါးထဲမှာ "အမေစုသည် သူသိသည့်ကိစ္စဆိုလျှင် ပစ်မထား၊ ကျော်မသွား၊ ရှောင်ဖယ်မသွား၊ လူတဦးချင်းစီအပေါ်မှာပင် အလေးထားတတ်သူပါတကား"လို့ ဆိုလာတဲ့ ဆရာ့သုံးသပ်ချက်ကို ကျွန်တော့်အနေနဲ့ ခြွင်းချက်မရှိ အလေးအနက် ထောက်ခံပါရစေဆရာ။ ဒါကြောင့်မို့လည်း ဆရာ့ဆီကို ဒီစာရေးဖြစ်သွားတာပါ။ အခုလို ရေးဖြစ်သွားတာကြောင့်လည်း ဆရာ့ကို ကျေးဇူးကမ္ဘာပါလို့ ပြောတာပေါ့ ဆရာရယ်။

ဆရာသိတဲ့အတိုင်း နိုင်ငံ့ဝန်ထမ်းလစာနှုန်းတွေဟာ တဖြည်းဖြည်းတိုးတက်ပြောင်းလဲနေတာမို့ လစာနှုန်းနိမ့်တုန်းက ပင်စင်ယူခဲ့တဲ့သူနဲ့ လစာနှုန်းမြင့်မှ ပင်စင်ယူတဲ့သူဟာ အဆင့်တူ၊ ရာထူးတူ၊ လုပ်သက်တူဖြစ်ကြပေမဲ့ နောက်ဆုံးထုတ်လစာချင်း မတူညီကြတာကြောင့် ရရှိလာတဲ့ ပင်စင်လစာချင်းဟာ မိုးနဲ့မြေလောက် ကွာခြားရခဲ့ကြတယ်မို့လားဆရာ။ ဆရာကိုယ်တိုင် ပင်စင်စားမို့ ဆရာတို့၊ ကျွန်တော်တို့ဟာ ဘဝတူတွေပဲပေါ့။ အဲဒီကိစ္စနှင့်ပတ်သက်ပြီး ရာထူးတူ၊ လုပ်သက်တူရင် ဘယ်အချိန်မှာပဲ ပင်စင်ယူယူ ပင်စင်လစာချင်းအတူတူ ခံစားခွင့်ပြုပေးပါရန်ဆိုပြီး သမ္မတကြီးဦးသိန်းစိန်တို့ လက်ထက်တုန်းက "တတ်သိနားလည်လွန်းလို့ ပြောရသည်တော့မဟုတ်ပေ"ဆိုတဲ့ ဆောင်းပါးလေးကို (စောင့်ကြည့်သတင်းဂျာနယ်)မှာ ကျွန်တော်ရေးသားခဲ့ပါတယ် ဆရာ။ နောက်ပြီး အမေစုတို့အစိုးရတက်ခါစကလည်း "မခေါ်ချင်ထားခဲ့လေ အမြော်အမြင်တရားနဲ့ပေ"ဆိုတဲ့ ဆောင်းပါးလေးနဲ့ ဒီပင်စင်ကိစ္စကိုပဲ (မြန်မာ့အလင်းသတင်းစာ)မှာ ကျွန်တော် ရေးသားခဲ့ပါသေးတယ်ဆရာ။ နောက်တခါ ၂၀၁၇ ခုနှစ် အောက်တိုဘာလမှာ "တရားသဏ္ဍာန် ကွဲပြားအမှားအမှန် ခွဲခြားဆင်ခြင်တော်မူပေ"ဆိုတဲ့ ပင်စင်ဆောင်းပါးကို (ကြေးမုံသတင်းစာ) ပြည်သူ့သဘောထားစင်မြင့်ကဏ္ဍမှာ ထပ်ပြီးရေးသားရန်တောင်းဆိုခဲ့ပါတယ် ဆရာ။

ဒါပေမဲ့ဆရာရယ်၊ ဒီကိစ္စတွေနဲ့ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ်တွေက မေးတဲ့အခါတိုင်းမှာ ဘတ်ဂျက်မလုံလောက်လို့ မပေးနိုင်သေးတဲ့အကြောင်းကိုပဲ ထပ်တလဲလဲဖြေကြားနေခဲ့တယ်ဆရာ။ မဟုတ်မှလွဲရော ဒီကိစ္စတွေကို အမေစုအနေနဲ့ ဂ၊ ဃ၊ န၊ ဏ သေသေချာချာ မသိသေးလို့သာနေမှာပဲဆိုပြီး တကယ်သာ အမေစုသိရင် ပင်စင်စားတွေရဲ့ဒုက္ခတွေကို လက်ပိုက်ကြည့်နေမှာမဟုတ်ဘူးဆိုတဲ့ မျှော်လင့်ချက်၊ ယုံကြည်ချက်တွေနဲ့ ပင်စင်လစာတိုးမြှင့်ပေးဖို့အတွက် "နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင် ဆန်းစုကြည်ထံသို့ အရေးကြီးကိစ္စအသနားခံစာ"လို့ ရေးပြီး (၂၁-၈-၂၀၁၈)နေ့က နိုင်ငံတော်သမ္မတရုံးမှ တဆင့် အမေစုထံကို ရမည်းသင်းစာတိုက်ကြီးမှ အမြန်ချောစာနဲ့ အရဲစွန့်ပေးပို့ခဲ့ပါတယ်ဆရာ။ နောက်တခါ လိုအပ်နေတဲ့ ပင်စင်အမိန့်စာမိတ္တူတွေရယ် ကျွန်တော် ရေးသားတင်ပြခဲ့တဲ့ ဆောင်းပါးမိတ္တူတွေရယ်ကို အဲဒီအသနားခံစာနဲ့ပူးတွဲပြီး (၁၀-၁၁-၂၀၁၈)နေ့က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးကို အမြန်ချောစာနဲ့ပဲ တိုက်ရိုက်လိပ်မူ ပေးပို့ခဲ့ပါသေးတယ်ဆရာ။

စာ (၁၄) သို့



# ကမ္ဘာ့နံပါတ်(၁) Deodorant အမှတ်တံဆိပ် Rexona အား မြန်မာနိုင်ငံတွင် စတင်မိတ်ဆက်



နေ့စဉ်နေ့တိုင်းတွင် ကမ္ဘာတဝန်းလုံးရှိ လူသန်းပေါင်းများစွာမှ နှစ်သက်သဘောကျပြီး ယုံကြည်သုံးစွဲလျက်ရှိသော လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်လျက်ရှိသည့် Unilever သည် ကမ္ဘာ့နံပါတ်(၁) Deodorant အမှတ်တံဆိပ် Rexona အား မြန်မာနိုင်ငံရှိ သုံးစွဲသူများအတွက် စတင်မိတ်ဆက်ပေးလိုက်ပြီဖြစ်သည်။ ဘီထွင်ဆန်းသစ်သော တကိုယ်ရေသန့်ရှင်းမှု နည်းပညာများဖြင့် ဖော်စပ်ထုတ်လုပ်ထားသည့် အမျိုးသမီးသုံး Advanced Whitening Fresh Rose၊ Advanced Whitening Fresh Lilly၊ Power Dry + Whitening Roll-on သုံးမျိုးနှင့် အမျိုးသားသုံး Ice Cool + Anti Stain and Invisible Dry (Black + White) Roll-on နှစ်မျိုးတို့ကို ဈေးကွက်အတွင်း ယူဆောင်လာခြင်းဖြစ်သည်။

Advanced Whitening Roll-on သဘာဝအသားဖြူပစ္စည်းများဖြစ်သော Vitamin E ၊ နှယ်နီအဆီအနှစ်နှင့် ဂလစ်ဆရင်းတို့ပါဝင်သောကြောင့် ချိုင်းကြားအသားအရေကို ၃ ဆ ပိုမိုဖြူဝင်းစေနိုင်သည်။ နှင်းဆီရနံ့နှင့် လီလီပန်းရနံ့ နှစ်မျိုးဖြင့်ရရှိနိုင်သောကြောင့် တနေကုန်မွှေးရနံ့နှင့် လန်းဆန်းနေစေမှာဖြစ်သည်။ အခြားသော အမျိုးသမီးသုံး Rool-on ဖြစ်သည့် Power Dry + Whitening Roll-on သည် ပေါင်ဒါကဲ့သို့ အထိအတွေ့နှင့် ချိုင်းကို တနေကုန်ခြောက်သွေ့လန်းဆန်းနေစေမည်ဖြစ်ပြီး Vitamin E ပါဝင်သောကြောင့် ချိုင်းကိုလည်း ပိုဖြူလာစေနိုင်သည်။ အမျိုးသားသုံး Roll-on အမျိုးအစားဖြစ်သည့် Ice Cool + Anti Stain Roll-on နှင့် Invisible Dry Roll-on များသည် Rexona ၏ မူပိုင် Motion Sense™ Techology ကြောင့် သုံးစွဲသူများလှုပ်ရှားလေ ပိုမိုလန်းဆန်းအေးမြမှုကို ခံစားရစေသည်။ ထို့အပြင် အင်္ကျီများတွင် စွန်းထင်းမှုများမှ ကာကွယ်ပေးနိုင်သည့် နည်းပညာနှင့် ပေါင်းစပ်ထုတ်လုပ်ထားသည်။

Rexona ၏ အသစ်ထုတ်လုပ်လိုက်သော Roll-on များကို ၅၀ မီလီဘူးဆိုဒ်ဖြင့် နိုင်ငံအနှံ့တွင် ဖြန့်ဖြူးရောင်းချပေးလျက်ရှိပြီး Advanced Whitening Fresh Rose Roll-on ကို ၂၅ မီလီဆိုဒ်ဖြင့်ပါ ဝယ်ယူရရှိနိုင်ပြီဖြစ်ကြောင်း သိရသည်။

*Y2H*

## အင်္ဂလိပ်စာအုပ်များကို အထူးလျှော့ဈေးဖြင့် ရောင်းချမည်

ဒုတိယအကြိမ်မြောက် ကမ္ဘာ့အကြီးဆုံး စာအုပ်ဈေးရောင်းပွဲတော် The Big Bad Wolf Book Sale ကို မန္တလေးမြို့တွင်ကျင်းပမည်ဖြစ်ရာ ယင်းပွဲတွင် အင်္ဂလိပ်စာအုပ်များကို အထူးလျှော့ဈေးဖြင့် ရောင်းချမည်ဖြစ်ကြောင်း အဆိုပါပွဲ စီစဉ်ကျင်းပသူ Read 2 Read (Myanmar)၏ ဒါရိုက်တာ ဦးမျိုးအောင်က ပြောကြားသည်။

အဆိုပါပွဲကို မန္တလေးကွန်ဗင်းရှင်းစင်တာ၌ မေလ ၃၁ ရက်မှ ဇွန်လ ၁၀ ရက်အထိ ၂၄ နာရီပတ်လုံး ရောင်းချမည်ဖြစ်ကြောင်းနှင့် ဝင်ကြေးအခမဲ့ဖြင့် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း ၎င်းထံမှ သိရသည်။

ယင်းပွဲတော်တွင် အရည်အသွေးကောင်းမွန်သည့် အသစ်စက်စက် အင်္ဂလိပ်စာအုပ်များကို မူရင်းဈေး၏ ၅၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအထိ အထူးလျှော့ဈေးများဖြင့် ရောင်းချမည်ဖြစ်ပြီး ဂန္ထဝင်ဝတ္ထုများ၊ သိပ္ပံစိတ်ကူးယဉ်ဝတ္ထုများ၊ အချစ်ဝတ္ထု၊ သုတရသစာပေများ၊ ဟာသ သရုပ်ပြစာအုပ်များ၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ ကျန်းမာရေးအပါအဝင် စာအုပ်အမျိုးအစားစုံလင်စွာ ရရှိမည်ဖြစ်သည်။

*TZ*

## ဂျပန်နိုင်ငံ၏ နာမည်ကျော်ခေါက်ဆွဲ Ippudo Ramen ဆိုင်ခွဲ မြန်မာပြည်တွင် လာရောက်ဖွင့်လှစ်




အရှေ့တောင်အာရှတွင်သာမက ကမ္ဘာတဝန်းတွင် ဖွင့်လှစ်ရောင်းချနေသည့် ဂျပန်နိုင်ငံ၏နာမည်ကျော်ခေါက်ဆွဲ Ippudo Ramen ဆိုင်ကို မြန်မာပြည်တွင် ၂၀၁ ဆိုင်မြောက်ဆိုင်ခွဲအဖြစ် မေလ ၁၈ ရက် ညနေပိုင်းက ရန်ကုန်မြို့ Crystal Tower (Junction Square) ၌ ဖွင့်လှစ်ခဲ့သည်။

"Ippudo က ကမ္ဘာအရပ်ရပ်မှာ နာမည်ကြီးပြီးသား ဆိုင်တဆိုင်ဖြစ်နေတော့ မြန်မာပြည်မှာလည်း ဒီ Brand ကို မိတ်ဆက်ပေးစေချင်တဲ့ ရည်ရွယ်ချက်နဲ့ ဖွင့်လှစ်ခဲ့တာပါ။ ဒီဆိုင်ကတော့ ကမ္ဘာအရပ်ရပ်မှာ ဖွင့်လှစ်တဲ့ဆိုင်ခွဲတွေအနက် ၂၀၁ ဆိုင်မြောက်ဆိုင်ခွဲပါ။ ကျွန်မတို့ ဆိုင်ခွဲသစ်ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အနေနဲ့ မေလ ၁၈ ရက်နဲ့ မေလ ၁၉ ရက်မှာ ပထမဦးဆုံးရောက်လာတဲ့စားသုံးသူ အယောက် ၁၀၀ ကို အခမဲ့ကျွေးမွေးသွားမှာပါ။ ပရိုမိုးရှင်းအနေနဲ့ကတော့ ၅၀ ရာခိုင်နှုန်း Dissocunt ကို မေလ ၂၀ ရက်ကနေစပြီး ၂၄ ရက်အထိ ပေးထားပါတယ်။ အဲဒါတွေအပြင် ဆိုင်နဲ့ပတ်သက်ပြီး ဗဟုသုတပိုင်းဆိုင်ရာ ပြိုင်ပွဲလေးတွေကိုလည်း ပြုလုပ်သွားဖို့ရှိပါတယ်။ Online ကနေဖြေဆိုနိုင်မယ့် ပြိုင်ပွဲလေးပါ။ ဒီပြိုင်ပွဲမှာ အနိုင်ရတဲ့သူတွေကို Ippudo Ramen ဆိုင်မှာ အခမဲ့စားသုံးခွင့်ဘောက်ချာလေးတွေပေးထားတာမျိုး စီစဉ်ထားပါသေးတယ်"ဟု Singapore Myanmar Investco Co.Ltd ၏ Deputy General Manager ဒေါ်ခင်သီတာစိုး (Scarlet ) က ပြောသည်။

အဆိုပါ Ippudo Ramen ဆိုင်ခွဲတွင် ဂျပန်နိုင်ငံ၏နာမည်ကျော် အစားအစာများဖြစ်သည့် Shiromaru၊ Akamaru၊ Karakamen အစရှိသည့် အစားအစာများကို ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

၁၉၈၅ ခုနှစ်မှစတင်၍ ဂျပန်နိုင်ငံ Daimyo ခရိုင်၊ Fukuoka တွင် ဖွင့်လှစ်ရောင်းချခဲ့သည့် Ippudo Ramen သည် လက်ရှိတွင်ကမ္ဘာတဝန်းတွင် ဆိုင်ခွဲပေါင်း ၂၂၀ ကျော်အထိ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

*Kls*



# စောင့် ကြည့် စာ အုပ် စင်

စောပြည့်ညို

## မြင့်နောင်ဘာသာပြန်ဆိုသည့် ရှမ်းသမိုင်း




မြန်မာနိုင်ငံတွင် လူမျိုးစုများထဲမှာ ရှမ်း၊ မွန်၊ ရခိုင်တို့မှာ သူတို့လူမျိုးသမိုင်း အစကနဦးကတည်းက ဗုဒ္ဓဘာသာကိုးကွယ်သောလူမျိုးများအဖြစ် တွေ့ရသည်။ သူတို့သည် ယဇ်ပူဇော်ခြင်း၊ နတ်ကိုးကွယ်ခြင်း၊ နတ်များအားတိရစ္ဆာန်များကိုသတ်ပြီး ပူဇော်ခြင်းများ မလုပ်ကြ။ ဗုဒ္ဓဘာသာကိုးကွယ်မှုသည် ယဉ်ကျေးမှုအတိုင်းအတာကို ဖော်ပြပါသည်။ အရပ်ထဲမှာပင် ဆိုရိုးစကားရှိပါသည်။ တမူးရလို့ တပဲလှူ၊ တို့ ရှမ်းတောင်သူ၊ တူနိုင်ရိုးလား''ဆိုသည့် စကားပင်။ အလှူအတန်း ရက်ရောသည်။ ဗုဒ္ဓအဆုံးအမကို လေးလေးနက်နက် ခံယူကြသည်။ အလားတူပင် မွန်နှင့်ရခိုင်တို့လည်း ထို့အတူပင်။

ဤစာအုပ်သည် ရှမ်း (အဖိနှိပ်ခံသမိုင်း)ဟု အမည်ပေးထားပါသည်။ ရှမ်းလူမျိုးတို့၏ သမိုင်း၊ တိုင်းပြည်အနှံ့ ပျံ့နှံ့နေထိုင်ရာ နေရာဒေသ၊ သူတို့ ဘာကြောင့် နေရာဒေသအနှံ့ ပျံ့နှံ့ရောက်ရှိသွားသည့် သမိုင်းကြောင်း၊ နောက်ဆုံး မြန်မာနိုင်ငံ စစ်အာဏာရှင် ဗိုလ်ချုပ်နေဝင်း အာဏာသိမ်းပြီး မြန်မာသမ္မတစဝ်ရွှေသိုက်ကို ဖမ်း ဆီးထောင်ချ၊ သူ၏ သားငယ်ကိုပစ်သတ်ခဲ့ သည့်အကြောင်း ၁၉၆၄ ခုနှစ် ရှမ်းပြည်တပ်မတော်ကို တည်ထောင်ခြင်းမှာ အဆုံးသတ်ထားသည်။ (From Princes to Persecuted: A Condensed history of the Shan/ Tai to 1962) အမည်ရှိ စာအုပ်ကို ဘာသာပြန်ဆိုထားခြင်း ဖြစ်သည်။ ဥရောပ ဗမာရုံးဌာန၊ အလုပ်အမှုဆောင် ဒါရိုက်တာ ဟန်ယောင်ဟွေ (စဝ် ရွှေသိုက်၏ သား) က အမှာစာရေးထားသည်။

တချိန်တုန်းက ပြည်ထောင်စုအဖြစ် စည်းလုံးမှုမရှိခဲ့ကြ၊ မိမိလူမျိုးအချင်းချင်းပင် စည်းလုံးမှုမရှိကြစဉ် ရှမ်းသည်လည်းကောင်း၊ မွန်သည်လည်းကောင်း၊ ရခိုင်သည်လည်းကောင်း အချင်းချင်းသတ် ဖြတ်ညှဉ်းဆဲဖိနှိပ်တတ်ကြသည်မှာ သမိုင်းတွင်တွေ့ကြုံရမြဲ ဓမ္မတာပင်ဖြစ်ပါသည်။ ပဒေသရာဇ်ခေတ်၊ မြေရှင်လယ်ရှင်အထက် တန်းလွှာတို့သာ ကောင်းစားသောခေတ်မှသည် ဒီမိုကရေစီခေတ်သို့ ပြောင်းလဲလာသည့်အခါ ပြည်ထောင်စုအဖြစ် အားလုံး လက်တွဲစည်းလုံးကာ ဒီမိုကရေစီခေတ်ကို တည်ဆောက်ကြရပေလိမ့်မည်။ ဤသို့ လက်တွဲစည်းလုံးခြင်းဖြင့် မိမိတို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံများ တိမ်ကောသွားစရာ အကြောင်းမရှိဘဲ ယဉ်ကျေးမှုဓလေ့ထုံးစံတို့ကို ပြန်လည်ဖော်ထုတ်ကြရခြင်းဖြင့် လူမျိုးစုတို့၏ ယဉ်ကျေးမှုလည်း အလေးထားစရာဖြစ်လာပါလိမ့်မည်။

လူမျိုးတိုင်းမှာ အတိတ်ရှိသည်၊ အတိတ်ရှိ၍ သမိုင်းရှိသည်။ ထိုအတိတ်ကို သင်ခန်းစာယူပြီး အနာဂတ်တွင် ဘယ်လို တိုးတက်အောင်လုပ်ရမည်ဆိုသည်ကိုသာ ကြံကြံဖန်ဖန်ကြရမည် မဟုတ်ပါလား။

စာအုပ်ကောင်းများကိုထုတ်ဝေနေသော ယဉ်မျိုးစာပေ၊ ၂၇၄ B လမ်း ၄၀ (အပေါ်လမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ၀၉၇၃၂၀၁၅၈၆၆၊ ၀၉ ၇၉၅၂၆၇၈၃၄ တို့မှ ထုတ်ဝေဖြန့်ချိထားပါသည်။

**စောပြည့်ညို**

## မွန်ပြည်နယ်ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းတွင် တိုင်းရင်းသားဘာသာများ ထည့်သွင်းသင်ကြားမည်

မွန်ပြည်နယ်ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းတွင် တိုင်းရင်းသားဘာသာစကားများ ထည့်သွင်းသင်ကြားပေးသွားမည်ဖြစ်ပြီး နားလည်လွယ်စေရန် ရေးဆွဲထားကြောင်း မွန်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်းက ပြောကြားသည်။

မွန်ပြည်နယ်ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းမူကြမ်းမိတ်ဆက်ပွဲကို မေလ ၂၀ ရက်နေ့က မော်လမြိုင်မြို့ ငွေမိုးဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်သည်။

''ဒေသသင်ရိုးညွှန်းတမ်းဟာ ပညာရေးဝန်ကြီးဌာန ရေရှည်မျှော်မှန်းချက်တခုဖြစ်ပါတယ်။ ဖက်ဒရယ်ပညာရေးအတွက် ပထမခြေလှမ်းဖြစ်ပြီး လုပ်ငန်းအောင်မြင်ရေးဟာ အသွင်သဏ္ဍာန်ရော အနှစ်သာရပါအရေးကြီးပါတယ်။ မွန်ပြည်နယ်ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းကို ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်ဆိုပြီး သုံးပိုင်းခွဲထားတယ်။ ဆရာကိုင်စာအုပ်နဲ့ ကျောင်းသားကိုင်စာအုပ်ကို ရေးဆွဲထားပြီးဖြစ်တယ်''ဟု ဒေါက်တာထိန်လင်းကပြောသည်။

မွန်ပြည်နယ်ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းကို ၂၀၁၉-၂၀ ပညာသင်နှစ်တွင် စတင်သင်ကြားသွားမည်ဖြစ်ပြီး ပြည်နယ်အတွင်းရှိ ကလေးများအတွက် ဒေသပညာရှင်များကိုယ်တိုင် ညှိနှိုင်းတိုင်ပင်ရေးဆွဲပြုစုနိုင်ရန်အတွက် ပညာရေးဝန်ကြီးဌာနမှ ၂၀၁၇ ခုနှစ်တွင် ဒေသသင်ရိုးရေးဆွဲအညွှန်း လမ်းညွှန်ချက်ပေးခဲ့သည်ဟု ၎င်းက ဆက်လက်ပြောသည်။

ဒေသသင်ရိုးညွှန်းတမ်းတွင် တိုင်းရင်းသားဘာသာစကားများ၊ ဒေသဆိုင်ရာ သိမှတ်ဖွယ်ရာများဟူ၍ အပိုင်း ၂ ပိုင်းပါရှိပြီး ယနေ့ရှင်းလင်းပွဲတွင် မူချောထွက်ရှိရန်အတွက် လိုအပ်ချက်များ ဖြည့်စွက်ချက်များနှင့် ပြင်ဆင်ချက်များကို မှတ်တမ်းတင်သွားမည်ဖြစ်ကြောင်း မွန်ပြည်နယ် ပညာရေးမှူးဒေါက်တာချိုချိုမြတ်အောင်က ဆိုသည်။

''ဒီနေ့မှတ်တမ်းတင်တဲ့ဟာကို သင်ရိုးညွှန်းတမ်းရေးဆွဲရေးကော်မတီကို တင်ပြမယ်။ သင်ရိုးညွှန်းတမ်း အများကြီး ထည့်လိုက်ရင် ကလေးတွေ မလိုက်နိုင်တော့ဘူး။ အဲဒီတော့ သူတို့တွေက လက်ခံနိုင်မယ့်အတိုင်းအတာကို ချင့်ချိန်ရမယ်'' ဟု ၎င်းက ပြောသည်။

အသက် သုံးနှစ်မှ ငါးနှစ်အရွယ် ကလေးငယ်များ နားလည်လွယ်ပြီး လက်ခံနိုင်မည့်စကားလုံး တိုတိုရှင်းရှင်းနှင့် ဝါကျများကို ထည့်သွင်းရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

အဆိုပါ သင်ရိုးညွှန်းတမ်းတွင် ကလေးများမှတ်မိလွယ်အောင် စာသားများကို ပေါ့ပေါ့ပါးပါးနှင့် လိုရင်းတိုရှင်းထည့်သွင်းထားပြီး ရုပ်ပုံများနှင့် တွဲဖက်ဖော်ပြထားကြောင်း ပိုးကရင်ဘာသာစကား သင်ရိုးညွှန်းတမ်းမူကြမ်းရေးဆွဲသူ နန်းမြင့်တင်က ဆိုသည်။

မွန်ပြည်နယ်နှင့်အတူ ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းကို ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် စတင်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ **ထိုက်ထိုက်**

## တရုတ်နိုင်ငံသို့စေလွှတ်ခဲ့သည့် ပညာတော်သင် ၈၇ ဦးကို တက္ကသိုလ်၊ ကောလိပ်များတွင် ခန့်ထားတာဝန်ပေးရန် ပညာရေးဝန်ကြီးဌာနသို့ တင်ပြထား

တရုတ်နိုင်ငံသို့ ပညာတော်သင်စေလွှတ်ခဲ့သည့် မြန်မာကျောင်းသား၊ ကျောင်းသူ ၈၇ ဦးကို တက္ကသိုလ်၊ ကောလိပ်(သို့မဟုတ်) အထက်တန်းကျောင်းများတွင် ခန့်ထားတာဝန်ပေးရန် ပညာရေးဝန်ကြီးဌာနသို့တင်ပြထားကြောင်း မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း (ဗဟို)ဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်က ပြောသည်။

မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို) တည်ထောင်ခြင်း ၆ နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကို မေလ ၂၀ ရက်နေ့က ရန်ကုန်မြို့ Myanmar Sport Hotel တွင်ကျင်းပပြုလုပ်ခဲ့ပြီး ယင်းအခမ်းအနားတွင် အသင်းဥက္ကဋ္ဌက ပြောကြားခဲ့ခြင်းဖြစ်သည်။

''ကျွန်တော်တို့ ကျောင်းသားတွေအားလုံး တရုတ်ပြည်မှာ ပညာတော်သင် ၃၀၀ လောက်ရှိပါတယ်။ အခု ၂၀၁၉ ခုနှစ်မှာ ၈၇ ဦး ပြန်ရောက်လာပါပြီ။ ပညာရေးဝန်ကြီးဌာနကိုတင်ပြပြီးတော့ သက်မွေးဝမ်းကျောင်းဆိုင်ရာတက္ကသိုလ်နဲ့ ကောလိပ်သို့မဟုတ် အထက်တန်းကျောင်းတွေမှာ တာဝန်ပေးနိုင်ရေးအတွက် မေတ္တာရပ်ခံဆောင်ရွက်ချက်ရှိပါတယ်''ဟု အသင်းဥက္ကဋ္ဌဦးစိန်ဝင်းအောင်က ပြောသည်။

အဆိုပါပညာတော်သင် ၈၇ ဦးမှာ ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် ဧပြီလအတွင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံလက်အောက်ရှိ အသက်မွေးဝမ်းကျောင်းကောလိပ်၊ တက္ကသိုလ်များတွင် အသက်မွေးဝမ်းကျောင်းပညာများကို ၃ နှစ်သင်တန်းတက်ရောက်ရန် မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)မှ စေလွှတ်ခဲ့သူများဖြစ်ကြောင်း သိရသည်။

''တကယ်လို့ အစိုးရက မယူတော့ဘူးဆိုရင်တော့ ကျွန်တော်တို့က တရုတ်ပြည်ကလာပြီး ရင်းနှီးမြှုပ်နှံထားတဲ့ ကုမ္ပဏီတွေ အများကြီးရှိပါတယ်။ အဲဒီကုမ္ပဏီတွေမှာ တာဝန်ထမ်းဆောင်ဖို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်''ဟု ဦးစိန်ဝင်းအောင်က ပြော သည်။

မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)အနေဖြင့် ပညာရေးကဏ္ဍအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံအတွင်းရှိ တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်းများနှင့်ပူးပေါင်း၍ မြန်မာနိုင်ငံမှ ကျောင်းသား၊ ကျောင်းသူများအား စကောလားရှစ် (Scholarship)ဖြင့် တရုတ်နိုင်ငံသို့ လက်မှုပညာများနှင့် အခြားဘာသာရပ်များ ပညာသင်ယူရန် စေလွှတ်လျက်ရှိပြီး လေ့လာရေးခရီးစဉ်များ၊ တွေ့ဆုံပွဲများလည်း စေလွှတ်လျက်ရှိကြောင်း သိရသည်။



မြန်မာကျောင်းသားများအား တရုတ်ပြည်သူ့သမ္မတနိုင်ငံလက်အောက်ရှိ အသက်မွေးဝမ်းကျောင်း ကောလိပ်၊ တက္ကသိုလ် များတွင် အသက်မွေးဝမ်းကျောင်းပညာ ၃ နှစ်သင်တန်းအတွက်စေလွှတ်ခဲ့မှု စာရင်းဇယားများအရ ၂၀၁၆ ခုနှစ် ဧပြီလ ၉ ရက်၊ ၁၀ ရက်နေ့များတွင် ပထမအသုတ်အဖြစ် ကျောင်းသားကျောင်းသူ ၈၇ ဦးကိုလည်းကောင်း၊ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်နေ့တွင် ဒုတိယအသုတ်အဖြစ် ကျောင်းသားကျောင်းသူ ၈၅ ဦးကို လည်းကောင်း၊ ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် တတိယအသုတ်အဖြစ် ကျောင်းသားကျောင်းသူ ၁၀ ဦးကို လည်းကောင်း၊ ၂၀၁၈ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် စတုတ္ထအသုတ်အဖြစ် ကျောင်းသားကျောင်းသူ ၁၅ ဦးအားလည်းကောင်း၊ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၉ ရက်နေ့တွင် ပဉ္စမအသုတ်အဖြစ် ကျောင်းသားကျောင်းသူ ၁၀ ဦးကို လည်းကောင်း၊ ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၉ ရက်နေ့တွင် ဆဋ္ဌမအသုတ်အဖြစ် ကျောင်းသားကျောင်းသူ ၁၄ ဦးကိုလည်းကောင်း၊ အသီးသီးစေလွှတ်ခဲ့ရာ စုစုပေါင်း ၂၂၁ ဦး ပညာတော်သင် စေလွှတ်ပေးထားခဲ့ကြောင်း သိရသည်။

**ကိုလင်း**

www.free4readers.com

www.free4readers.com



## လှိုင်သာယာမြို့နယ် ရန်ကုန်-ပုသိမ်လမ်းမကြီး ဘေးဝဲယာရှိ နေထိုင်ရေးအခက်အခဲရှိသူများအတွက် တန်ဖိုးနည်းအိမ်ရာ ဖော်ဆောင်ပေးရန် လူဦးရေစာရင်းများ ကောက်ယူနေ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ် ရန်ကုန်-ပုသိမ် လမ်းမကြီး ဘေးဝဲယာရှိ နေထိုင်ရေးအခက်အခဲရှိသူများအတွက် အစုအဖွဲ့ပိုင်တန်ဖိုးနည်းအိမ်ရာဖော်ဆောင်ပေးရန် လူဦးရေစာရင်းများကောက်ယူနေကြောင်း Women for the world (ပျိုမေ့အိမ်လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်း- အင်းစိန်)မှ သိရသည်။

ယင်းသို့ နေထိုင်ရေးအခက်အခဲရှိသူများအား အစုအဖွဲ့ပိုင်တန်ဖိုးနည်းအိမ်ရာဖော်ဆောင်ပေးရေးစာရင်းများကောက်ယူရာတွင် ကျူးကျော်နေထိုင်သူများမကဘဲ အဆောင်ငှားနေသူများ၊ နေထိုင်ရေးခက်ခဲနေသူများလည်း ကောက်ယူခြင်းဖြစ်ကြောင်း ပျိုမေ့အိမ်လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်း(အင်းစိန်)တည်ထောင်သူ ဒေါ်ဇန်လီဇာအောင်က News Watch သို့ ပြောသည်။

''အဓိကကတော့ နေထိုင်ရေးအတွက် အခက်အခဲဖြစ်နေတဲ့ ဝင်ငွေနည်းမိသားစုတွေကို ဦးတည်ပြီး ကောက်နေတာပါ။ ဒီမှာအခြေချနေထိုင်တယ်။ နေထိုင်ရေး အခက်အခဲဖြစ်နေပြီး ဝင်ငွေကလည်း နည်းနေတဲ့ အခုလက်ရှိအစိုးရက လုပ်နေတဲ့ စီမံကိန်းတွေ ပုဂ္ဂလိကတွေ အကောင်အထည်ဖော်နေတဲ့ အိမ်ရာတွေကို ဘယ်လိုမှ လက်လှမ်းမမီတဲ့သူတွေကို စုပေါင်းပိုင်အိမ်ရာ အကောင်အထည်ဖော်ပေးမှာပါ။ တိုင်းဒေသကြီးအစိုးရကတော့ အရင်က စမတ်ကတ်တွေ ထုတ်ပေးထားတာရှိတယ်။ ကျွန်မတို့ စာရင်းကောက်တာက စမတ်ကတ်ရှိရှိ၊ မရှိရှိ အိမ်တကယ်လိုအပ်နေတဲ့သူကို ပါစေချင်တာ။ အဲတော့ စမတ်ကတ်ရှိတဲ့သူတွေကိုလည်း စာရင်းကောက်တယ်။ စမတ်ကတ်မရှိတဲ့သူတွေကိုလည်း စာရင်းကောက်တယ်။ အခုစကောက်နေပါပြီ။ နောက်ပိုင်းကျရင်တော့ လှိုင်သာယာမြို့နယ်တခုလုံးကို ကောက်မှာပါ။ တပတ်အတွင်း ကောက်မှာဆိုတော့ လာမယ့် စနေနေ့ဆိုရင်ပြီးပါပြီ''ဟု ၎င်းက ပြောသည်။

အစုအဖွဲ့ပိုင်တန်ဖိုးနည်းအိမ်ရာဖော်ဆောင်ရေးစီမံကိန်းကို စီမံကြီးကြပ်ကွပ်ကဲရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် Women for the world (ပျိုမေ့အိမ်လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်း-အင်းစိန်)တို့ ညှိနှိုင်းဆွေးနွေးခဲ့ပြီး ဧပြီလ ၁၁ ရက်နေ့တွင် ကော်မတီဖွဲ့စည်းထားပြီးဖြစ်ကြောင်းသိရသည်။

''ကျွန်မတို့ကတော့ အခုမှ ဆာဗေးကိုသွားနေတာ။ အခု ရန်ကုန်-ပုသိမ်လမ်းဘေးဝဲယာကိုတော့ စပြီးစာရင်းကောက်တာပေ့ါ။ အဲဒီမှာတော့ အခုအိမ်ခြေ ၁၇၀၀ ကျော်ကျော်တော့ရှိတယ်။ အဲဒါကို တပတ်လောက် ကောက်မယ်။ ပြီးတော့မှ တခြားလမ်းဘေးဝဲယာတွေ ရပ်ကွက်အလိုက်ပေ့ါ။ လှိုင်သာယာမှာက ရပ်ကွက် ၂၉ ခုရှိတာ'' ဟု ဒေါ်ဇန်လီဇာအောင်က ပြောသည်။

အစုအဖွဲ့ပိုင်တန်ဖိုးနည်းအိမ်ရာဖော်ဆောင်ရာတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရက မြေနေရာပေးခြင်း၊ ရေ၊ မီး၊ လမ်း စသည့်အခြေခံအဆောက်အအုံများတည်ဆောက်ပေးခြင်းများ ပံ့ပိုးပေးမည်ဖြစ်ပြီး ပျိုမေ့အိမ်လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်း-(အင်းစိန်)မှ ရပ်ရွာလူထုအားစာရင်းဇယားပြုလုပ်ခြင်း၊ အချက်အလက်ကောက်ခံခြင်း၊ ငွေစုငွေချေးဖွဲ့စည်းခြင်းစသည့် နည်းပညာများ သင်ကြားပေးခြင်းပြုလုပ်ခြင်း၊ ပြည်သူလူထုနှင့် ဗိသုကာပညာရှင်များ၊ နည်းပညာရှင်များချိတ်ဆက်ပေး၍ အိမ်ပုံစံဒီဇိုင်းများကို အတူတကွပူးပေါင်းရေးဆွဲခြင်း ပံ့ပိုးကူညီပေးခြင်းတို့ဆောင်ရွက်ပေးမည်ဖြစ်ပြီး အကယ်၍ ရပ်ရွာလူထုမှ စုပေါင်းငွေမလုံလောက်၍ ချေးငွေလိုအပ်ပါက မြန်မာနိုင်ငံအသေးစားချေးငွေလုပ်ငန်းရှင်(MSI)နှင့် ချိတ်ဆက်ပေးခြင်းတို့ပြုလုပ်ကာ ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း သိရသည်။

''ဒီစာရင်းကောက်တဲ့ သူတို့အနေနဲ့ စာရင်းဝင်ပြီပေ့ါ။ ဝင်ပြီးရင် ငွေစုငွေချေးအဖွဲ့ဖွဲ့ရမယ်။ ငွေတွေစုရမယ်။ အိမ်ရာမှာနေတဲ့လူတွေက သူတို့စုထားတဲ့ ပိုက်ဆံတွေနဲ့ မလုံလောက်ရင် ချေးငွေယူရမယ်ပေ့ါ။ သူတို့က အိမ်ရာမှာနေမယ်ဆိုရင် သူတို့က ဘယ်လောက်တန်ဆောက်ချင်တာလဲ။ ပြီးရင် တလကို ၈ သောင်းနိုင်သလား။ ၁ သိန်းဆိုရင် နိုင်သလားဆိုတဲ့ အပေါ်မှာမူတည်ပြီး သူတို့ရဲ့ချေးငွေက သိန်း ၂၀ ဆိုတော့ပြီလား။ သိန်း ၃၀ ဆိုတော့ပြီလား အဲဒီအပေါ်မှာ သတ်မှတ်ထားတဲ့အတိုးနှုန်းနဲ့ သူတို့ပြန်ပေးရမှာနဲ့ဆို ၅ နှစ်ဆိုတာမျိုး တွက်ချက်ရမှာ။ အဓိကကတော့ သူတို့နေချင်တဲ့အိမ်ပုံစံ သူတို့တတ်နိုင်တဲ့ ကုန်ကျစရိတ်အပေါ်မှာပဲ သွားမှာပါ။ အဲဒါကိုလည်း သူတို့အချင်းချင်း ဆွေးနွေးရဦးမှာ။ အဲဒါကြောင့် အစုအဖွဲ့တွေ စဖွဲ့မယ်။ ငွေစုငွေချေးတွေ စလုပ်မယ်။ သူတို့အချင်းချင်း သိလာပြီဆိုရင် သူတို့နဲ့ ဗိသုကာပညာရှင်တွေနဲ့စုပေါင်းကြပြီးတော့ အလုပ်ရုံဆွေးနွေးပွဲတွေ လုပ်မြီးတော့မှ ဒီဇိုင်း၊ အိမ်ပုံစံတွေ ဆွဲကြမယ်။ ကုန်ကျစရိတ်တွေ တွက်ကြမှာပေ့ါ''ဟု ဒေါ်ဇန်လီဇာအောင်က ပြောသည်။

လှိုင်သာယာတွင် နေထိုင်ရေးအခက်အခဲရှိနေသည့် လူဦးရေ ၅ သောင်းခန့်ရှိမည်ဟုမှန်းထားပြီး စုပေါင်းပိုင်အိမ်ရာတည်ဆောက်ရန်အတွက် ဧရိယာဧက ၃၀၀ ခန့် လိုအပ်မည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရနှင့် အိုးအိမ်ဦးစီးဌာနတို့က စီမံကိန်းအကောင်အထည်ဖော်နိုင်မည့် မြေနေရာများရှာဖွေနေကြောင်း ပျိုမေ့အိမ်လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်း-(အင်းစိန်)မှ သိရသည်။ **လင်းလင်းအောင်**

## လက်ကိုင်ဖုန်းနှင့် အပိုပစ္စည်းပြေစာများတွင် ကပ်နှင့်ရောင်းချရန် အခွန်တံဆိပ်ခေါင်းအရေအတွက် ၁၉၂ သိန်း၊ တန်ဖိုးကျပ် ၇ ဒသမ ၈ ဘီလီယံကျော်ဖိုး ထုတ်ပေးထား

လာမည့် ဇွန် ၁ ရက်မှစ၍ လက်ကိုင်ဖုန်း ဟန်းဆက်နှင့် အပိုပစ္စည်းများ ရောင်းချရာတွင် ပြေစာပေါ်၌ အခွန်တံဆိပ်ခေါင်းများ ကပ်နှိပ်ရမည်ဖြစ်သဖြင့် မြို့နယ် အခွန်ဦးစီးဌာနရုံး အသီးသီးမှ အခွန်တံဆိပ်ခေါင်းများ ထုတ်ပေးလျက်ရှိရာ မေ ၂၂ ရက်အထိ တံဆိပ်ခေါင်းအရေအတွက် ၁၉၂ သိန်း တန်ဖိုးကျပ် ၇ ဒသမ ၈ ဘီလီယံကျော်ဖိုးထုတ်ပေးထားကြောင်း သတင်းရရှိသည်။

တရားမဝင် တင်သွင်းမှုများ ပပျောက်ရန် ဟန်းဆက်နှင့်ဆက်စပ်ပစ္စည်းများ ဝယ်ယူသူများအနေဖြင့် ၂၀၁၉ ခုနှစ် ဇွန် ၁ ရက်မှစပြီး ကျသင့်တန်ဖိုး၏ ငါးရာခိုင်နှုန်းကို အရောင်းပြေစာအပေါ်တွင် အခွန်အမှတ် တံဆိပ်ခေါင်းကပ်ပြီး ရောင်းချရန် မေ ၁ ရက်က ညွှန်ကြားထားပြီးဖြစ်သည်။

မေလ ၃ ရက်မှ ၂၂ ရက်အထိ မြို့နယ် ၂၀၈ မြို့နယ်ရှိ ဖုန်းအရောင်းဆိုင်များသို့ ထုတ်ပေးထားသည့် ၅၀ ကျပ်တန်အခွန်တံဆိပ်ခေါင်း ၁၀၃ သိန်း၊ ၁၀၀ ကျပ်တန် ၁၅ သိန်း၊ ၂၀၀ ကျပ်တန် ၂၄ သိန်း၊ ၅၀၀ ကျပ်တန် ၃၃ သိန်း၊ ၁၀၀၀ ကျပ်တန် ၁၂ သိန်း၊ ၅၀၀၀ ကျပ်တန် ၃ သိန်း၊ ၁၀၀၀၀ ကျပ်တန် ၂ သိန်း စုစုပေါင်း အခွန်တံဆိပ်ခေါင်းပေါင်း ၁၉၂ သိန်း၊ တန်ဖိုးကျပ် ၇ ဒသမ ၈ ဘီလီယံဖိုးခန့်ကို ထုတ်ပေးထားကြောင်း ပြည်တွင်းအခွန်ညွှန်ကြားရေးမှူးချုပ် ဦးမင်းထွဋ်က ပြောကြားသည်။

''အခွန်တံဆိပ်တွေကို ပထမတကြိမ်ထုတ်ပေးရင်တော့ ဒီအတိုင်းထုတ်ပေးမှာပေ့ါ။ သူတို့ပိုက်ဆံရတဲ့အခါကျမှ ယူထားတဲ့ တံဆိပ်ခေါင်း တန်ဖိုးအလိုက် ငွေပြန်သွင်းပေ့ါ။ အဓိက ကျွန်တော်တို့ သွားချင်တဲ့ လမ်းကြောင်းက တရားဝင်တင်သွင်းရောင်းချနေတဲ့ လုပ်ငန်းတွေကို အားပေးချင်တာပါ။ ဒီလိုလုပ်ဆောင်တာက လက်ရှိတည်ဆဲဥပဒေအရ လုပ်တာပါ။ ယခင်ကလည်း ရှိပါတယ်။ သို့သော်လည်း တယောက်ချင်းကို ပြည်တွင်းအခွန်က လိုက်ကောက်လို့ မဖြစ်နိုင်တဲ့အတွက်ကြောင့် ကျွန်တော်တို့က ကုန်သွယ်လုပ်ငန်းခွန် ပုဒ်မ ၃ (ခ) အရ ရောင်းချတဲ့သူတွေကနေ အခွန်တပါတည်း ကောက်ရခြင်း ဖြစ်ပါတယ်''ဟု ၎င်းက ဆိုသည်။

ဖုန်းအရောင်းဆိုင်များသို့ အခွန်တံဆိပ်ခေါင်းများ ထုတ်ပေးရာတွင် ပထမအကြိမ်၌ တံဆိပ်ခေါင်းတန်ဖိုးငွေကို ပေးသွင်းရန်မလိုဘဲ ဒုတိယတကြိမ် ထပ်မံထုတ်ယူမှသာ ပထမထုတ်ယူထားသည့် တံဆိပ်ခေါင်းတန်ဖိုးငွေများကို ပေးသွင်းရမည် ဖြစ်သည်။

''ဒီစနစ်က ပြည်တွင်းက ဖုန်းဟန်းဆက်ဝယ်သူတွေ၊ စားသုံးသူတွေကပဲပေးရတာပါ။ ဆိုင်ရှင်တွေအနေနဲ့ကတော့ သူတို့အခွန် ကောက်နှုန်းကိုပါ တခါတည်းထည့်ပြီး ရောင်းလို့ရသလို သီးခြားခွဲပြီး ဝယ်သူဆီက ကောက်လို့ရတယ်''ဟု ကျောက်တံတားမြို့နယ်ရှိ ဖုန်းဟန်းဆက်ရောင်းသူတဦးက ဆိုသည်။

''ဥပဒေအရ ကျသင့်တဲ့ အခွန်ကို ဝယ်သူထံကတပါးတည်းကောက်ရမှာလို့ ပြဌာန်းထားပေမဲ့ မကောက်ကြလို့ အခုလို တံဆိပ်ခေါင်းကပ်ပြီးကောက်ဖို့ လုပ်ဆောင်ရခြင်းပါ''ဟု အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူတဦးက ပြောသည်။

လက်ကိုင်ဖုန်း ဟန်းဆက်နှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူကြသူများအနေဖြင့် ဇွန် ၁ ရက်မှစတင်၍ ကျသင့်အခွန်တန်ဖိုး တံဆိပ်ကပ်ထားသည့် ပြေစာတောင်းယူရန်နှင့် အခွန်တံဆိပ်ကပ်မထားသော ပြေစာများထုတ်ပေးပါက နီးစပ်ရာ အခွန်ရုံးများတွင် တိုင်ကြားနိုင်ကြောင်း အခွန်များဦးစီးဌာနမှ သိရသည်။ **ကျော်သူ**

**စာ-၇ (ခွကျကျ ရွှေမြန်မာများနှင့် ပျော့ကွက် ဟာကွက် ဗရပွ စီမံအုပ်ချုပ်ရေး) မှအဆက်**

သူတို့ထွက်သွားလျှင် အိမ်သာခန်းထဲတွင် အပြင်မှပါလာသည့်သဲများ ဖုန်များကျန်ရစ်သည်။ ရံဖန်ရံခါရေဆွဲမချခဲ့ဘဲ အညစ်အကြေးများကို သည်အတိုင်းထားခဲ့သည်။ စိတ်ဓာတ်အောက်တန်းကျသည်ဟု ပြောရမည်လား။ ညစ်ညစ်ပတ်ပတ်နေခြင်းနှင့် ခေါက်ရိုးကျိုးနေကြပြီဟု ပြောရမည်လား မသိတော့ပေ။ မနေနိုင်သည့်အဆုံး ကိုယ့်အိမ်မှာရော ဒီလိုပဲ နေထိုင်ပြုမူကြသလားမေးမိသော် မျက်စိမျက်နှာပျက်ကြပါသည်။

တနေ့သော် ဂျပန်ညေ့သည်တစု လေ့လာရေးရောက်လာကြပါသည်။ ပြန်ခါနီးတွင် ခေါင်းဆောင်ဂျပန်မက အိမ်သာသွားလိုသည်ဟုပြော၍ စာရေးသူလိုက်ပို့ပေးပါသည်။ ခေါင်းဆောင်ဂျပန်မအကြီးက ဦးစွာအိမ်သာဝင်သည်။ ထို့နောက် သူ့နောက်မှ လိုက်လာသူဂျပန်မလေးက အိမ်သာဝင်သည်။ သူတို့နှင့်အနည်းငယ်ဝေးသည့်နေရာတွင်နေလျက် စာရေးသူက စောင့်ပေးပါသည်။ သူတို့နှစ်ယောက် ခပ်သွက်သွက်ပြန်ထွက်လာကြသည်။ တလှမ်းနှစ်လှမ်း လှမ်းပြီးသော် ဂျပန်မအကြီးက ဂျပန်မငယ်လေးကို ဂျပန်လိုဘာပြောလိုက်သည် မသိ။ ဂျပန်မငယ်လေး အိမ်သာခန်းအဝသို့ပြန်သွားသည်။ မီးခလုတ်ကို စစ်ဆေးသည်။ ပိတ်ခဲ့ပြီးသားဟု ဂျပန်လိုပြန်ပြောပုံရသည်။ သည်တော့မှ နှစ်ယောက်သားအေးအေးဆေးဆေးကားပေါ်တက်ပါသည်။ စာရေးသူကား နေ့စဉ်မီးပြန်ပိတ်ပါပြောနေရသည့် မိမိ၏ဝန်ထမ်းများနှင့် ဂျပန်မနှစ်ယောက်ကိုယှဉ်ကာ ဝမ်းနည်းမိရုံမှအပ ဘာမှမတတ်နိုင်ခဲ့ပါ။

မြန်မာနိုင်ငံသည် ဆင်းရဲနေသည်။ ဆင်းရဲတာရှည်ခဲ့ပြီဖြစ်၍ ပြည်သူကလည်း စီးပွားရေးတိုးတက်စေချင်သည်။ အစိုးရကလည်း တိုးတက်ချင်သည်။ သို့သော် မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံမည့်သူများအတွက် အဟန့်အတားဖြစ်နေသည့် အရာများထဲတွင် တင်းကျပ်သည့်ကြိုးနီစနစ်ကြောင့်သာမက ခွေးလေခွေးလွင့်များပေါများခြင်း၊ ရောမအမှိုက်ပုံများ နေရာတကာရှိနေခြင်းနှင့် လျှပ်စစ်ဓာတ်မလုံလောက်မှုများ ပါဝင်ပါသည်။ မြန်မာများအတွက်လည်း လျှပ်စစ်ကလိုအပ်နေသည်။ ပြည်ပရင်းနှီးမြှုပ်နှံမည့်သူများအတွက်လည်း လျှပ်စစ်က လိုသည်။ အင်န်အယ်လ်ဒီအစိုးရတက်လာစက ကျောက်မီးသွေးမှ လျှပ်စစ်ထုတ်ရန် စိုင်းပြင်းဖူးသည်။ အဘယ်ကြောင့်ဆိုသော် လျှပ်စစ်ထုတ်နည်းများအနက် ကျောက်မီးသွေးသည် ငွေကုန်ကြေးကျအနည်းဆုံး ဖြစ်၍ပါပေ။

အင်န်အယ်လ်ဒီတာဝန်ရှိသူများက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ကို ခေါ်တွေ့သည်။ သို့သော် သည်အဖွဲ့ထံမှ အကြံဉာဏ်တောင်းရန်မဟုတ်။ ကျောက်မီးသွေးမှ လျှပ်စစ်ထုတ်မည်ဟု ခေါ်အသိပေးခြင်းသာဖြစ်ပါသည်။ သို့ဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့က ပြန်ဆွေးနွေးပြသည်။ အင်န်အယ်လ်ဒီအနေဖြင့် ကျောက်မီးသွေးမှ လျှပ်စစ်ထုတ်ပါ၊ မထုတ်ပါနှင့် မပြောလိုပါ။ ထုတ်မည်ဆိုလျှင် ဂျပန်နည်းပညာ Cool Clean အတိုင်း အမှန်တကယ်တာဝန်ယူမည်ဆိုပါက ထုတ်ပါ။ မြန်မာသည် စနစ်တကျလုပ်ရန် အဆင့်ဆင့်တိကျသေချာစွာလုပ်ရန် အလွန်အားနည်းသည့်အပြင် မြန်မာတဦးချင်း၏အလုပ်အပေါ် တာဝန်ကျေမှု၊ တာဝန်ခံမှုကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့က စိတ်မချခြင်းသာဖြစ်ပါသည်။ သို့သော် အင်န်အယ်လ်ဒီဘက်က နောက်ပိုင်းတွင် ကျောက်မီးသွေးမှ လျှပ်စစ်ထုတ်မည်ဟု အသံထွက်မလာတော့ပေ။

၂၀၁၉ မေ ၂၀ ရက်နေ့ထုတ် ဂျာနယ်တစောင်တွင် နိုင်ငံတော်မှခွင့်ပြုလျှင် ''လျှပ်စစ်စွမ်းအင်လိုအပ်ချက်ဖြည့်ဆည်းပေးရန် Biomass Energy စက်ရုံများတည်ထောင်မည်''ဟူသော ခေါင်းစီးတပ်သတင်းတပုဒ်ပါလာပါသည်။ လုပ်ကိုင်မည့်နေရာက မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်း။ လုပ်မည့်သူက မြန်မာနိုင်ငံသားမဟုတ်ဟု နာမည်ကြီးရုံသာမက ဦးသိန်းစိန်အစိုးရလက်ထက် မန္တလေးတွင် တရားမဝင်ဆေးရုံဖွင့်ကာ တရုတ်များကို လိင်လုပ်ငန်းဖျော်ဖြေပေးခဲ့၍ အပိတ်ခံခဲ့ရသည့်ဆေးရုံပိုင်ရှင်။ ဇနီးက မြန်မာမဖြစ်ဟန်တူသည်။ ဇနီးဖြစ်သူသည် စင်ကာပူထိထွက်ပြေးပြီးမှ အမှုကိုရင်ဆိုင်ခဲ့သူ။ မြန်မာမ ဇနီးသည်အမှုရင်ဆိုင်နေရစဉ်က မြေလျှိုးမိုးပျံနေသည့် ဆေးခန်းပိုင်ရှင်သည် ယခုအမှိုက်မှ လျှပ်စစ်ထုတ်မည်ဆိုတော့လည်း ယခင်ပိုင်ဆိုင်သောကုမ္ပဏီအမည်ဖြင့် လုပ်ဆောင်မည်ဖြစ်ကြောင်း ဖတ်ရှုလိုက်ရပါသည်။ သည်နည်းကို လူပြိန်းနားလည်စေရန် ရှင်းပြရမည်ဆိုပါက အမှိုက်မှလျှပ်စစ်ထုတ်နည်းဖြစ်ပါသည်။ ကုန်ကျစရိတ်များသည်။ သို့ဖြင့် လျှပ်စစ်ခလည်းပိုယူမှ ထုတ်လုပ်သူကတွက်ခြေကိုက်မည်ဆိုသည်။ သည်နည်းကို တရုတ်နှင့်ထိုင်းသို့သွားလေ့လာပြီးပြီဟု လုပ်ခွင့်တောင်းထားသူက ဆိုပါသည်။

မြန်မာနိုင်ငံသားမဟုတ်ဘဲ မြန်မာနာမည်မှည့်ထားသည့် အနီးပုဂ္ဂိုလ်ထုတ်လုပ်မည်ဆိုသည့် အမှိုက်လောင်စာမှ လျှပ်စစ်ထုတ်နည်းကို ရန်ကုန်စည်ပင်သည် ဦးသိန်းစိန်လက်ထက်ကတည်းက ထုတ်ခဲ့ဖူးပါသည်။ ထုတ်တတ်ပါသည်။ ထိုစဉ်ကာလတွင် ရန်ကုန်စည်ပင်က လျှပ်စစ်ဝန်ကြီးဌာနသို့ ရောင်းမည့်ဈေးမြင့်လွန်း၍ လျှပ်စစ်ဝန်ကြီးဌာနမှ တာဝန်ရှိသူတဦးက ထွက်ရှိလာသောလျှပ်စစ်ကို ရန်ကုန်စည်ပင်ဌာနအားလုံးအတွက် ပြန်သုံးသင့်သည်။ ရန်ကုန်တမြို့နယ်လုံးတွင် စည်ပင်ဌာနများ များပြားလှပေရာ မိမိဌာနက ထုတ်သည့်လျှပ်စစ်ကို မိမိဌာနက ပြန်သုံးသည့်စနစ်သည် တိုင်းပြည်အတွက်လည်းကောင်း၊ စည်ပင်ဌာနအတွက်လည်းကောင်း အကောင်းဆုံးဖြစ်ပါသည် ဆိုသောမှတ်ချက်ဖြင့် မဝယ်ဘဲ ခါထုတ်ခဲ့သည့်နည်းဖြစ်ပါသည်။

ယခု ရန်ကုန်ဝန်ချုပ်က တယူနစ် ၁၀၀ ပေးမည်ဆိုပါက မီးမပျက်စေရန် တာဝန်ယူမည့် ကုမ္ပဏီရှိသည်ဆိုသည်မှာ သည်ကုမ္ပဏီဖြစ်ခဲ့မည်ဆိုသော် မြန်မာနာမည်ယူထားသည့် နိုင်ငံခြားသားလက်မှထွက်လာမည့် အမှိုက်လောင်စာသုံးထုတ်သော လျှပ်စစ်ကို ဝယ်မည်လား။ ယခင်ကပင် လက်စလက်နရှိခဲ့သည့် ရန်ကုန်စည်ပင်ကို ထုတ်ခိုင်းမည်လား။ မည်သူကိုရွေးချယ်သင့်ကြောင်း လမ်းဘေးမှ ဆိုက်ကားဆရာပင်သိသည့် မေးခွန်းဖြစ်ပါသည်။

**တိုင်းပြည်တွင် ယိုပေါက် ဟာပေါက်တွေများရသည့်အထဲ ဖြစ်ပေါ်လာသည့်ပြဿနာများကို အုပ်ချုပ်သူများဘက်က ပြည်သူနှင့်အတူ ပွင့်လင်းမြင်သာ ပြောပြရှင်းပြချပြရင်း အတူလက်တွဲရင်ဆိုင်ရမည့်အစား အားကိုးအလွဲ စီမံမှုအလွဲများဖြင့် ခရီးဆက်ကြမည်ဆိုပါက တိုင်းပြည်အရေး ရင်လေးဖွယ်ကောင်းလှပါသည်။**

**ခင်နှင်းဦး**

www.free4readers.com

# အိန္ဒိယသို့ ဖွန်လမှစတင်၍ တနှစ်ပတ်လုံး ပဲတင်ပို့ခွင့်ရရှိထားဟု စီးပွား/ကူးသန်း ဝန်ကြီးပြောကြား



မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယသို့ Quota စနစ်ဖြင့် ပဲတင်ပို့မှုကို ဇွန်လဆန်းမှစတင်ကာ တနှစ်ပတ်လုံး တင်ပို့ခွင့်ရရှိထားပြီဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောသည်။

ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)တွင် မေလ ၂၂ ရက်က ပြုလုပ်သော ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတဦးမြင့်ဆွေ၊ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် ပုံမှန်တွေ့ဆုံပွဲ (၂၇)ကြိမ်မြောက် အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ကုန်သွယ်မှုနှင့်ပတ်သက်၍ ပဲဈေးကွက်သည် အိန္ဒိယနိုင်ငံအပေါ် မှီခိုနေရပြီး လွန်ခဲ့သော ၁ နှစ်ခွဲခန့်က အိန္ဒိပြည်၏ ပဲထွက်ရှိမှုများပြားလာခြင်း၊ မူဝါဒအပြောင်းအလဲပြုလုပ်ခြင်းတို့ကြောင့် ပဲမျိုးစုံဝယ်ယူမှုလျော့နည်းသွားသဖြင့် ပဲစိုက်တောင်သူများ၊ ပဲမျိုးစုံတင်ပို့သည့် လုပ်ငန်းရှင်များများစွာထိခိုက်ဆုံးရှုံးခဲ့ရပြီး နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဝင်ငွေကျဆင်းခဲ့ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောသည်။

''သို့သော်လည်း အိန္ဒိယနဲ့ ကျွန်တော်တို့ အပြန်ပြန်အလှန်လှန်အကြိမ်ကြိမ်ဆွေးနွေးတယ်။ သက်ဆိုင်ရာအစိုးရတွေနဲ့ ဆွေးနွေးတယ်၊ ပဲတင်ပို့တဲ့ လုပ်ငန်းရှင်များလည်း သွားရောက်ဆွေးနွေးညှိနှိုင်းတယ်။ ကျွန်တော်တို့ဆီက မြန်မာသံအမတ်ကြီးကလည်း သူ့ရဲ့နေအိမ်မှာသော်လည်းကောင်း အိန္ဒိယက သံအမတ်ရဲ့နေအိမ်မှာသော်လည်းကောင်း ပဲပညာရှင်များဖွဲ့ပြီးတော့ ပညာရှင်များနဲ့အကြိမ်ကြိမ် ဆွေးနွေးတယ်ဆိုတော့ အိန္ဒိယဘက်ကလည်း ပဲကိုပိုမိုလိုအပ်လာပြီဆိုတော့ quota ပဲတင်ပို့မှုခွင့်ပြုချက်တွေ ရရှိထားပါတယ်။ အခုအသစ်ဆိုရင် ဇွန်လ ၁ ရက်ကစပြီးတော့ quota ကို တနှစ်ပတ်လုံးပေးထားတဲ့အတွက်ကြောင့် ဒီ quota အပေါ်မှာ ကျွန်တော်တို့အနေနဲ့ တဖက်က အာဖရိကလုပ်ငန်းရှင်တွေနဲ့ အပြိုင်အဆိုင် ကြိုးစားရမှာဖြစ်ပါတယ်''ဟု ဝန်ကြီးက ပြောသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ပဲမျိုးစုံစိုက်ပျိုးတင်ပို့သည့်လုပ်ငန်းရှင်များအနေဖြင့် အရေးကြီးကြောင်း၊ ထို့အပြင် ပြည်ပသို့ ပဲတီစိမ်းတင်ပို့မှုအခြေအနေသည်လည်း အလားအလာကောင်းကြောင်း သို့သော်လည်း အဆိုပါ ပဲတီစိမ်းတွင် ကိုရီးယား၊ ဂျပန်သို့ပို့သည့်နေရာတွင် ပိုးမွှားဓာတုပါဝင်မှုအပိုင်းသည်လည်း အရေးကြီးနေသည့်အတွက် ပဲစိုက်ပျိုးသူများ၊ ပဲလုပ်ငန်းရှင်များအနေဖြင့် ညှိနှိုင်းဆောင်ရွက်ခဲ့သည့်အတွက် ပဲတီစိမ်းအမျိုးအစားကောင်းများ ထွက်ရှိလာပြီဖြစ်ကြောင်း ဝန်ကြီးဒေါက်တာသန်းမြင့်က ပြောသည်။

ထို့အပြင် ဆန်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့ခွင့်ရရှိရေးအတွက် တရုတ်-မြန်မာ အစိုးရအချင်းချင်းသော်လည်းကောင်း၊ သံရုံးအချင်းချင်းသော်လည်းကောင်း ကုန်သည်များအချင်းချင်းသော်လည်း ဆွေးနွေးညှိနှိုင်းခဲ့သည့်အတွက် ဆန်တင်ပို့မှုနှင့်ပတ်သက်၍ နှစ်နိုင်ငံ သဘောတူညီမှုရရှိထားကြောင်း သိရသည်။

သို့သော် ကျွန်တော်တို့က တင်ပို့တဲ့နေရာမှာ ဆန်အရည်အသွေး၊ တရုတ်က သတ်မှတ်တဲ့ ဆန်ရဲ့စံချိန်စံညွှန်း၊ နောက် အရည်အသွေးရှိဖို့လိုပါတယ်၊ နောက်တခါ ဆန်တင်ပို့တဲ့ လုပ်ငန်းရှင်များရဲ့ ဂိုဒေါင်တွေ၊ စက်တွေ အရည်အသွေးမီဖို့လိုပါတယ်။ ဒါက နိုင်ငံတကာကလည်း သူတို့နိုင်ငံရဲ့ စားသုံးသူများရဲ့အကျိုးစီးပွားအတွက် သန့်ရှင်းလတ်ဆတ်တဲ့ အရည်အသွေးကောင်းကောင်း စားသုံးကုန်တွေစားသုံးဖို့ဖြစ်တော့ ဈေးကွက်ကိုပို့တဲ့နေရာမှာ ကျွန်တော်တို့ဘက်ကနေ ထုတ်လုပ်မှုအရည်သွေးကောင်းဖို့လိုပါတယ်။ တရုတ်ဘက်ကို တင်ပို့တဲ့နေရာမှာ လုပ်ငန်းရှင်များက ဂိုဒေါင်ကောင်းကောင်းရှိသလား၊ စက်ကောင်းကောင်းရှိသလား စသဖြင့် မေးတော့ သူတို့သတ်မှတ်တဲ့ စံချိန်စံညွှန်းမီအောင်တော့ နှစ်ဖက်ညှိနှိုင်းပြီးတော့ ဆောင်ရွက်နေပါတယ်''ဟု ဝန်ကြီးကပြောသည်။

ထို့ကြောင့် ဆန်စပါးသိုလှောင်သည့် ဂိုဒေါင်များ၊ စပါးကြိတ်စက်များကို စီးပွားကူးသန်းဝန်ကြီးဌာန လက်အောက်မှ ကုန်ပစ္စည်းစစ်ဆေးရေးဌာနခွဲနှင့် စိုက်ပျိုးရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ စစ်ဆေးကာ တရုတ်နိုင်ငံသို့ တင်ပို့မည်ဖြစ်ပြီး အရည်သွေးပြည့်၊ Qualtify ဖြစ်မှသာလျှင် ဆန်စပါးတင်ပို့မှု တရားဝင်သွင်းခွင့်ပြုလုပ်သွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာသန်းမြင့်က ပြောသည်။

***လင်းလင်းအောင်***

# ထိုင်းနယ်စပ်များတွင် အာဖရိကဝက်တုပ်ကွေး ရောဂါနှင့်ပတ်သက်ပြီး အနီရောင်အဆင့် သတိပေးနှိုးဆော်ချက်ထုတ်ပြန်

ကမ္ဘောဒီးယား၊ ဗီယက်နမ် သို့မဟုတ် တရုတ်ပြည် စသည့်အိမ်နီးချင်းနိုင်ငံများတွင် ဝက်များကူးစက်ရောဂါဖြစ်ပွားနေသောကြောင့် ထိုင်းနယ်စပ်ဒေသများ၌ အနီရောင်အဆင့်သတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားသည်။

ထိုင်းနိုင်ငံသည် ဝက်မွေးမြူရေးကို အကြီးအကျယ်လုပ်ကိုင်ပြီး နှစ်စဉ်ဝက်ကောင်ရေနှစ်သန်းကျော်ထုတ်လုပ်သည်။ ယင်းတို့အနက် ၄၀ ရာခိုင်နှုန်းကို ကမ္ဘောဒီးယား၊ လာအိုနှင့်မြန်မာနိုင်ငံများသို့ တင်ပို့သည်။ အာဖရိကဝက်တုပ်ကွေးရောဂါဖြစ်ပွားပါက ကူးစက်ခံရသည့် ဝက်အားလုံးနီးပါးသေဆုံးလေ့ရှိသည်။ ထို့ကြောင့် ထိုင်းအာဏာပိုင်များသည် တရားမဝင်သားသတ်ရုံများကို နှိမ်နင်းဖယ်ရှားနေသလို နယ်စပ်စစ်ဆေးရေးဂိတ်များနှင့် လေဆိပ်များတွင် ရောဂါစစ်ဆေးမှုများပြုလုပ်လျက်ရှိသည်။

အစိုးရအရာရှိများက ထိုင်းနိုင်ငံသည် ဝက်အရှင်များနှင့်ဝက်သားများတင်သွင်းခွင့်မပြုထားကြောင်း၊ ထို့ပြင် ဧည့်သည်များအား ပြုပြင်ထုပ်ပိုးပြီး ဝက်ထွက်ကုန်ပစ္စည်းများကိုသာ ယူဆောင်ခွင့်ပြုထားကြောင်း ပြောကြားသည်။ တိရစ္ဆာန်မွေးမြူရေးဌာနမှအရာရှိများသည် တရားမဝင်ဝက်ထွက်ကုန်ပစ္စည်းများကို ဖမ်းဆီးသိမ်းဆည်းလျက်ရှိကြောင်း၊ အစိုးရသည် ဝက်များရောဂါမဖြစ်ပွားစေရန် အလေးထားလုပ်ဆောင်နေကြောင်း ထိုင်းဝက်မွေးမြူသူများအသင်းက ပြောကြားသည်။ သို့သော် ထိုင်းနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများစွာနှင့် နယ်နိမိတ်များထိစပ်လျက်ရှိရာ အဆိုပါနိုင်ငံများမှတဆင့် ဝက်တုပ်ကွေးရောဂါကူးစက်လာနိုင်သည်။ ဝက်တုပ်ကွေးပိုးရပ်စ်ပိုးသည် မချက်ပြုတ်ရသေးသည့် အသားတွင်အချိန်ကြာမြင့်စွာ ရှင်သန်နိုင်သည်။ ထို့ကြောင့် မွေးမြူရေးဌာနမှအရာရှိများသည် အကယ်၍ရောဂါဖြစ်ပွားပါက အသေအပျောက်နည်းပါးစေရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

လွန်ခဲ့သောလက အစိုးရသည် ရောဂါဖြစ်ပွားပါကပြင်ဆင်ရန် ဒေါ်လာ ၄ ဒသမ ၇ သန်းတန်ဘတ်ဂျက်တခုကို သဘောတူခွင့်ပြုခဲ့သည်။ အကယ်၍ ဝက်တုပ်ကွေးရောဂါဖြစ်ပွားပြီး တိုင်းပြည်၏ ဝက်ကောင်ရေတဝက်ကို ကူးစက်ပါက ထိုင်းနိုင်ငံသည် စီးပွားရေးအရ အမေရိကန်ဒေါ်လာ ၁ ဘီလီယံဆုံးရှုံးနိုင်ကြောင်း သိရသည်။ ***SM Ref: (Asia Times)***



# အတိုင်ပင်ခံခရီးစဉ်တွင် မြေသိမ်းခံရသည်ဟုဆိုကာ တင်ပြမှုအပေါ် တပ်မတော်က ထပ်မံတရားစွဲဆိုထားခြင်းနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ ကာကွယ်မှုပေးစေချင်ဟု ကိုမျိုးသူနိုင်ပြော

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ တနင်္သာရီတိုင်းဒေသကြီးမြိတ်မြို့ခရီးစဉ် လူထုတွေ့ဆုံပွဲတွင် မြေသိမ်းခံရသည်ဟုဆိုကာ တင်ပြမှုအပေါ်တပ်မတော်က ထပ်မံတရားစွဲဆိုထားခြင်းနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ ကာကွယ်မှုပေးစေချင်ကြောင်း ကိုမျိုးသူနိုင်က ပြောကြားခဲ့ပြီး ယင်းတင်ပြမှုမှာ လီဆယ်လိမ်ညာတင်ပြမှုဖြစ်ခြင်းကြောင့် တရားစွဲဆိုခဲ့ခြင်းဖြစ်ကြောင်း ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ တိုင်းဦးစီး ဗိုလ်မှူးကြီးသန့်ဇင်ဦးက တုံ့ပြန်ပြောကြားခဲ့သည်။

မြိတ်မြို့နယ်၊ စန္ဒဝတ်ကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာအနီးရှိ ၎င်းပိုင်ဆိုင်သည့်မြေဧက ၁ ဒသမ ၉၂ ဧကကို အမှတ်(၉၃၇) ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ရင်းက ၂၀၁၇ ခုနှစ်တွင် သိမ်းဆည်းခဲ့သည်ဟု ကိုမျိုးသူနိုင်က ပြောသည်။ ယင်းတပ်ရင်းကို ၁၉၉၉-၂၀၀၀ ခုနှစ်ဝန်းကျင်တွင် တည်ဆောက်ခဲ့ပြီး တာဝန်ထမ်းဆောင်ခဲ့သည့် တပ်ရင်းမှူးမှာ လက်ရှိအချိန်ထိ ၇ ဦးရှိပြီဖြစ်ကြောင်း၊ ၆ ဦးမြောက်တပ်ရင်းမှူးလက်ထက်တွင် ယင်းမြေကိုသိမ်းဆည်းခဲ့ခြင်းဖြစ်ကြောင်း၊ ဘိုးဘွားစဉ်ဆက်ပိုင်ဆိုင်လာခဲ့သည့်မြေဖြစ်ပြီး ၎င်းအသက်မှာ ၂၆ နှစ်ရှိပြီဖြစ်ကြောင်း ကိုမျိုးသူနိုင်က ပြောသည်။

လက်ရှိတွင် ကိုမျိုးသူနိုင်မှာ အကျိုးစီးပွားဖျက်ဆီးမှုပုဒ်မဖြစ်သည့် ရာဇသတ်ကြီး ပုဒ်မ၄၂၇၊ ရာဇဝတ်မကင်းသောကျော်နင်းမှုပုဒ်မဖြစ်သည့် ပုဒ်မ ၄၄၇ တို့ဖြင့် ယင်းတပ်ရင်းမှ ဗိုလ်ကြီးစိုးသင်းနိုင်က တရားလိုပြုလုပ်၍ တရားစွဲဆိုခံထားရသည်။ မြေပေါ်မှ ဖယ်ရှားပေးရန် တောင်းဆိုမှုအပေါ် လက်ခံဖယ်ရှားမှု မပြုခဲ့ခြင်းကြောင့် ယင်းသို့ တရားစွဲဆိုခံခဲ့ရခြင်းဖြစ်ပြီး ရုံးချိန်းမှာ ၃၂ ကြိမ်ရှိပြီဟုလည်း ကိုမျိုးသူနိုင်က ပြောသည်။

''ကျွန်တော့်မှာ အကျူးကျော်လည်း ခံရတယ်။ တရားလည်း စွဲခံရတယ်။တော်တော်လေးနစ်နာနေပါတယ်''ဟုလည်း ၎င်းက ပြောသည်။

ဖေဖော်ဝါရီ ၁၃ ရက်က ပြုလုပ်ခဲ့သည့် အတိုင်ပင်ခံပုဂ္ဂိုလ်၏ မြိတ်မြို့ခရီးစဉ်လူထုတွေ့ဆုံပွဲတွင် တပ်မတော်က မတရားသိမ်းဆည်းထားသည်ဟုဆိုကာ ကိုမျိုးသူနိုင်က တင်ပြခဲ့ခြင်းဖြစ်ပြီး ယင်းနောက်တွင် ထပ်မံတရားစွဲဆိုခံခဲ့ရခြင်းဖြစ်သည်။

''မြေခွန်ပြေစာလည်း တနှစ်မှမပျက်ဘဲ ဒီနေ့ဒီချိန်ထိ ထမ်းဆောင်နေတယ်ဆိုတဲ့ဟာကို ပြောပြီးတော့ အဲဒါဥပဒေနဲ့အညီ တရားဝင်ပိုင်ဆိုင်ခွင့်ရှိနေရဲ့သားနဲ့ ဒီလိုမျိုးဥပဒေမဲ့ ကျွန်တော့်ကို တရားစွဲပြီးတော့ လုပ်ချင်တိုင်း လုပ်လို့ရတဲ့ဟာကို ကျွန်တော်က ဒေါ်အောင်ဆန်းစုကြည်ကို အားကိုးတကြီးတင်ပြတာ။ အဲဒီမှာ ဒေါ်အောင်ဆန်းစုကြည်က ပြောခဲ့သေးတယ်။ ဥပဒေနဲ့အညီတရားဝင် ပိုင်ဆိုင်ခွင့်ရှိနေရဲ့သားနဲ့ ဥပဒေနဲ့အညီ တရားဝင်ပိုင်ဆိုင်ခွင့်ပဲ ရရမယ်။ ဒီကိစ္စကိုကာကွယ်ရေးဝန်ကြီးကို သူကလွှဲပေးလိုက်တယ်။ သေချာကြည့်ပြီး ဖြေရှင်းပေးလိုက်ဆိုပြီးတော့၊ အဲဒီလိုဖြေရှင်းပေးလိုက်ပြောပြီး ပြန်သွားတာ တပတ်တောင်မကြာဘူး၊ ကျွန်တော့်ကို တရားထပ်စွဲတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို အဲဒီကိစ္စကိုတင်ပြလို့ဆိုပြီးတော့ တပ်မတော်ဂုဏ်သရေညှိုးနွမ်းတယ်ဆိုပြီးတော့ ပုဒ်မ ၅၀၀ မြောက်တယ်ဆိုပြီးတော့ ကျွန်တော့်ကို တရားထပ်စွဲတယ်''ဟု ကိုမျိုးသူနိုင်က ပြောသည်။

မြေကိုသာပြန်လိုချင်ပြီး လျော်ကြေးမလိုချင်ကြောင်းလည်း ၎င်းက ပြောကြားခဲ့သည်။ ''ဥပဒေနဲ့အညီ တရားဝင် ပိုင်ဆိုင်ခွင့်ရှိထားတဲ့ ကျွန်တော့်ကိုပဲ ဥပဒေနဲ့အညီ ကာကွယ်မှုပေးစေချင်ပါတယ်'' ဟုလည်း ၎င်းက ပြောကြားခဲ့သည်။

ယင်းမြေကို ၂၀၀၉ ခုနှစ်ကတည်းက တပ်ပိုင်မြေအဖြစ် ခွင့်ပြုထားခဲ့ပြီး ဦးမျိုးသူနိုင်မှာ ဒေါ်စန်းရှင်ဟုဆိုသူထံမှ ဝယ်ယူခဲ့ကြောင်း၊ ဒေါ်စန်းရှင်ကို မြေစာရင်းက ၂၀၁၄ ခုနှစ်တွင် ပုံစံ ၇ ထုတ်ပေးခဲ့ကြောင်း ဗိုလ်မှူးကြီးသန့်ဇင်ဦးက ပြောကြားသည်။

''ပြည်ထဲရေးကနေပြီးတော့မှ တပ်မြေအဖြစ် ရရှိထားတဲ့မြေ၊ ခွင့်ပြုထားတဲ့မြေက ၂၀၀၉ ခုနှစ်ကတည်းက ခွင့်ပြုပေးထားတဲ့မြေ။ ဒေါ်စန်းရှင်ကိုမြေစာရင်းကနေ ထုတ်ပေးတဲ့ ရက်စွဲကိုကြည့်မယ်ဆိုရင် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်မှာ ထုတ်ပေးထားတာ။ ၂၀၁၆ ခုနှစ်ကျမှ ဦးမျိုးသူနိုင်က ဒေါ်စန်းရှင်ဆီက ပြန်လည်လွှဲပြောင်းရယူထားတာ။ ဝယ်ထားတာတို့၊ ရယူထားတာတို့က သူတို့အပိုင်းပေါ့ဗျာ။ အဲဒီတော့ တပ်ပိုင်မြေအတွင်းမှာပါတယ်ဆိုတဲ့အနေအထားကလည်း ခုနကပြောသလို ရက်စွဲတွေ၊ ခုနှစ်တွေကို ကြည့်မယ်ဆိုရင် ကျွန်တော်တို့တပ်ကနေပြီးတော့မှ ထပ်မံသိမ်းပိုက်တာမဟုတ်ဘူး''ဟု ၎င်းက ပြောသည်။

နယ်နိမိတ်ထိစပ်နေသည့် ကိစ္စနှင့်ပတ်သက်၍လည်း ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ ၁၆ ရက်တွင် အသေးစိတ်တိုင်းတာ စစ်ဆေးခဲ့ကြောင်း၊ စစ်ဆေးသည့်အချိန်တွင် ဦးမျိုးသူနိုင်ပိုင်သည်ဟုပြောသည့် ဒေါ်စန်းရှင်၏ မြေမှာတပ်ပိုင်မြေထဲတွင် ပါနေကြောင်း၊ အဆောက်အဦများလည်း ဆောက်ထားခြင်းကြောင့် ဖယ်ရှားပေးရန် သက်ဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့အစည်းများရှေ့၌ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်တွင် ပြောကြားခဲ့ကြောင်း၊ ဖယ်ရှားမပေးခြင်းကြောင့် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်တွင် တရားစွဲဆိုခဲ့ခြင်းဖြစ်ကြောင်းလည်း ဗိုလ်မှူးကြီးသန့်ဇင်ဦးက ပြောသည်။

အတိုင်ပင်ခံ၏ ခရီးစဉ်တွင် ၎င်း(ကိုမျိုးသူနိုင်)ကိုယ်တိုင် မှားယွင်းဝင်ရောက်နေထိုင်မှုကို ထည့်သွင်းပြောကြားမှုမရှိဘဲ တပ်မတော်က မတရားသိမ်းဆည်းထားသည့် ပုံစံမျိုးတင်ပြပြောဆိုခဲ့ကြောင်း၊ ယင်းတင်ပြမှုအပေါ် အခမ်းအနားတက်ရောက်သူများ၊ အွန်လိုင်းပေါ်မှ ကြည့်နေသူများက ထင်ယောင်ထင်မှားဖြစ်ခဲ့ကြောင်းလည်း ဗိုလ်မှူးကြီးသန့်ဇင်ဦးက ပြောကြားသည်။

''တပ်မတော်ရဲ့ ပုံရိပ်ကို ထိခိုက်တယ်။ နောက် ကျွန်တော်တို့ တပ်ရင်းတွေရဲ့ ဂုဏ်သိက္ခာကို ထိခိုက်တယ်။ ဒါကြောင့်မို့လို့ ပုဒ်မ ၅၀၀ နဲ့ ထပ်မံတရားစွဲဆိုရတာ ဖြစ်ပါတယ်။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ကိုတိုင်လို့ ကျွန်တော်တို့က တရားစွဲဆိုတာ မဟုတ်ဘူး။ ကျွန်တော်တို့ အသေးစိတ်ကို ချပြပြီးတော့မှ အကြိမ်ကြိမ် အလီလီ ရှင်းပြခဲ့တဲ့ဥစ္စာကို လက်မခံဘဲနဲ့ ခုနကပြောသလို လီဆယ်လိမ်ညာပြီးတော့မှ သူပိုင်တဲ့ပုံစံမျိုးနဲ့ ကျွန်တော်တို့ကပဲ ထပ်မံပြီးတော့ သိမ်းပိုက်ပြီးတော့ အမှုဖွင့်အရေးယူသလိုမျိုး တင်ပြခဲ့တဲ့အတွက်ကြောင့်မို့လို့ အသရေဖျက်မှုနဲ့ ထပ်မံတရားစွဲဆိုတာပါ''ဟုလည်း ၎င်းက ပြောကြားခဲ့သည်။

***မင်းထင်***

# ရှင်သန်ခြင်းရဲ့ တန်ဖိုး

ချစ်ခိုင်စံ(ဘီအီးဒီ)



ဒီနှစ်နွေရာသီမှာ အိမ်ပြန်နားရတာ ပီဘိပျော် စရာ။ ယခင်နွေရာသီများဆိုရင်တော့ ကျွန်တော်အိမ် မပြန်ချင်။ အိမ်တအိမ်လုံးပူလောင်အိုက်စပ်ပြီး သစ်ရိပ်ဝါးရိပ်လည်း မရှိတဲ့အတွက် နေ့လယ်နေ့ခင်းဆို ဘယ်ထွက်ပြေးရမှန်းမသိအောင်ပင် အခက်ကြုံရပါတယ်။ သစ်ရိပ်ဝါးရိပ်ကလည်း ကိုယ့်စိတ်ကြိုက်စိုက်ဖို့မလွယ်။ စိုက်စရာမြေနေရာရှိမှဖြစ်မှာ မဟုတ်လား။ ကျွန်တော်တို့နေရာက မီးရထားတန်းလျားမှာပါ။ မီးရထားတန်းလျားဆိုတာက နေအိမ်ခန်း ၇ ခန်းလောက်ကို ပျဉ်တွေခြားပေးထားတာလေ။ တအိမ်ခန်းနဲ့ တအိမ်ခန်း ကပ်ကပ်ရပ်ရပ်။ ခြံစည်းရိုးများကာလိုက်ရင် ကိုယ့်အိမ်ခန်းရှေ့မှာ မြေနေရာလွတ်မရှိတော့ဘူး။ ခက်တယ်။

ဒါကြောင့် သစ်ပင်ကြီးကြီးမားမားစိုက်ဖို့မလွယ်။ စိုက်လိုက်လို့ သစ်ပင်ကြီး ရှင်သန်ထွားကျိုင်းလာရင် ကိုယ့်အိမ်ထဲဝင် ထွက်သွားလာဖို့အခက်ကြုံရော။ ရှေးယခင်နှစ်တွေကဆို တမာပင်တွေ၊ သရက်ပင်တွေစိုက်ခဲ့ဖူးပါတယ်။ သူများအိမ်ဘက်ထဲ အကိုင်းထိုးတာရော အိမ်ခန်းတွေဆီသွယ်တန်းထားတဲ့ ဓာတ်ကြိုးတွေနဲ့ ငြိတာရောကြောင့် အရွယ်ကလေးရောက်တာနဲ့ ခုတ်ခတ်ပစ်ရတော့တာပါပဲ။ အိမ်နီးနားချင်း ကောင်းရင်ကိစ္စမရှိ၊ မကောင်းရင် ကိုယ့်အပင်လေးတွေ ခုတ်သင်ရတာပြဿနာ။ အိမ်နီးနားချင်းကောင်းဖို့ကလည်းမလွယ်။ အားလုံးက ဝန်ထမ်းတွေလေ။ ခင်မင်ရုံရှိသေးပြောင်းသွားရတာတွေကမနည်း။ ဘယ်သောအခါမှ အိမ်နီးနားချင်း အတည်မရ၊ ဒါကပဲ ဝန်ထမ်းဘဝလို့ ဆိုရမလိုလို။ ဘာပဲပြောပြော အိမ်ခန်းတန်းလျားတွေကြား သစ်ပင်ကြီးကြီးစိုက်မရတာတော့ သေချာပါတယ်။

ဆိုခဲ့ပါရောလား။ ကျွန်တော်တို့ တန်းလျားတွေမှာ အရိပ်ရသစ်ပင်ကြီးတွေ စိုက်ဖို့မလွယ်တော့ အိမ်ခန်းတွေဟာ အမြဲပူတယ်။ အိမ်ခန်းတွေက ကျဉ်းလည်းကျဉ်းတော့ မိသားစုဝင်တွေဟာ စိတ်လည်း ကျဉ်းကျပ်ခံရတယ်။ ဒီကြားထဲ အိမ်ခန်းတန်းလျားတွေက အတွဲလိုက်ဆိုတော့ တအိမ်နဲ့တအိမ်ကြား စကားပြောသံတွေဟာ အမြဲကူးလူးနေတယ်။ မိသားစုအချင်းချင်း တိုးတိုးတိတ်တိတ်တိုင်ပင်ဖို့မလွယ်။ အသံတွေဟာ အမြဲပျံ့လွင့်ဆူညံနေပါတယ်။ ပြီးတော့ ကျွန်တော်တို့တန်းလျားက ဘူတာရုံနဲ့နီးတော့ ရထား ဥသြဆွဲသံတွေ၊ ရထားအင်ဂျင်ခုတ်မောင်းသံတွေ၊ ခရီးသည်တွေရဲ့အသံတွေဟာ တန်းလျားကို အမြဲတမ်းအလည်လာတယ်။ နှင်ထုတ်လို့လည်းမပြန်။

ငယ်စဉ်တောင်ကျေး ကလေးဘဝတုန်းကဆို ရထားသံနဲ့ အသားမကျသေးတော့ ရထားတစီးလာတိုင်း တခါလန့်လန့်နိုးခဲ့ဖူးတယ်။ ရထားသွားလာတဲ့အခါ အိပ်ရာထဲကနေ တသိမ့်သိမ့်တုန်တဲ့ မြေလှုပ်မှုကိုလည်း မကြာခဏခံစားခဲ့ရဖူးတယ်။ ဒါဟာ မီးရထားဝန်ထမ်းသားသမီးတို့ရဲ့ ဘဝရသတမျိုးပဲထင်ပ့ါ။ ကြာလာတော့လည်း ဒါတွေဟာ ဘဝထဲမှာ အနည်ကျပြီး တသားတည်းဖြစ်သွားတာပါပဲလေ။ ဘယ်အရာမဆို ကြုံတွေ့ဖန်များရင် အသားကျလာ တတ်တယ်မဟုတ်လား။ တကယ်တော့ လောကမှာလူတွေနဲ့အသားကျတဲ့အရာတွေဟာ အမြဲရှိတတ်ပါတယ်လေ။

ဒါပေမဲ့ ဒီအသားကျမှုတွေဟာ ကျွန်တော် ကျောင်းဆရာဖြစ်တော့ ဝေးကွာခဲ့ရပါတယ်။ ကျွန်တော်က ကျောင်းဆရာအဖြစ်တာဝန်ကျတော့ တာဝန်ကျတဲ့ရွာမှာပဲ နေထိုင်ခဲ့တယ်။ မိဘတွေရှိတဲ့ နေအိမ်တန်းလျားကို တလမှတကြိမ်လောက်သာ ပြန်ဖြစ်တော့တယ်။ အစပိုင်းတော့ တာဝန်ကျတဲ့ရွာမှာ နေရတာတမျိုးဖြစ်နေသေးတယ်။ အရင်ကနေခဲ့ဖူးတဲ့ မီးရထားတန်းလျားရဲ့အရသာတွေကို လွမ်းသလိုလိုပဲ။ ရင်ထဲ ဟာတာတာရယ်။ ဒါပေမဲ့ အချိန်ကြာလာတော့လည်း ကျွန်တော့်စိတ်အာရုံဟာ တာဝန်ကျတဲ့ရွာနဲ့ အသားကျလာပြန်ရော။ ဒီလိုဆိုပြန်တော့ နေအိမ်တန်းလျားကိုပင် မနှစ်မြို့တော့သလိုလို ဖြစ်လာတယ်လေ။ စိတ်ဟာခက်တယ်။ တွယ်ကပ်လွယ်တယ်လို့လည်း မြင်လာတယ်။ 'ငါးစိမ်းမြင်၊ ငါးကင်ပစ်' တတ်တဲ့ ကိုယ့်စိတ်ကိုယ်ပဲ အပြစ်ဖို့မိပါတယ်။

ဘာပဲဖြစ်ဖြစ် အခုဆို
နွေရာသီကျောင်းပိတ်ရာသီမှာ
ကျွန်တော်အိမ်ပြန်ရတာ ပျော်လာပါပြီ။
အရင်လိုပူလောင်အိုက်စပ်မှု
မရှိတော့ဘူးလေ။ ဒါဟာ
ပိတောက်ပင်လေးရဲ့ ကျေးဇူးပေါ့။
အရိပ်တခုရဲ့ ကျေးဇူးပေါ့။
တကယ်တော့ ကျွန်တော်တို့ရဲ့ဘဝမှာ
အရိပ်တွေလိုအပ်ပါတယ်။

တကယ်တော့ စိတ်ဟာသက်သာချောင်ချိမှုနဲ့ အနေသာမှုကို ဖက်တွယ်တာထင်ပါရဲ့။ တာဝန်ကျတဲ့ ရွာမှာက သစ်ရိပ်ဝါးရိပ်ရှိတယ်။ အေးမြစိုပြည်တယ်။ လူနေအိမ်တွေဟာ တွယ်ဆက်မနေဘူး။ ကိုယ့်ခြံကိုယ့်ဝင်းနဲ့။ ကျယ်ကျယ်ပြန့်ပြန့်၊ လွတ်လွတ်လပ်လပ်ပဲ။ တပါးသူတွေရဲ့ ဆူညံပူညံသံတွေနဲ့ ဝေးကွာလွန်းတယ်။ အပူလှိုင်းဟာ အသံနဲ့တောင် မကူးစပ်ဘူး။ အာခေါင်ခြစ်ပြီး အသာကုန်ဟွန်းမြည်တတ်တဲ့ မီးရထားသံတွေနဲ့လည်း ကင်းလွတ်သေးတယ်လေ။ အဘယ်မှာ စိတ်ကျဉ်းကျပ်မှုရှိသလဲ။ လွတ်လပ်လိုက်ပါဘိ။ ပျော်ရာမှာမနေ၊ တော်ရာမှာနေခဲ့ဖူးတဲ့အတွက် မီးရထားတန်းလျားထက်စာရင် တာဝန်ကျတဲ့ရွာအပေါ် ကျွန်တော် ပိုခုံမင်လာတယ်။ ဒီစိတ်ဟာ အပြစ်ဖြစ်တယ်ဆိုလည်း ကျွန်တော်ခံယူရပေလိမ့်မယ်။

ဒါကြောင့်လည်း တလတကြိမ် မိဘတွေရှိတဲ့ အိမ်တန်းလျားဆီ ပြန်ရတာကိုပင် စိတ်ကထင်သလောက်မရွှင်။ မိသားစုကိုလွမ်းလို့ ပြန်ရပေမဲ့ ကြာကြာနေဖို့လောက်ထိ ကျွန်တော့်စိတ်က ခွင့်မပြု။ နွေရာသီကျောင်းရက်ရှည်ပိတ်ရင် ပိုဆိုးသေး။ ဧပြီလနဲ့ မေလကို မိသားစုရှိရာ နေအိမ်တန်းလျားမှာဖြတ်သန်းဖို့ ကျွန်တော်မဝံ့ခဲ့။ မိသားစုကိုလည်း အဲဒီတန်းလျားကနေဆွဲထုတ်ဖို့ ကျွန်တော်မစွမ်းသာခဲ့။ ဘဝဟာလည်း အဲသလောက်မလွယ်မှန်း လူတိုင်းသိပြီးသားပဲ မဟုတ်လား။ နေချင်တာပေ့ါ။ ချမ်းသာတဲ့ မိသားစုတွေလို ခြံဝင်းကျယ်ကြီးနဲ့။ ခြံဝင်းထဲမှာ သစ်ရိပ်ဝါးရိပ်တွေနဲ့။ ဆူညံသံတွေ ကင်းဝေးစွာနဲ့ပေါ့။ ခက်တာက ဒီနိုင်ငံရဲ့ အခြေခံဝန်ထမ်းတွေမှာ ဒီလိုရပိုင်ခွင့်တွေဟာ ခြေထောက်ကျိုးတဲ့ မာရသွန်အပြေးသမားလို ပန်းဝင်ဖို့ကဝေးဆဲ။

ဒါပေမဲ့ ဒီနှစ်နွေရာသီမှာ နေအိမ်တန်းလျားဆီ ပြန်ရတာပိုပြီးပျော်စရာ။ ကျွန်တော်တို့နေတဲ့ တန်းလျားခြံဝင်းလေးရဲ့ ထောင့်တနေရာမှာ ပိတောက်ပင်လေးတပင်ဟာ ရှင်သန်နေတယ်လေ။ အခက်အလက် စုံစုံနဲ့ ဖြာဆင်းနေတယ်။ နေရောင်ခြည်ကိုလည်း သူစွမ်းသလောက် ကာကွယ်ပေးထားတယ်၊ အေးမြပါဘိ။ တကယ်တော့ ဒီအပင်လေးဟာ တကူးတကစိုက်ခဲ့တာမဟုတ်ပါဘူး။ အဖေကြောင့် ဖြစ်လာရတာပါ။ အချိန်အားဖြင့် လွန်ခဲ့တဲ့နှစ်နှစ်ကျော် မိုးဦးကျခါစဆိုပါတော့။ ကျွန်တော်တို့ ဝန်ထမ်းတန်းလျားရဲ့အရှေ့မှာ လူသွားလမ်းသွယ်လေးရှိပါတယ်။ အဲဒီလမ်းလေးဟာ ညညဆိုမှောင်အတိပဲ။ လမ်းသွားလမ်းလာတွေအတွက် နည်းနည်းခက်ခဲတဲ့လမ်း ဆိုပါတော့။

ဒီကြားထဲ မိုးများရွာပြီဆိုရင် တလမ်းလုံး ရေအိုင်၊ ရေကွက်တွေ၊ ရွှံ့နွံတွေဖြစ်ကုန်ရော။ နေ့ဘက်တောင် သိုင်းနင်းကွက်ကျ သွားရတဲ့လမ်းဆိုတော့ ညဘက်ဆိုပြောမနေပါနဲ့။ အဖေကလည်း လမ်းသွားလမ်းလာတွေအတွက် ညဘက်မှာ ဒီအခက်အခဲကို ဖြေရှင်းပေးဖို့ လမ်းမီးတိုင်လေးတတိုင် ကုသိုလ်ပြုချင်လာတယ်လေ။ ဒါနဲ့ပဲ ရပ်ကွက်ထဲက မိတ်ဆွေတယောက်ဆီကနေ ပိတောက်ကိုင်းတကိုင်း တောင်းခုတ်လာခဲ့တယ်၊ ခုတ်လာတဲ့ပိတောက်ကိုင်းက ၁၀ ပေလောက်တော့ မြင့်မယ်ထင်ပ့ါ။ အိမ်ရှေ့ရောက်တော့ အကိုင်းအခက်တွေသုတ်သင်ပြီး ခြံစည်းရိုးထောင့်မှာ ကျင်းတူးစိုက်လိုက်တယ်။

ပြီးတော့ အိမ်ထဲကနေ မီးကြိုးနဲ့သွယ်ပြီး အလိမ်မီးလုံးတလုံး ဆွဲချိတ်လို့ အဲဒီပိတောက်ကိုင်းကို မီးတိုင်လုပ်လိုက်တယ်လေ။ ကျွန်တော်တို့ တန်းလျားလမ်းကလေး သိသိသာသာလင်းကျင်းသွားတယ်၊ သွားလာသူတွေလည်း စိတ်ချမ်းသာသွားပုံပဲ။ နောက် မနက်ရောက်တော့ အဖေ့ရဲ့ စေတနာကို အသိအမှတ်ပြုသံတွေ စတင်ကြားလာရတယ်။ အဖေကတော့ နိုင်သလောက်လေးစွမ်းခဲ့ပြီးပြီမို့ ပြုံးလို့ပျော်လို့။ ဖြစ်ချင်တော့ ထိုပိတောက်ကိုင်းကို လမ်းမီးတိုင်လုပ်ခဲ့တဲ့ကာလက မိုးရာသီဖြစ်နေတယ်လေ၊ ပိတောက်ပင်တွေဟာ ဘယ်အကိုင်းကိုပဲ ထိုးစိုက်စိုက် အပင်ပြန်ပေါက်တတ်တယ်တဲ့။ အမေပြောဖူးတာ ကြားဖူးပါရဲ့။ ဒါပေမဲ့ လက်တွေ့မမြင်ဖူးတော့ သိပ်မယုံခဲ့ဘူး။

သို့သော် တကယ်ဖြစ်လာတာပါ။ မိုးရာသီအကုန် ဆောင်းကူးလာတော့ အတက်အလက်ကလေးတွေ ထိုးထွက်လာတယ်။ အဖေက ပျော်နေတယ်။ အမေက ပြုံးနေတယ်။ စာ (၂၉) သို့

# ဟန်လေးက အရမ်းချစ်တတ်တယ်



Channel 9 ရုပ်သံလိုင်းမှာ အပတ်စဉ် သောကြာ၊ စနေနေ့တိုင်း ထုတ်လွှင့်ပြသမယ့် 'ရင်ခွင်ရှင်းတမ်း' ရုပ်သံဇာတ်လမ်းမှာ ပါဝင်သရုပ်ဆောင်ထာတဲ့ ဟန်လေးက ချစ်သူကိုပေးဆပ်ပြီးချစ်တတ်တဲ့ ကောင်မလေးအဖြစ် သရုပ်ဆောင်ရမှာ ဖြစ်တယ်လို့ ပြောပါတယ်။

"ဒီဇာတ်လမ်းတွဲထဲမှာ ဟန်လေးက ကိုယ့်ရဲ့ချစ်သူကို ပေးဆပ်ပြီးချစ်တတ်တဲ့ ကောင်မလေးပေါ့နော်။ အရမ်းချစ်တတ်တဲ့ မိန်းကလေးတယောက်အဖြစ် သရုပ်ဆောင်ထားပါတယ်။ ဒီဇာတ်လမ်းတွဲက ဟန်လေးရဲ့ ပထမဆုံးဇာတ်လမ်းတွဲဆိုတော့ ဟန်လေးရဲ့ ပထမဆုံးအတွေ့အကြုံလို့ ပြောလို့ရပါတယ်။ ဒါကြောင့် အဆင်မပြေတာလေးတွေကတော့ ရှိကောင်းရှိမှာပါ။ ကာရိုက်တာဆိုရင်တော့ ဟန်လေးကိုယ်တိုင်က အပြင်မှာလည်း အရမ်းချစ်တတ်တဲ့သူဆိုတော့ ကာရိုက်တာအရ အရမ်း ခက်ခဲတာတွေကို လုပ်ရတယ်လို့ မထင်လိုက်ရပါဘူး။ အပြင်က ကိုယ့်ရဲ့ကာရိုက်တာနဲ့ ကိုက်ညီမှုရှိပါတယ်။ ဒီဇာတ်လမ်းတွဲကို မေလ ၂၄ ရက်မှ အပတ်စဉ် သောကြာ၊ စနေနေ့တိုင်း ထုတ်လွှင့်ပြသသွားမှာဖြစ်လို့ ဟန်လေးသရုပ်ဆောင်တာကို စောင့်ကြည့်ပြီး ဝေဖန်ပေးပါဦးနော်"လို့ ပြောပါတယ်။

အရမ်းချစ်တတ်တဲ့ ကောင်မလေးဆိုပေမဲ့ လက်ရှိမှာတော့ ဟန်လေးက ချစ်သူမရှိသေးဘူး၊ တယောက်တည်းလို့လည်း ပြောပါတယ်။

"လက်ရှိအချစ်ရေးကို ပြောရမယ်ဆိုရင်တော့ အေးဆေးပဲပေါ့။ ချစ်သူလည်း မရှိသေးပါဘူး။ ဟန်လေး တယောက်တည်းပဲ။ ကိုယ်က တကယ့်ကို ရင်ဘတ်နဲ့ခံစားပြီး ချစ်တတ်တဲ့သူဆိုတော့ နောက်ထပ် ချစ်သူထားမယ်ဆိုရင်တောင် အေးဆေးရွေးချယ်ပြီး အေးဆေးပဲနေတော့မယ်လို့ စိတ်ကူးတယ်။ အရင်လို လူသိရှင်ကြားတွဲဖို့လည်း အစီအစဉ်မရှိတော့ဘူး။ ကိုယ်ရွေးချယ်မယ့်သူက အနုပညာအသိုင်းအဝိုင်းထဲကပဲဖြစ်ဖြစ်၊ အပြင်ကပဲဖြစ်ဖြစ် တည်ငြိမ်တဲ့အချစ်ရေးကိုပဲ ရွေးချယ်တော့မယ်"

မော်ဒယ်လမ်းကြောင်းကတဆင့် သရုပ်ဆောင်အလုပ်တွေကို လုပ်လာသူဖြစ်လို့ ဇာတ်ကားတွေ အများကြီး ရိုက်ကူးထားတာမရှိသလို နောင်မှာလည်း ဇာတ်လမ်းကြိုက်မှသာ ရိုက်ဖြစ်မယ်လို့ ဆိုပါတယ်။

အဖြူရောင်

# Bella Hadid က စက်ရုပ်မကိုနမ်းတဲ့ ကြော်ငြာပြကွက်ကြောင့် လိင်တူချစ်သူအသိုင်းအဝိုင်းက CK ကို ပြစ်တင်ရှုတ်ချ

နာမည်ကျော်ဖက်ရှင် အမှတ်တံဆိပ်တခုဖြစ်တဲ့ Calvin Klein (CK) က ကြော်ငြာတခုမှာ မော်ဒယ် Bella Hadid က Lil Miquela လို့ အမည်ပေးထားတဲ့ စက်ရုပ်မကို နမ်းပြတဲ့ ပြကွက်ကြောင့် LGBT အသိုင်းအဝိုင်းရဲ့ ပြစ်တင်ရှုတ်ချမှုကိုခံနေရပြီး ဒီအဆန်းထွင်မှုကြောင့် ပြန်တောင်းပန်ရတဲ့အထိ ဖြစ်ခဲ့ပါတယ်။

"Bella Hadid နဲ့ Lil Miquela တို့ရဲ့ အိပ်မက်ကမ္ဘာ"လို့ ခေါင်းစဉ်တပ်ထားတဲ့ ကြော်ငြာဟာ CK ရဲ့ နောက်ဆုံးထွက်ရှိတဲ့ ကြော်ငြာဖြစ်ပါတယ်။

အသက် ၂၂ နှစ်အရွယ် မော်ဒယ် Bella Hadid က စက်ရုပ်မကိုမနမ်းခင်မှာ စက်ရုပ်မရဲ့မျက်နှာကို ပွတ်သပ်ပြီး "ဘဝရဲ့ တံခါးချပ်တွေပွင့်လာပါပြီ။ အရင်က မသိထားတဲ့ အိပ်မက်သစ်တွေကို ဖန်ဆင်းလို့ ရနေပါပြီ"လို့ တီးတိုးပြောဆိုနေပါတယ်။ ကြော်ငြာရဲ့ အဆုံးသတ်ပြကွက်မှာတော့ Bella Hadid နဲ့ စက်ရုပ်မ Lil Miquela တို့ တယောက်နဲ့တယောက်စိုက်ကြည့်နေကြပြီး လုံးဝမှောင်သွားတဲ့အထိ အလင်းကို ဖြည်းဖြည်းချင်းမှိန်ချလိုက်ပါတယ်။



ပုဂ္ဂလိကလွတ်လပ်ခွင့်၊ လွပ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ရဲ့ အနှစ်သာရကို ဖမ်းဆုပ်နိုင်ဖို့ ရည်ရွယ်ရိုက်ကူးထားတာဖြစ်ပေမဲ့ LGBT အသိုင်းအဝိုင်းရဲ့ တုံ့ပြန်မှုကတော့ ဆန့်ကျင်ဘက်ရလဒ်ဖြစ်ပါတယ်။

"CK ရေ ကြော်ငြာတခုပေါက်ဖို့အတွက် မိန်းမသားချင်း ချစ်တတ်တဲ့ ကျွန်မတို့ဘဝ အသုံးမချချင်ပါနဲ့"ဆိုတဲ့ သဘောထားမျိုးနဲ့ ဝေဖန်သံတွေ ကျွက်ကျွက်ညံသွားခဲ့ပါတယ်။

ဒါနဲ့ပတ်သက်လို့ CK က တရားဝင် ပြန်တောင်းပန်ခဲ့ပါတယ်။

"သမားရိုးကျ ကြော်ငြာပုံစံတွေကို စိန်ခေါ်တဲ့အနေနဲ့ ရိုက်ကူးခဲ့ခြင်းဖြစ်ပြီး သရုပ်မှန်နဲ့ သရုပ်လွှန်ကြားက မသဲကွဲတဲ့ စည်းလေးတကြောင်းကို ရှာဖွေခြင်းသာဖြစ်ပါတယ်။ လိင်တူ ချစ်သူမဟုတ်သူတယောက်ကို လိမ်တူချစ်သူပုံစံ သရုပ်ဆောင်စေခြင်းကြောင့် လိင်တူချစ်ခင်စုံမက်မှုကိုအသုံးချပြီး ကြော်ငြာဆွဲဆောင်မှုအဖြစ် ရှုမြင်ကြမယ်ဆိုတာကို သဘောပေါက်နားလည်ပါတယ်။ LGBT အခွင့်အရေးကို အစဉ်တစိုက် ဆော်သြပေးနေတဲ့ ကုမ္ပဏီတခုအနေနဲ့ လိင်တူချစ်သူအသိုင်းအဝိုင်းကို ထင်ယောင်ထင်မှားဖြစ်စေဖို့ ရည်ရွယ်ချက် အလျဉ်းမရှိပါ။ ဒီအတွက် စိတ်ထိခိုက်မှုတစုံတရာရှိခဲ့မယ်ဆိုရင် အမှန်တကယ် စိတ်မကောင်းဖြစ်ရပါတယ်"လို့ CK က ထုတ်ပြန်ခဲ့ပါတယ်။

ဒါနဲ့ပတ်သက်လို့ Bella Hadid ကတော့ တခွန်းတပါဒမှ မတုံ့ပြန်သေးဘူးလို့ သိရပါတယ်။

ဆယ်လီအေမောင်ကြီး

Ref ;PEOPLE

# ဒီ၊ မီ စုံတွဲကို ပြည်သူ့အက...
# ကျေနပ်ဂုဏ်ယူပါတယ်ဆို...



ဒီ မောင်နှံဖြစ်တဲ့ ဇော်ခိနဲ့ ခရစ္စတီးနားခီ၊ မိမောင်နှံဖြစ်တဲ့ ပိုင်ဖြိုးသုနဲ့ ဒါရိုက်တာ ဏကြီးတို့ကို အဖွဲ့အစည်းတခုက ပြည်သူ့အကယ်ဒမီဆိုပြီး မေ ၁၂ ရက်က ချီးမြှင့်ခဲ့ပါတယ်။ အဓိကအားဖြင့် ရုပ်ရှင်အစည်းအရုံးက ရွေးချယ်ပေးအပ်တဲ့ ရုပ်ရှင်ထူးချွန်ဆုပေးအပ်ပွဲမှာ ဒီမောင်နှံဖန်တီးတဲ့ ဥပါယ်တံမျဉ်၊ မုဒြာရဲ့ခေါ်သံဇာတ်ကားများ၊ ဒါရိုက်တာဏကြီးရိုက်ကူးပြီး ပိုင်ဖြိုးသုက အဓိကဇာတ်ဆောင်နေရာက ပါဝင်သရုပ်ဆောင်

# ဂျပန်ရုပ်ပြကို ပြန်လည...
# တောင်ကိုရီးယာ...



ဂျပန်maga ကာတွန်းဇာတ်လမ်းတွဲတပုဒ်ဖြစ်သော My Absolute Boyfriend ကို တောင်ကိုရီးယားရုပ်သံဌာန SBS က ပြန်လည်ဆန်းသစ် ရိုက်ကူးထားပါသည်။

ထို ဂျပန်ကာတွန်းဇာတ်လမ်းကိုလည်း ဂျပန် နိုင်ငံ၊ ထိုင်ဝမ်တို့မှ ရိုက်ကူးထုတ်လွှင့်ပြသခဲ့ဖူးပါသည်။ SBS ရုပ်သံဌာနမှ ထုတ်လွှင့်ပြသမည့် My Absolute Boyfriend ဇာတ်လမ်းတွဲတွင် တက်သစ်စမင်းသား ရိုဂျင်ဂိုနှင့် မင်းသမီးငယ် ဘန်မင်အာတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ပါသည်။ မင်းသားရိုဂျင်ဂိုသည် ကလေးသရုပ်ဆောင်တဦးကနေ အောင်မြင်လာခဲ့သော မင်းသားငယ်တဦးဖြစ်ပါသည်။



အချစ်နဲ့ပတ်သက်ရမှာကို ကြောက်ရွံ့နေသော မိန်းကလေးတဦးထံသို့ စက်ရုပ်အမျိုးသားတဦး ရောက်ရှိလာတဲ့အခါမှာတော့ သူမဘဝလည်း ပြောင်းလဲလာခဲ့ပါသည်။ လူသားတဦးနှင့် စက်ရုပ်တရုပ်ကြားက ချစ်ခြင်းတရားတွေကို ပုံဖော်ထားသည့် စိတ်ကူးယဉ်ဇာတ်လမ်းတွဲတပုဒ်ဖြစ်သည်။

www.free4readers.com

www.free4readers.com



## ကယ်ဒမီချီးမြှင့်တဲ့အပေါ် ဆိုတဲ့ အကယ်ဒမီဇင်ဝိုင်း

ထားတဲ့ 'မီ' ဇာတ်ကားများဟာ ဇာတ်ပို့ ဇာတ်ဆောင်၊ ဒါရိုက်တာ အစရှိတဲ့နေရာများမှာ အကယ်ဒမီဆုနဲ့ ထိုက်တန်ပေမဲ့ ချီးမြှင့်ခြင်းမခံရတဲ့အတွက် ပြည်သူ့အကယ်ဒမီဆိုပြီး ဖန်တီးချီးမြှင့်ခြင်းဖြစ်တယ်လို့ သိရပါတယ်။ ဒါနဲ့ပတ်သက်လို့ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ တာဝန်ကို ထမ်းဆောင်နေတဲ့ အကယ်ဒမီ ဇင်ဝိုင်းနဲ့တွေ့ဆုံခိုက် မေးမြန်းဖြစ်တော့ ရုပ်ရှင်လောကသားချင်းတွေပဲဖြစ်တာကြောင့် မည်သူမည်ဝါမဆို ဆုချီးမြှင့်ခံရတဲ့အပေါ်မှာ ဝမ်းသာဂုဏ်ယူမိတယ်လို့ ပြောပါတယ်။

''ဇော်ဦးတို့ ဒါရိုက်တာခရစ္စတီးနားခီ တို့ကိုပဲပေးပေး၊ သုသုတို့ ဒါရိုက်တာဏကြီးတို့ကိုပဲပေးပေး အားလုံးကို ကျွန်တော်တို့ရဲ့ ရုပ်ရှင်လောကသားလို့ပဲ သတ်မှတ်ထားပါတယ်။ ဒါကြောင့် ကျွန်တော်တို့လောကသားကို မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်းကပဲဖြစ်ဖြစ် ဆုချီးမြှင့်တယ်ဆိုလည်း ဆုရတဲ့လူက ကိုယ့်လောကထဲကဖြစ်လို့ ကျေနပ်ပါတယ်။ ဂုဏ်ယူစရာလည်းကောင်းပါတယ်''လို့ ဦးဇင်ဝိုင်းက ပြောပါတယ်။

ပရိသတ်က သူတို့ချစ်ခင်မြတ်နိုးတဲ့ အနုပညာရှင်တွေအပေါ် ချီးမြှောက်တဲ့အပေါ်မှာ အထူးတလည် ပြောစရာမရှိဘူးလို့လည်း သူကဆိုပါတယ်။

လက်ရှိအချိန်မှာ အစည်းအရုံးအနေနဲ့ လာမယ့် ဇွန်လထဲမှာ ဂီတလောက နောက်ခံဇာတ်ကားတကား ရိုက်ကူးဖို့ ရှိတယ်လို့ သိရပါတယ်။ ဒါရိုက်တာမိုးပွားနဲ့ ရိုက်ကူးမယ်လို့ သိရပါတယ်။ **ကလျာဆွေ**

## ည်ဆန်းသစ်ထားသော ားဇာတ်လမ်းတွဲ



မြန်မာနိုင်ငံမှာလည်း တချိန်တုန်းက ကာတွန်းရုပ်ပြနာမည်ကျော်များ များစွာထွက်ခဲ့ပါသည်။ ရုပ်ရှင်အဖြစ် မရိုက်ရသေးသောဇာတ်လမ်းများကို ရုပ်ရှင်အဖြစ်အသွင်ပြောင်း၍ ပြသလျှင်ကောင်းမှာပဲဟု စိတ်ကူးမိပါသည်။

**သက်**



# Facebook ကိုယ်ပိုင်အကောင့်မသုံးတဲ့ ရွှေသမီး



ဒါရိုက်တာစတီးနဲ့လက်တွဲပြီး ရုပ်ရှင်ကားကြီးတွေ ရိုက်ကူးဖြစ်နေတဲ့ သရုပ်ဆောင် ရွှေသမီးက ခုချိန်အထိ ဝေဖန်ခံရမှုနည်းတဲ့ Celebrity အဖြစ် ရပ်တည်နေနိုင်တာ သိုသိုသိပ်သိပ်နေတတ်တာရယ်၊ Facebook မသုံးဘဲ နေဖြစ်တာရယ်ကြောင့် ဖြစ်မယ်ထင်တယ်လို့ ပြောပါတယ်။

''ညီမတို့ မိသားစုအားလုံးက အေးဆေးသမားတွေပါပဲ။ လုပ်ငန်းခွင်မှာလည်း အားလုံးနဲ့အဆင်ပြေအောင်နေတယ်။ ရောက်တဲ့နေရာမှာ ပျော်ပျော်နေတတ်တော့ အေးဆေးပဲပေါ့။ သိပ်ပြီး ပြဿနာမများဘူးပေါ့နော်။ ညီမသိပ်ပြီး ဝေဖန်မခံရဘူးဆိုတာကလည်း အေးဆေးနေတတ်လို့ ဖြစ်မယ်ထင်တယ်။ နောက်တခုက Facebook မသုံးတာလည်းပါမယ်။ Page ပဲသုံးတော့ ပရိသတ်တွေက အရမ်းကြီးသတိထားမိတာမျိုး မရှိဘူး။ ဒီဘက်ခေတ်မှာ ကိုယ်ကလိုင်းပေါ်မှာ ဟော့နေတာမျိုးလည်းမရှိဘူး။ ထင်ထင်ပေါ်ပေါ် မနေတတ်တာလည်း ပါပါတယ်။ အနောက်မှာပဲနေတတ်တော့ တခုခုဆို အပြောအဆိုလွတ်တာပေါ့''လို့ ပြောပါတယ်။

မန္တလေးသူဖြစ်လို့ မန္တလေးမြို့ကြီးပိုပြီးသာယာလှပတာကို ကျေနပ်ပီတိဖြစ်ရပေမဲ့ တချို့ဆိုးသွမ်းနေတဲ့ လူတစုကြောင့် စိတ်မကောင်းဖြစ်ရတယ်လို့လည်း သူမက ဆိုပါတယ်။

''ကိုယ့်ရဲ့ဇာတိဖြစ်တဲ့ မန္တလေးကို အရမ်းချစ်တယ်။ ရန်ကုန်မှာနေရင်း မန္တလေးက မိတ်ဆွေအပေါင်းအသင်းတွေနဲ့ဆုံရင် အရမ်းပျော်တာ။ အခုချိန်မှာ မန္တလေးက လမ်းတွေကအစ အရမ်းကို သာယာလာတယ်ဆိုတာ သိရမြင်ရတော့ ကျေနပ်မိတာပေါ့နော်။ ဒါပေမဲ့ တချို့ဆိုးသွမ်းတဲ့ သူတွေလည်း များလာတာသိရလို့ စိတ်မကောင်းဖြစ်ရတယ်သိလား။ ညီမကတော့ ကိုယ်ချစ်တဲ့ မန္တလေးမြို့ကြီးကို ပိုပြီးသာယာစေချင်တယ်။ ဘာမှမလုပ်ပေးဖြစ်သေးပေမဲ့ ကိုယ့်မြို့အတွက် ဘာလုပ်ပေးနိုင်မလဲဆိုတဲ့ စိတ်အမြဲရှိတယ်''လို့ ဆိုပါတယ်။

သရုပ်ဆောင်ရွှေသမီးက အားလုံးနဲ့ အဆင်ပြေအောင်နေတတ်ပေမဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စတွေကိုတော့ ထုတ်ဖော်မပြောတတ်ဘူးလို့ ဆိုပါတယ်။

''ညီမက အချစ်ရေးတွေ၊ မိသားစုအရေးတွေကို သိပ်ပြောလေ့မရှိဘူး။ နောက်ကျရင် လည်း ပြောဖြစ်မယ်မထင်ပါဘူး''လို့ ဖွင့် ပြောပါတယ်။

**ကလျာဆွေ**

*Photo - mie lay (My-Studio)*

www.free4readers.com

# ကြောက်စရာမလိုသော ပန်းနာရင်ကျပ်

မုဒိတာ(တောင်သာ)



ပန်းနာရင်ကျပ်ရောဂါဆိုသည်မှာ လူအတော်များများတွင် အဖြစ်များသောရောဂါတခု ဖြစ်သည်။ ယင်းရောဂါသည် အဆုတ်အတွင်းရှိ အသက်ရှူလမ်းကြောင်းကို ထိခိုက်စေသော နာတာရှည်ရောဂါတမျိုး ဖြစ်သည်။ အသက်ရှူရန်မောပန်းခက်ခဲပြီး လူကို ပင်ပန်းစေတတ်၍ ရန်သူကဲ့သို့ ညှဉ်းပန်းနှိပ်စက်တတ်သောကြောင့် ပန်းနာဟု ခေါ်ခြင်းဖြစ်သည်။ အချို့က ကူးစက်တတ်သည့်ရောဂါအဖြစ် အထင်မှားနေကြသည်။ ပန်းနာရင်ကျပ်သည် ကူးစက်တတ်သောရောဂါတခုမဟုတ်သော်လည်း မျိုးရိုးလိုက်တတ်သောရောဂါတခုဖြစ်သည်။ ပန်းနာရင်ကျပ်ဆိုသည်နှင့် အများစုက ကြောက်ရွံ့သွားလေ့ရှိကြသည်။

ပန်းနာနှင့်တွဲပြီးဖြစ်နိုင်သော ရောဂါများမှာ နှင်းခူနှင့်ထိပ်ကပ်နာတို့ ဖြစ်သည်။ ထိုရောဂါ ၃ မျိုးသည် ဆေးပညာအနေဖြင့် အဆုတ်နှင့်ပတ်သတ်သော ရောဂါတခုအနေနှင့်တွဲပြီး သတ်မှတ်ထားသည်ကိုလည်း တွေ့ရသည်။ ပန်းနာရင်ကျပ်သည် အသက်ရှူမဝသော ရောဂါ ဖြစ်သည်။ လူ့ခန္ဓာကိုယ်တွင် အဆုတ်နှစ်ဖက်ရှိရာ နှာခေါင်းမှရှူရှိုက်လိုက်သောလေသည် လေရှူပြွန်မှတဆင့် အဆုတ်ဘယ်၊ ညာနှစ်ဖက်ခွဲထွက်ပြီး စိမ့်ဝင်လာသည်။ ထိပ်ဆုံးဖျားသို့ရောက်သောအခါ ထိုလေများသည် လေအိတ်သေးသေးလေးများထဲသို့ ဝင်ရသည်။ ထို့နောက်မှတဆင့် အောက်ဆီဂျင်ကို သွေးထဲသို့ စိမ့်ဝင်ပေးခြင်းဖြစ်မှ လူတယောက်သည် ကျန်းမာရှင်လန်းနေမည်ဖြစ်သည်။

ပြန်ရှူထုတ်လိုက်သည့်အခါ ထိုသွေးကြောလေးများမှ ကာဗွန်ဒိုင်အောက်ဆိုဒ်သည်ပြန်ထွက်ပြီး အဆုတ်မှတဆင့် လာရာလမ်းကြောင်းအတိုင်းအပြင်ကိုပြန်ထွက်သွားရသည်။ ဤသို့ဖြင့် ရှူသွင်းလိုက် ရှူထုတ်လိုက်နှင့် ပုံမှန်အားဖြင့် အသက်ရှူနေသည်ကို သတိမထားမိကြပေ။ သို့သော် ပန်းနာရင်ကျပ်သမားများသည် လေရှူပြွန်များကျဉ်းသွားသည့်အတွက် တရှုရှုနှင့်ပြွန်တခုထဲ လေမှုတ်သွင်းသလို မြည်နေပြီး လည်ပင်းကြွက်သားများ တောင့်တင်းပြီး အတင်းရှိုက်ရှူနေကြရသည်။ ရင်ဘတ်ရှိ နံရိုးကြား ကြွက်သားများပါလှုပ်ပြီး ရှူနေကြရသည်။ ခါးပါကုန်းအောင်လည်း ရှူနေကြရသည်။ ထို့ကြောင့် ပန်းနာရင်ကျပ် ဖြစ်သူကို ရှူနာရှိုက်ကုန်းဟုခေါ်ခြင်း ဖြစ်သည်။

အာယုဗ္ဗေဒဆေးပညာတွင် ပန်းနာရင်ကျပ် ရောဂါကိုဖြစ်ပွားစေသော အကြောင်းအရာများမှာ ပူသောအစာ၊ ကြေခဲသောအစာ၊ အဆီအစေးမရှိ ခြောက်သွေ့သောအစာ၊ သလိပ်ပွားစေသောအစာ၊ အေးသောအစာစားခြင်း၊ အေးသောနေရာတွင် အနေများခြင်း၊ မြူမှုန်နှင့် မီးခိုးနေပူခံခြင်း၊ လေပြင်းတိုက်ခံခြင်း၊ ကိုယ်ပင်ပန်းခံခြင်း၊ ခရီးလွန်စွာသွားခြင်း၊ အဟုန်ကိုတားမြစ်ခြင်း၊ အစာကိုနပ်ကျော်စားခြင်းတို့ဖြစ်သည်။ မာဝေနိဒါန်းကျမ်းတွင်မူ သလိပ်နှင့် လေနှစ်ပါးပေါင်းစပ်၍ အသက်ရှူလမ်းကြောင်းကိုဆောင်သော အကြောအပေါက်တို့ကို ပိတ်ဆို့ထားသဖြင့် လေ၊ သလိပ်နှစ်ပါးသည် ကျပ်တည်းကျဉ်းမြောင်းစွာ သွားရသည့်အတွက် အသက်ရှူကျပ်ကာ ပန်းနာရင်ကျပ် ရောဂါဖြစ်ရခြင်းလည်းဖြစ်သည်။

မြန်မာ့တိုင်းရင်းဆေးပညာနည်းစနစ်အရ ပန်းနာရင်ကျပ်ရောဂါ၏ရှေ့ပြေးလက္ခဏာများမှာ အသက်ရှူခက်ခဲခြင်း၊ သလိပ်သံ၊ လေသံများ တရှုံရှုံကြားရခြင်း၊ ချောင်းဆိုးခြင်း၊ အေးသောအခါပို၍ ကျပ်တတ်ခြင်းတို့သည် အထင်ရှားဆုံးသောလက္ခဏာများဖြစ်သည်။ ထို့အပြင် နှလုံး၊ နာကျင်ကိုက်ခဲခြင်း၊ ခံတွင်းပျက်ခြင်း၊ နားထင်၊ နားသယ်ရိုးတို့၌ အပ်နှင့်ထိုးသကဲ့သို့ နာကျင်ခြင်းတို့ကိုလည်း တွေ့ရသည်။

သလိပ်ပွပြီး ရင်ကျပ်နေသော သလိပ်ပန်းနာမျိုး ဖြစ်ပါက ဆေးအမှတ် (၄) ပန်းနာချွဲယိုင်ဆေးကို တကြိမ်လျှင် ၁ ပဲသားနှင့် နံနက်၊ ညနေ ၂ ကြိမ် ကွမ်းရွက်ပြုတ်ရည်နှင့် တိုက်ကျွေးနိုင်သည်။ သလိပ်ခြောက်ပြီး ရင် ကျပ်နေသော လေပူပန်းနာမျိုးဖြစ်ပါက ဆေးအမှတ် (၄) ပန်းနာချွဲယိုင်ဆေးကိုတကြိမ်လျှင် ၁ ပဲသား နံနက်၊ ညနေတနေ့ ၂ ကြိမ် သံပရာရည်နှင့် တိုက်ကျွေးနိုင်သည်။ ပန်းနာရောဂါ အားလုံးကို နေ့လယ်တွင် ဆေးအမှတ်(၂၅)မတဲ့မြင့်မိုရ်ကုန်းဆေးကို လူကြီးတွင် ၂ ပဲသား။ ကလေးတွင် ၁ ပဲသား ရေနွေးနှင့် တိုက်ကျွေးနိုင်သည်။ ညပိုင်းတွင် ဆီး၊ ဝမ်း မှန်စေရန် ဆေးအမှတ်(၁၀) ဆီးရှင်ဝမ်းနုတ်ဆေးကို လူကြီးတွင် ၄ ပဲသား၊ ကလေးတွင် ၂ ပဲသား ရေအေးနှင့် တိုက်ကျွေးနိုင်သည်။ လျက်ဆေးအဖြစ်ဆေးအမှတ်(၁) သေမုပုတီက၊ ဆေးအမှတ်(၇)နွယ်ချိုကဲ၊ ဆေးအမှတ် (၂၃) ဆေးပုလဲကလာပ်တို့ကို ဆတူစပ်၍ ၄ ပဲသားခန့် လျက်ပေးသင့်သည်။

ပန်းနာရင်ကျပ်တွင် ရင်လူးဆေးအဖြစ် ဆေးအမှတ်(၄၇) ခုနစ်ပါးဆေးဝါလေး ၄ ပဲသားခန့်ကို နှမ်းဆီ(သို့) အကြောလိမ်းဆေးတမျိုးမျိုးဖြင့် လိမ်းပေးနိုင်သည်။ ငယ်လွန်းသောကလေးသူငယ်များ၊ အရေပြားတောင့်မတည့်ခြင်း ဖြစ်တတ်သူများအတွက် မုန့်ညင်းဆီတမျိုးထဲကိုသာ လိမ်းပေးနိုင်သည်။ ဆေးလိမ်းသည့်အခါ ရင်ဘတ်နှင့်ကျောကိုညှပ်ကာ လိမ်းပေးရမည်။ ပန်းနာရင်ကျပ်ရောဂါသည်များသည် ညဘက်တွင် ပို၍ကျပ်တတ်သဖြင့် ပဒိုင်းရွက်၊ ကွမ်းရွက်တို့ကို မီးကင်၍ ရင်ဘတ်နှင့် နောက်ကျောတို့တွင် ကပ်ပေးနိုင်သည်။ လူနာသည် အင်အားရှိလျှင် လူနာ၏ပေါင်တွင် ဆေးရွက်ကြီးကို စည်းပေးပြီး ချွဲသလိပ်များအန်စေခြင်းဖြင့် ရင်ကျပ်ခြင်းကို သက်သာစေသည်။

ဖြည့်စွက်ကုထုံးအနေဖြင့် ကြောင်ပန်းရွက်ပြုတ်ရည်ကဲ့သို့သော ပြုတ်ရည်များဖြင့် ဆေးငွေ့ရှူခြင်း၊ ရေနွေးပွက်ပွက်ဆူသည့်ထဲသို့ ပရုတ်ဆီ၊ လေးညင်းဆီကဲ့သို့သော အသက်ရှူလမ်းကြောင်းကိုပွင့်စေသော ဆေးအဆီများထည့်ပြီး ထိုအငွေ့ကိုရှူပေးခြင်း၊ လူနာအနီးတွင်ထားပေးခြင်းများပြုလုပ်ပေးနိုင်သည်။အာဟာရဓာတ်စာအနေဖြင့် ပင်စိမ်းရွက်သတ္တုရည်(သို့) ပင်စိမ်းရွက်ကို ချင်း၊ ကြက်သွန်ဖြူတို့နှင့် ဟင်းရည်ချက်သောက်ပေးနိုင်သည်။ ပင်စိမ်းပွင့်ကို ချင်းခြောက်၊ ကြက်သွန်ဖြူတို့နှင့်ရောထောင်း၍ ပျားရည်စစ်စစ်နှင့် လျက်ပေးပါက ချောင်းဆိုးခြင်းနှင့် ပန်းနာရင်ကျပ်ကို သက်သာစေပြီး လေရှူပြွန်ကို ကျယ်စေသည်။ ပဲစင်းငုံကိုအလုံးလိုက် ရေနှင့်နပ်အောင်ပြုတ်ပြီး ဆားခတ်၍ ပဲဟင်းရည်ကဲ့သို့ အရည်ရောအဖတ်ပါစားပေးခြင်းဖြင့် ပန်းနာရင်ကျပ်ကို သက်သာစေပြီး အမောပါခံနိုင်လာမည်။ သဘော်သီးစိမ်းတလုံးကို အလုံးလိုက် ရေစင်အောင်ဆေးပြီး အပေါ်ခွံကိုမနွာပစ်ဘဲခြစ်ပြီး ကြက်သွန်နီ၊ သံပရာရည်ဖြင့် သုပ်စားပေးနိုင်သည်။ မယ်ဇလီပွင့်ခြောက်ကို ရေနွေးဆူဆူတွင်ခပ်၍ လက်ဖက်ရည်ကြမ်းသောက်သကဲ့ သို့ အကြမ်းပန်းကန်နှင့် တနေ့လျှင် ၄၊ ၅ လုံးခန့် သောက်ပေးနိုင်သည်။ အပွင့်ခြောက်မရပါက အပွင့်စိုကိုပြုတ်၍ဖြစ်စေ၊ အရွက်နုကို ပြုတ်၍ဖြစ်စေ၊ တို့စရာအဖြစ်လည်းကောင်း၊ သုပ်စား၍လည်းကောင်း စားပေးနိုင်သည်။ သဘော်မယ်ဇလီအဖူးနှင့်အရွက်ကို ပြုတ်သောက်ပေးပါကလည်း အသက်ရှူပြွန်ချောင်း ရောင်သောရောဂါ၊ ပန်းနာရင်ကျပ်ရောဂါတို့ကို သက်သာစေပြီး ဝမ်းကိုသက်စေသည်။ ဆီးလည်းများစေသည်။

ပန်းနာရင်ကျပ်ရောဂါတွင် သုံးစွဲနိုင်သော ဆေးဖက်ဝင် အပင်များမှာ သဘော်မယ်ဇလီ၊ ကွမ်းရွက်၊ ပဒိုင်းရွက်၊ ကြက်သွန်ဖြူ၊ နနွင်း၊ ချင်း၊ ရှောက်၊ မယ်ဇလီ၊ ပဲစင်းငုံ၊ ကန့်ကလာ၊ စမုံဖြူ၊ ပိတ်ချင်း၊ မြေပုံခရမ်းပင်တို့ဖြစ်သည်။

ပန်းနာရင်ကျပ်ရောဂါ၏ နောက်ဆက်တွဲ ရောဂါများမှာ အဆုတ်ကင်ဆာ၊ အဆုတ်တီဘီ၊ အဆုတ်ပြည်တည်နာ၊ အဆုတ်ရောင် ရောဂါ၊ အဆုတ်မြှေးရောင်ရောဂါတို့ဖြစ်နိုင်သည်။

ဤသို့ဖြင့် မျိုးရိုးလိုက်တတ်သော ပန်းနာရင်ကျပ်ရောဂါသည် သက်သာအောင် ကုသနိုင်သော ရောဂါတခုဖြစ်သည်နှင့်အညီ ဆင့်ပွားရောဂါများ မဖြစ်လာစေရန် အချိန်မီကုသပေးခြင်း၊ နောက်ထပ် ကာကွယ်ခြင်းများဖြင့် ပန်းနာရင်ကျပ်ရှိသော်လည်း မိမိဘဝတသက်တာတွင် ကျန်းမာစွာနေထိုင်နိုင်ပါကြောင်း တင်ပြလိုက်ရသည်။

မုဒိတာ (တောင်သာ)



www.free4readers.com



# မိုက်ကယ်ကျော်မြင့်အား သိန်း ၁၀၀ တန် ရဲအာမခံဖြင့် လွှတ်ထားရန် တရားသူကြီး၏အမိန့်သည် သုံးလေ့သုံးထမရှိဟု ဦးကြီးမြင့်ပြော

တောင်ဒဂုံမြို့နယ် တွဲဖက်တရားသူကြီး (၃)က ပုဒ်မ ၅၀၅(ခ)ဖြင့် မိုက်ကယ်ကျော်မြင့်ပါ ၂ ဦးကို ဖမ်းဝရမ်းထုတ်ခဲ့ပြီး မေ ၂၃ ရက်တွင် တရားရုံးသို့ လာရောက်ရန် ဆင့်ခေါ်ထားကာ ယင်းနေ့မတိုင်မီ အချိန်အတွင်း ရဲတပ်ဖွဲ့မှ ဖမ်းဆီးထိန်းသိမ်းထားရန် အကယ်၍ ကျပ်သိန်း ၁၀၀ ဖြင့် အာမခံမည့်သူရှိပါက လွှတ်ထားခွင့်ပြုရန် အမိန့်စာထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ မိုက်ကယ်ကျော်မြင့်အား သိန်း ၁၀၀ တန် ရဲအာမခံဖြင့် လွှတ်ထားရန်အမိန့်သည် တရားသူကြီး၏ လုပ်ပိုင်ခွင့်အာဏာကို သုံးခြင်းဖြစ်ပြီး ယခုလိုပုဒ်မတွင် ယခုကဲ့သို့ အမိန့်သုံးလေ့သုံးထမရှိကြောင်း တရားလွှတ်တော်ရှေ့နေ ဦးကြီးမြင့်က ပြောသည်။

"သူထုတ်ပေးတာကတော့ အာမခံဝရမ်းပေါ့။ ၅၀၅(ခ)က အာမခံမပေးရဘူးဆိုတဲ့အရာကို သူချိုးဖောက်ရာရောက်တာပေါ့။ ဒါမျိုးက ဖြစ်တတ်ပါတယ်။ ရဲကသွားဖမ်းပြီးတော့ ရုံးပို့တယ်။ အာမခံပေးပြီးတော့လည်း ပို့တယ်။ ဒီလိုမျိုးကဖြစ်တတ်ပါတယ်။ ဒါပေမဲ့လို့ ၅၀၅(ခ)လိုဟာကိုတော့ အဲဒီလိုမျိုးချတာတခါမှ မရှိဖူးဘူး။ တရားသူကြီးကတော့ သူရဲ့အာဏာကို သူသုံးတာပေါ့။ ဒါပေမဲ့ အဲလိုဟာမျိုးကတော့ သုံးလေ့သုံးထတော့ မရှိဘူးပေါ့"ဟု ၎င်းက ပြောသည်။

တောင်ဒဂုံမြို့နယ်တွင် မေ ၁၄ ရက်နှင့် ၁၅ ရက် ညပိုင်း အစ္စလာမ်ဘာသာဝင်တို့၏ ရာမဇန်ဥပုသ်ကာလအတွင်း တောင်ဒဂုံမြို့နယ် ၂၆ ရပ်ကွက်၊ ၆၄ ရပ်ကွက်၊ ၁၀၆ ရပ်ကွက်ရှိ ယာယီဝတ်ပြုဆောင် ၃ ခုကို မိုက်ကယ်ကျော်မြင့်ဦးဆောင်ပြီး မျိုးချစ်ဆိုသူလူတစုမှ တုတ်၊ ဓားလက်နက်များကိုင်ဆောင်ကာ ဝင်ရောက်တားဆီးသည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ပြီး ယင်းဖြစ်စဉ်ဖြစ်ပွားခဲ့သည့်အတွက် မိုက်ကယ်ကျော်မြင့်ပါ ၂ ဦးအား တောင်ဒဂုံမြို့နယ်အုပ်ချုပ်ရေးမှူးက တရားလိုပြုလုပ်ကာ တရားရုံးဦးတိုက်လျှောက်ပြီး ရာဇသတ်ကြီး ပုဒ်မ ၅၀၅(ခ)ဖြင့် အမှုဖွင့်ခဲ့ခြင်းဖြစ်သည်။

တောင်ဒဂုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးညီညီက "ဒီကိစ္စနဲ့ပတ်သက်ပြီး တောင်ဒဂုံမြို့နယ် ရဲတပ်ဖွဲ့မှူးကို မေးကြည့်တဲ့အခါမှာ မိုက်ကယ်ကျော်မြင့်နဲ့ပတ်သက်ပြီးတော့ တောင်ဒဂုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးကနေ ၅၀၅(ခ)နဲ့ တရားရုံးကို ဦးတိုက်လျှောက်ထားတယ်လို့ ပြောတယ်။ လက်ရှိအခြေအနေမှာလည်း မိုက်ကယ်ကျော်မြင့်ကို ဖမ်းဝရမ်းထုတ်ထားတဲ့အကြောင်း ကျွန်တော်ကို ပြောတယ်။ လောလောဆယ်တော့ အဲလောက်တော့ရှိတယ်။ အဲဒီအပေါ်မှာကိုလည်းပဲ ဥပဒေစိုးမိုးမှု ဘယ်လောက်ရှိတယ်ဆိုတာကိုလဲ ပြည်သူတွေက သိချင်နေကြပါတယ်။ ဥပဒေထိန်းသိမ်းရေးဝန်ထမ်းတွေက ဒီအရာကို အမြန်ဆုံးဆောင်ရွက်ဖို့ လိုအပ်တယ်လို့ ပြောချင်ပါတယ်"ဟု ပြောကြားသည်။

မိုက်ကယ်ကျော်မြင့်အား ဖမ်းဝရမ်းထုတ်ထားမှုနှင့်ပတ်သက်၍ အခြေခံလူ



တန်းစားဘာဝ မြင့်မားရေးပါတီကို ဆက်သွယ်မေးမြန်းကြည့်ရာတွင် မိုက်ကယ်ကျော်မြင့်နှင့် လောလောဆယ်တွင် ဆက်သွယ်၍မရနိုင်သေးကြောင်း၊ မိုက်ကယ်ကျော်မြင့်အနေဖြင့် ယခုကိစ္စနှင့်ပတ်သက်၍ မည်သို့လုပ်ဆောင်မည်လဲဟု မေးမြန်းရာတွင် အလုပ်များနေ၍ ဖြေကြားနိုင်ခြင်းမရှိသေးကြောင်း အမျိုးသမီးတဦးက ပြန်လည်ဖြေကြားသည်။

မိုက်ကယ်ကျော်မြင့်၏ဇနီးဖြစ်သူ ဒေါ်အေးအေးသင်းက ၎င်းအင်းစိန်ထောင်တွင် အကျဉ်းကျခံနေစဉ် ၂၀၁၈ ခုနှစ် စက်တင်ဘာလက အခြေခံလူတန်းစားဘာဝ မြင့်မားရေးပါတီကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ ပါတီမှတ်ပုံတင်ခွင့်တင်ခဲ့ပြီး မေ ၂ ရက်နေ့တွင် ရွေးကောက်ပွဲကော်မရှင်က ပါတီတည်ထောင်ခွင့်ပြုခဲ့သည်ဟုပြောပြသည်။ ယင်းပါတီကို ဦးဇော်ဝင်းအပါအဝင် ၁၈ ဦးက လျှောက်ထားခြင်းဖြစ်ပြီး အမျိုးသားရေးလှုပ်ရှားသူမျိုးချစ်ဆိုသူ အများအပြားပါဝင်နေသည်ကိုတွေ့ရပြီး ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်တွင် ပါတီရုံးစိုက်ထားသည်။

နိုင်ငံတော်အကြည်ညိုပျက်စေမှု ၅၀၅(ခ)ဖြင့် အမှုဖွင့် တရားစွဲဆိုခံခဲ့ရသူများဖြစ်သည့် ကလေးစစ်သားဟောင်းကိုအောင်ကိုထွေး၊ ဒါရိုက်တာမင်းထင်ကိုကိုကြီး၊ ဗိုလ်ကြီးဟောင်းနေမျိုးဇင်၊ ဒေါင်းတို့မျိုးဆက်သံချပ်အဖွဲ့၊ ဒေါက်တာအေးမောင်နှင့် စာရေးဆရာဝေဟောင်အောင်တို့မှာ အာမခံမရရှိဘဲ အချုပ်နှင့်ရုံးထုတ်အမှုရင်ဆိုင်ခဲ့ရသည်။ မိုက်ကယ်ကျော်မြင့်အနေဖြင့် မေ ၂၃ ရက်နေ့တွင် တရားရုံးသို့ သွားရောက်အစစ်ဆေးမခံပါက တရားခံပြေးအဖြစ် ကြေညာခံရနိုင်ဖွယ်ရှိပြီး တရားရုံးတွင် အမှုရင်ဆိုင်ချိန်တွင် တရားသူကြီးမှ အာမခံပေး၊ မပေးကိုစောင့်ကြည့်ရမည်ဖြစ်သည်ဟု နိုင်ငံရေးလေ့လာသုံးသပ်သူတဦးက ပြောသည်။

"၈၈ မျိုးဆက် မနီလာသိန်းကိုကျတော့ တရက်ပဲခြားတယ်။ နောက်ညလည်းရောက်ရော အိမ်ကိုလာခေါ်ပြီး ဖမ်းသွားရော။ မိုက်ကယ်ကျော်မြင့်ကျတော့ အခုထိဖမ်းမိတယ်ဆိုတာ မကြားရသေးဘူး။ မိုက်ကယ်ကျော်မြင့်တင်မကဘူး။ အပြင်မှာ ဝရမ်းပြေးနေတဲ့သူတွေ ပေါ်ပေါ်တင်တင်သွားနေတာ အများကြီးတွေ့ရတယ်။ အဲဒါကို ကြည့်ခြင်းဖြင့် ဖမ်းချင်ရင် ဖမ်းလို့ရတယ်။ မဖမ်းချင်ရင် မဖမ်းဘူးဆိုတဲ့သဘောမျိုးဖြစ်နေတယ်။ တရားဥပဒေစိုးမိုးဖို့ လုပ်ဆောင်နေတဲ့သူတွေအနေနဲ့ တရားဥပဒေအတိုင်း မှန်ကန်စွာလုပ်ဆောင်ဖို့ မျှော်လင့်ပါတယ်"ဟု ၎င်းက သုံးသပ်သည်။

၈၈ မျိုးဆက်တဦးဖြစ်သူ ဒေါ်နီလာသိန်းကို မေ ၂၀ ရက်က ဗိုလ်တထောင်တရားရုံးတွင် ဒေါင်းတို့မျိုးဆက်သံချပ်အဖွဲ့ ရုံးထုတ်စဉ်တွင် ရှုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့မှုအတွက် (ပ)၂၃၄/ ၂၀၁၉ ပုဒ်မ ၃၃၂၊ ၃၅၃၊ ၁၈၆၊ ၁၄၄ စသည့် ပုဒ်မ ၄ ခုဖြင့် ဗိုလ်တထောင်မြို့မရဲစခန်းက မေ ၂၁ ရက် ညကဖမ်းဆီးခဲ့ပြီး အာမခံဖြင့် ပြန်လည်လွှတ်ပေးခဲ့သည်။

မိုက်ကယ်ကျော်မြင့်သည် ၂၀၁၇ ခုနှစ် အောက်တိုဘာ ၂၄ ရက်နေ့က ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်း ရာထူးနှင့်အာဏာကို အလွဲသုံးစားပြု၍ ပြည်သူပေါ် အနိုင်ကျင့်နေသည်ဟုဆိုကာ ရန်ကုန်မြို့၊ မဟာဗန္ဓုလပန်းခြံတွင် စွပ်စွဲဆန္ဒထုတ်ဖော်ခဲ့သည့်အတွက် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ)ဖြင့် ထောင်ဒဏ် ၆ လ၊ မဟုတ်မမှန်စွပ်စွဲမှု ဥပဒေပုဒ်မ ၂၁၁ ဖြင့် ထောင်ဒဏ် ၃ လ၊ ငြိမ်းချမ်းစွာစုဝေးလှည့်လည်ခွင့်နှင့် ဆန္ဒထုတ်ဖော်ခွင့်ဥပဒေပုဒ်မ ၁၉ ဖြင့် ထောင်ဒဏ် ၁ လ၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅(ခ)ဖြင့် ထောင်ဒဏ်တနှစ်ကျခံခဲ့ရသည့်အပြင် ယခင်ကလည်း ရာဇဝတ်ပြစ်မှုအချို့ကြောင့် ထောင်ဒဏ်ချခံခဲ့ဖူးသူဖြစ်ကြောင်း သိရသည်။ **TCM**

---

# ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးဇုန်မှ ထွက်ရှိလာသည့် ကုန်ပစ္စည်းများကို တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့သို့တင်ပို့ရန် ဈေးကွက်ထူထောင်ထားဟုဆို

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်းရှိ ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးဇုန်ကို အဆင့်မြှင့်တင်ရန် ပြင်ဆင်နေပြီး ထိုဇုန်မှ ထွက်ရှိလာသည့် ကုန်ပစ္စည်းများကို တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့သို့ တင်ပို့ရန် ဈေးကွက်ထူထောင်ထားကြောင်း တိုင်းအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) တွင် မေလ ၂၂ ရက်က ပြုလုပ်သော ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ(၁) ဦးမြင့်ဆွေနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံပွဲ (၂၇) ကြိမ်မြောက် အခမ်းအနားတွင် ဝန်ကြီးချုပ်က ပြောကြားခဲ့ခြင်း ဖြစ်သည်။

"ရန်ကုန်ကနေ ပါကင်ပိတ်ပြီး တင်ပို့နိုင်သည်အထိ ရောင်းချနိုင်ဖို့အတွက် ယူနန်နဲ့ တဖက်က ဆွေးနွေးနေသလို တဖက်ကလည်း ရှန်ဟိုင်းနဲ့လည်း ဆွေးနွေးနေပါတယ်။ ရှန်ဟိုင်းက သူတို့ရဲ့ စားသောက်ကုန် ၉၀ ရာခိုင်နှုန်းလောက်ကို သူတို့ပြည်တွင်း တခြားပြည်နယ်တွေကနေပြီး တင်သွင်းနေရတာ ဖြစ်ပါတယ်။ သူတို့နဲ့ ဒီကဏ္ဍကို ဆောင်ရွက်ဖို့ရှိပါတယ်။ ဒါကို Suppy chain တခုလုံးကို အဆင့်ဆင့် ဆောင်ရွက်ဖို့အတွက် မျိုးစေ့ကနေ မြေပြုပြင်တာကစပြီးတော့ စိုက်ပျိုးတဲ့အထိ သွင်းအားစုတွေကို သွင်းတယ်။နည်းပညာပိုင်းဆိုင်ရာ ကိစ္စရပ်တွေကို စနစ်တကျ ဆောင်ရွက်သွားဖို့ ရှိပါတယ်။ အဲဒီအတွက် ကျွန်တော်တို့ဘက်က ထုတ်ကုန်အများစုကို စနစ်တကျသာ ထုတ်လုပ်နိုင်မယ်ဆိုရင် စားသောက်ကုန်နဲ့ ပတ်သက်ပြီး တရုတ်ပြည်ဈေးကွက်ဟာ လူဦးရေ များပြားလှသော ဈေးကွက်ကြီး ဖြစ်ပါတယ်။ ကျွန်တော်တို့နဲ့ နယ်စပ်ချင်းလည်း ထိစပ်နေတာ ဖြစ်ပါတယ်"ဟု ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

နယ်စပ်ကုန်သွယ်ရေးတွင် မြန်မာနိုင်ငံမှ နယ်စပ်အထိအရောက် ပို့ဆောင်ပြီးမှ မရောင်းရလျှင် ပြန်သယ်ရန် အခက်အခဲနှင့် သိုလှောင်ရန်အခက်အခဲများရှိနေ၍ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရန် ဈေးကွက်သေချာနိုင်ရေးကြိုးစားထားကြောင်း ၎င်းကပြောသည်။ ထွက်ကုန်များကို ကားလမ်း၊ ရေကြောင်း၊ လေကြောင်းများဖြင့် တင်ပို့နိုင်သည့်အခြေအနေရှိနေသည့်အတွက်လည်း ဈေးကွက်တခု ထူထောင်ကာ တင်ပို့နိုင်ရေး ရှန်ဟိုင်းဒုတိယမြို့တော်ဝန် ရန်ကုန်သို့ လာရောက်စဉ်က ညှိနှိုင်းထားပြီးဖြစ်ကြောင်းနှင့် စီးပွားကူးသန်းဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးဇုန်ကြီးအား ပြန်လည် အဆင့်မြှင့်တင်ရာတွင် Vocational ကျောင်းတခုကိုပါ ထည့်သွင်းရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ဒုတိယသမ္မတ(၁) ဦးမြင့်ဆွေက လမ်းညွှန်အမှာစကား ပြောကြားခဲ့ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က အမှာစကား ပြောကြားခဲ့ကြသည်။

ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဖိတ်ခေါ်နိုင်ရန် Investment Forum ကို မေ ၁၀ ရက်တွင် ကျင်းပခဲ့ပြီး ယင်း Forum ၏ သုံးသပ်ချက်များနှင့် လေ့လာဆန်းစစ်ချက်များအား မကြာမီတွင် ထုတ်ပြန်မည်ဖြစ်ကြောင်း၊ SME ကဏ္ဍအား အကာအကွယ်ပေးနိုင်ရေးနှင့် SME ထုတ်လုပ်မှု ပိုမိုတိုးတက်လာရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားရန် အစီအစဉ်ရှိကြောင်း၊ မြန်မာနိုင်ငံရှိ ထုတ်ကုန်များထဲတွင် အသေးစား၊ အလတ်စားနှင့် ပတ်သက်သော ထုတ်ကုန်များ နိုင်ငံတကာအထိ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်းတွင် SME ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ကြောင်း၊ လာမည့် အောက်တိုဘာလတွင် SME ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန်တိုင်းအတွင်း ဆွေးနွေးပွဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

***လင်းလင်းအောင်***

---

***စာ-၅ ((ခ) လိုင်စင် ဖြေဆိုသူများအနက် ၄၅ ရာခိုင်နှုန်းသာ အောင်မြင်) မှအဆက်***

ယာဉ်မောင်းလိုင်စင် ရေးဖြေဖြေဆိုမည့်သူများသည် ယခင်က လိုင်စင်ဖြေဆိုရန် မြင်သာ(ကညန)ရုံးတွင် တိုကင်လာယူရပြီး ယခုအခါ Online စနစ်ဖြင့် ဖြေဆိုချင်သည့်ရက်ထက် ၃ ရက်ကြိုတင်၍ Booking တင်ပြီးဖြေဆိုနိုင်မည်ဖြစ်ကာ နံနက် ၈ နာရီခွဲတွင် တကြိမ်၊ ၁၀ နာရီတွင် တကြိမ်၊ ၁၂ နာရီတကြိမ်နှင့် ၁ နာရီခွဲတကြိမ် ၄ ချိန်သတ်မှတ်ထားကြောင်း (မြင်သာ) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန စစ်ဆေးရေးမှူး (၂) ဦးကျော်သီဟက ပြောသည်။

"(ခ)လိုင်စင်ဖြေဆိုချင်တဲ့သူတွေက ကညနက ယာဉ်စည်းကမ်း လမ်းစည်းကမ်းသင်တန်းတက်ပြီး ဖြေဆိုခွင့်ရှိတယ်။ ဒါမှမဟုတ်လည်း ကညန အသိအမှတ်ပြုကျောင်းပေါင်း ၃၀ ကနေ သင်တန်းဆင်းလက်မှတ်ရရင်လည်း ဖြေဆိုလို့ရတယ်။ တကြိမ်ဖြေရင် ကျပ် ၂၀၀၀ ပေးရမယ်။ တခါတည်းအောင်သွားရင်တော့ ကျပ် ၂၀၀၀ နဲ့ ပြတ်သွားတာပေါ့။ ကျသွားလို့ နောက်ထပ်ဖြေရင် ကျပ် ၂၀၀၀ ထပ်သွင်းရမယ်။ တရက်ကို တကြိမ်ပဲဖြေခွင့်ရမယ်"ဟု ၎င်းက ဆိုသည်။

၂၀၁၉ ခုနှစ် ဇူလိုင် ၁ ရက်မှ မေ ၁၇ ရက်အထိ ၅ လအတွင်း (မြင်သာ) ကညနသို့ ယာဉ်မောင်းလိုင်စင်လာရောက်ဖြေဆိုသူဦးရေ ၂၁၁၀၆ ဦးရှိပြီး အောင်မြင်သူ ၁၄၇၈၅ ဦးရှိကာ ကျရှုံးသူ ၆၃၂၁ ဦးအထိရှိကြောင်း သိရသည်။

(ခ) လိုင်စင်ဖြေဆိုမည့်သူများအနေဖြင့် သင်မောင်းလိုင်စင်သက်တမ်း အနည်းဆုံး ၃လ ရှိရမည်ဖြစ်ပြီး လိုင်စင်ဓာတ်ပုံ ၃ ပုံ (Form တွင် ကပ်ရန်)၊ သင်မောင်းလိုင်စင် မူရင်း၊ မိတ္တူ ၁ စုံ၊ မှတ်ပုံတင်မူရင်း၊ မိတ္တူ ၁ စုံ၊ သင်တန်းဆင်းလက်မှတ်မူရင်း၊ မိတ္တူ ၁ စုံတို့ကိုတွဲ၍ မှတ်တမ်းစစ်ရမည်ဖြစ်ပြီး ရေးဖြေ ဖြေဆိုရာတွင် ခဲတံဖြင့်သာ ဖြေဆိုရမည်ဖြစ်ကာ ရေးဖြေအောင်မြင်ပါက ဆက်လက်၍ (ရွာသာကြီး) ကညနတွင် လက်တွေ့စစ်ဆေးမှုများပြုလုပ်၍ ယာဉ်မောင်းလိုင်စင် ဌာနတွင် လိုင်စင်ထုတ်ယူနိုင်ကြောင်း (ရွာသာကြီး) ကညန ရုံးတာဝန်ရှိသူတဦး ကပြောသည်။

***ကျော်သူ***

---

## ပြင်ဆင်ဖတ်ရှုပါရန်

News Watch (စောင့်ကြည့်)သတင်းဂျာနယ် အတွဲ(၁၄) အမှတ်(၉) စာမျက်နှာ ၂၃ တွင် ဖော်ပြပါရှိသော "အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအထက်မှာ ဘယ်သူတွေရှိနေသလဲ"ဆောင်းပါး၏ ဒုတိယကော်လံ ဒုတိယစာပိုဒ် စာကြောင်းရေ ၁၄ တွင် "ယခုနောက်ဆုံးအရေးယူခံရသည့်အဖွဲ့ကား ရေအရင်းအမြစ် အသုံးချရေးဌာနမှ ညွှန်ချုပ်နှင့် အရာရှိတချို့ဖြစ်ကြပါသည်"ဝါကျတွင် ရေအရင်းအမြစ်အသုံးချရေးဌာနအစား "ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန"ဟု ပြင်ဆင်ဖတ်ရှုပါရန် လေးစားစွာတင်ပြအပ်ပါသည်။

www.free4readers.com

# DKBA ခွဲထွက်အဖွဲ့များ ပြန်လည်အခြေချနေသည့်အတွက် တိုက်ပွဲများဖြစ်ပွားလာမည်ကို ဒေသခံများစိုးရိမ်ပူပန်

ကရင်ပြည်နယ် ကော့ကရိတ်မြို့ တောင်ဘက် ကောင်းမှုကျေးရွာဘက်သို့ ဗိုလ်ကျော်သက်ဦးစီးသော DKBA ခွဲထွက် အဖွဲ့များ ပြန်လည်အခြေချလှုပ်ရှားနေသည့်အတွက် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားမည်ကို စိုးရိမ်နေကြောင်း ဒေသခံများက ပြောခဲ့သည်။

မေလ ၁၇ ရက် နံနက်က ကောင်းမှုကျေးရွာအုပ်စု ချောင်းဖျား/ကောင်းမှုနှင့် ပျားပင်ကုန်းကျေးရွာ အနောက်ဘက်တွင် ခွဲထွက် DKBA အဖွဲ့နှင့် ကရင်နယ်ခြားစောင့်တပ် ၁၀၁၇ တို့ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် တပ်မတော်စစ်ကြောင်းများနှင့် နယ်မြေခံ BGF ကရင်နယ်ခြားစောင့်တပ်တို့ နယ်မြေရှင်းလင်းရေးလုပ်ဆောင်နေသဖြင့် တိုက်ပွဲများဖြစ်ပွားလာမည်ကို စိုးရိမ်ပူပန်နေကြခြင်းဖြစ်ကြောင်း ၎င်းတို့ထံမှ သိရသည်။

DKBA ခွဲထွက် ဗိုလ်ကျော်သက် လက်အောက်ခံတပ်ဖွဲ့မှ စောဖားကော်ဦးစီးသော လက်နက်ကိုင် ၂၀ ဦးခန့် ဝင်ရောက်အခြေချလာနေထိုင်နေကြောင်း သတင်းအရ BGF တပ်ရင်းအမှတ် (၁၀၁၇)မှ ဒုတပ်မှူးဦးစီးအဖွဲ့တို့ လိုက်လံရှင်းလင်းရာ နာရီဝက်ခန့် ရင်ဆိုင်ထိတွေ့ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး ကရင်နယ်ခြားစောင့်တပ်ဘက်မှ ထိခိုက်မှုမရှိဘဲ DKBA ခွဲထွက်အဖွဲ့ဘက်မှတပ်သားအဆင့်ရှိ စည်သူအား ယာပေါင်ကျည်ဖောက်ဝင်ဒဏ်ရာနှင့်အတူ ဖောက်ခွဲရေးမိုင်းများပါ သိမ်ဆည်းရမိထားကြောင်းနှင့် ဘားအံတောင်ကလေး တပ်မတော်ဆေးရုံတွင် ကုသပေးနေကြောင်း ကရင်ပြည်နယ်ခြားစောင့်တပ်(BGF) ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးနိုင်မောင်ဇော်ပြောဆိုချက်အရ သိရသည်။

အဆိုပါ ကော့ကရိတ်မြို့နယ် ကောင်းမှုကျေးရွာအုပ်စုဘက်တွင် ၂၀၁၆ ခုနှစ်က DKBA ခွဲထွက် ဗိုလ်နားမကြားအဖွဲ့များ ကျဆုံးခဲ့ပြီးနောက်ပိုင်းတွင် ကရင်လက်နက်ကိုင်တပ်ဖွဲ့များ၏ တိုက်ပွဲများ



ငြိမ်သက်နေခဲ့သည်။

ယခုအခါ လက်အောက်ခံတပ်ဖွဲ့များ ပြန်လည်ဝင်ရောက်အခြေချလာနေသည့်အတွက် တိုက်ပွဲများ ပြန်လည်ဖြစ်ပွားလာနိုင်သည့်အတွက် ကောင်းမှုကျေးရွာအနီးတဝိုက် ကျေးရွာနေဒေသခံများအား ဖမ်းဆီးစစ်ဆေးမှုများ၊ လမ်းပြခေါ်ဆောင်မှုများ ဒေသခံများ အိုးအိမ်စွန့်ခွာ စစ်ဘေးရှောင်စဉ် ၎င်းတို့အသုံးအဆောင်များ သိမ်းယူခံရဖူးသည့်ဖြစ်စဉ်များရှိခဲ့ဖူးသည့်အတွက် စိုးရိမ်ပူပန်မှုများ မြင့်တက်နေခြင်းဖြစ်သည်

"ဒေါနတောင်လမ်းဟောင်းအောက် ဗိုလ်တဲ အထက်ဘက်မှ တိုက်ပွဲဖြစ်တယ်ဆိုတာ အုပ်ချုပ်ရေးမှူးတွေ ပြောတာသိရတယ်။ အခု ရွာသားတွေက တောင်ယာတွေ ရော်ဘာခြံတွေဘက် မသွားတော့ဘူး။ အရင်တုန်းကလည်း တိုက်ပွဲတွေဖြစ်လို့ စစ်ရှောင်ကြတော့ အိမ်တွေက ပစ္စည်းတွေ ကျွဲ/နွားတွေ အကုန်ယူသွားတာခံရဖူးတော့ ရွာသားတွေက ကြောက်နေတယ်" ဟု ပျားပင်ကုန်းကျေးရွာနေထိုင်သူ စောအလေ့ထူး၏ ပြောဆိုချက်အရ သိရသည်။

အဆိုပါ DKBA ခွဲထွက်အဖွဲ့၏ မူလအခြေချနေရာအနီးရှိ ကောင်းမှု/ လှိုင်စိမ်း/ ပျားပင်/ တတန်ကူး/ ရန်ကုတ်/ ဆင်ကုန်းကျေးရွာများအနီး၌ ပြီးခဲ့သည့် ၂၀၁၅/၁၆ ခုနှစ်အတွင်းက အစိုးရတပ်မတော်/BGF တပ်များနှင့် ခွဲထွက် DKBA တို့တိုက်ပွဲများကြောင့် စစ်ဘေးရှောင်ဒေသခံ ၁၅၀၀ ကျော် အိုးအိမ်စွန့်ခွာထွက်ပြေးနိုလှုံခဲ့ကြရကြောင်း သိရှိရသည်။

*ကဆောဝါး*

# ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းပေါင်း ၅၆၀၀ ကျော်ကို အဆင့်တိုးမြှင့်ပေးရန် လျာထား

၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းပေါင်း ၅၆၀၀ ကျော်ကို အဆင့်တိုးမြှင့်ပေးရန်လျာထားကြောင်း ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနက မေ ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။

တနိုင်ငံလုံးတွင် အထက်တန်း၊ အလယ်တန်း၊ မူလတန်း အခြေခံပညာကျောင်းပေါင်း ၄၀၄၄၄၄ ရှိသည်ဟုဆိုသည်။ ၂၀၁၆-၁၇ ပညာသင်နှစ်တွင် ကျောင်းပေါင်း ၃၃၁၇၊ ၂၀၁၇-၁၈ ပညာသင်နှစ်တွင် ကျောင်းပေါင်း ၅၁၀၀၊ ၂၀၁၈-၁၉ ပညာသင်နှစ်တွင် ၆၃၈၆ ကျောင်းကို အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ပြီး ၂၀၁၉-၂၀ ပညာသင်နှစ်တွင်ကျောင်းပေါင်း ၅၆၅၁ ကို အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးသွားရန် လျာထားသည်ဟု ယင်းထုတ်ပြန်ချက်တွင် ရေးသားထားသည်။

ပညာသင်ထောက်ပံ့ကြေးများကို မူလတန်းအဆင့်တွင် တလလျှင် ၅၀၀၀ ကျပ်နှုန်း၊ အလယ်တန်းအဆင့်တွင် တလလျှင် ၈၀၀၀ ကျပ်နှုန်းနှင့် အထက်တန်းအဆင့်တွင် တလလျှင် ၁၀၀၀၀ ကျပ်နှုန်းဖြင့် ၁၀ လစာကို မဘမဲ့/ ဖခင်ကွယ်လွန်/ မိခင်ကွယ်လွန်ပြီး ဆင်းရဲနွမ်းပါးသူများနှင့် မိဘနှစ်ပါးလုံးရှိသော်လည်း နွမ်းပါးသည့် ကျောင်းနေရန်ခက်ခဲသော ကလေးများ၊ ကျောင်းထွက်ရန် ဖြစ်နိုင်ခြေများသော ကလေးများအား မြို့နယ်အလိုက် ကျောင်းသားဦးရေအပေါ်မူတည်၍ ရွေးချယ်ချီးမြှင့်လျက်ရှိကြောင်းလည်း ရေးသားထားသည်။

၂၀၁၇-၁၈ ပညာသင်နှစ်မှစ၍ မြို့နယ်များအလိုက် ပုံမှန်ရွေးချယ်ချီးမြှင့်ခဲ့သည့်အပြင် ဝေးလံခက်ခဲသောဒေသ ၁၁၆ မြို့နယ်၊ မျက်မမြင်ကျောင်း ၇ ကျောင်း၊ နားမကြားကျောင်း ၃ ကျောင်းနှင့် ဖေင်မသန်စွမ်းသက်ငယ်များပြုစုရာရိပ်မြုံမှ ကျောင်းသား/သူများအား တိုးမြှင့်ရွေးချယ်ချီးမြှင့်ခဲ့ကြောင်း၊ ၂၀၁၈-၁၉ ပညာသင်နှစ်တွင် ပညာသင်ထောက်ပံ့ကြေးများကို ထက်/လယ်/မူ စုစုပေါင်း ၂၂၆၉၄ ဦးနှင့် စမ်းသပ်မြို့နယ် ၅၅ မြို့နယ်မှ ၁၉၁၈၁၄ ဦး၊ စုစုပေါင်း ၂၁၄၅၀၈ ဦးအား ထောက်ပံ့ပေးခဲ့ကြောင်းလည်း ရေးသားထားသည်။

၂၀၁၉-၂၀ ပညာသင်နှစ်တွင် ပညာသင်ထောက်ပံ့ကြေးအတွက် ထက်/ လယ်/ မူ စုစုပေါင်း ၂၂၆၉၄ ဦးနှင့် စမ်းသပ်မြို့နယ် ၅၅ မြို့နယ်အပြင် ရခိုင်ပြည်နယ်ရှိ ၂ မြို့နယ်အား ဆက်လက်တိုးချဲ့သွားရန် လျာထားကြောင်း၊ အလယ်တန်းပညာသင်ဆုအနေဖြင့် ၂၀၁၉-၂၀ ပညာသင်နှစ်တွင် ၉၉၃ ဦးကို ဆက်လက်ထောက်ပံ့ပေးရန် စီစဉ်လျက်ရှိကြောင်းလည်း ရေးသားထားသည်။

၂၀၁၉-၂၀ ပညာသင်နှစ်တွင် ကိုယ်ပိုင်ကျောင်း ထက်ဆင့် ၅၇၅ ကျောင်း၊ လယ်ဆင့် ၅၀ ကျောင်း၊ မူဆင့် ၁၁၃ ကျောင်း၊ စုစုပေါင်း ၇၃၈ ကျောင်းနှင့် ကိုယ်ပိုင်ကျောင်းဆရာ ၁၄၂၂၅ ဦးရှိကြပြီး ၎င်းတို့သည် ၂၀၁၁ ခုနှစ် ဒီဇင်ဘာတွင် ပြဋ္ဌာန်းထားသည့် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေ၊ ၂၀၁၂ ခုနှစ် ဧပြီတွင် ပြဋ္ဌာန်းထားသည့် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည်ဖြစ်ပြီး မှတ်ပုံတင်လက်မှတ်ရရှိပြီးနောက် မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေးကို ပေးသွင်းရမည်ဖြစ်ကြောင်းလည်း ရေးသားထားသည်။

နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် ၁၅ ခုရှိ မြို့နယ် ၅၇ မြို့နယ်တို့မှ ကျောင်း ၁၁၄ ကျောင်းတို့တွင် ကျောင်းအရည်အသွေး အာမခံမှု စံသတ်မှတ်ချက်အညွှန်းဘောင်(SQASF-School Quality Assurance Standard Framework)မူကြမ်းရေးဆွဲပြေး စမ်းသပ်မှုအစီအစဉ်များ ဆောင်ရွက်ခဲ့ကြောင်း၊ ထိုအစီအစဉ်ကို ၂၀၁၉-၂၀ ပညာသင်နှစ်တွင် မြို့နယ် ၁၁၀ ရှိ အခြေခံပညာကျောင်းပေါင်း ၁၆၅၀ တွင် စတင်ဆောင်ရွက်မည်ဖြစ်ပြီး ၂၀၂၁-၂၂ ပညာသင်နှစ်တွင် တနိုင်ငံလုံးအတိုင်းအတာဖြင့် အခြေခံပညာကျောင်းများကို လွှမ်းခြုံနိုင်မည်ဟု ရည်မှန်းထားကြောင်းလည်း ရေးသားထားသည်။

*ထွန်း(နေပြည်တော်)*


## TRADEMARK CAUTION

SAMSUNG ELECTRONICS CO., Ltd., a company incorporated in Republic of Korea at 129, Samsung-ro, Yeongtong-gu, Suwon-si, Gyeonggi-do, Republic of Korea is the Owner and Sole Proprietor of the following Trademark:-

三星

Reg: No. 4/921/1989

In respect of : "Machines and machine tools; motors (except for land vehicles); machine couplings and belting (except for land vehicles); scientific, nautical, surveying and electrical apparatus and instruments (including wireless), photographic, cinematographic optical, weighing, measuring, signalling, checking (supervision), life-saving and teaching apparatus and instruments; coin or counter-freed apparatus, talking machines; cash registers; calculating machines; fire extinguishing apparatus; vending machines; installations for lighting, heating, steam generating, cooking, refrigerating, drying, ventilating, water supply and sanitary purposes and television sets, video tape recorders, computers, monitors, facsimiles, telephones, semiconductors".

Any fraudulent imitation, passing off or unauthorized use or other infringements of the said Trademark shall be dealt with according to law.

U Myint Lwin, Advocate
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myintip@mipadvocate.com
myint.advocate@mptmail.net.mm
www.mipadvocate.com

U MYINT LWIN LAW OFFICE
No. 48/50, 1st Floor. 35th Street
Kyauktada Township, Yangon,
Myanmar., P.O.Box : 1126
PH : 95 1 373 344, 95 1 372 209
Fax : 95 1 371 990

25 May 2019

## TRADEMARK CAUTION

Samsung C & T Corporation a company incorporated in Republic of Korea at 123, Olympic-ro 35 gil, Songpa-gu, Seoul, Republic of Korea is the Owner and Sole Proprietor of the following Trademark:-

SAMSUNG

Reg : No.4/10090/2016

In respect of : Int'l Class 05: Drugs for medical purposes; Medicines for human purposes; Veterinary preparations; Dietetic foods adapted for medical purposes; Protein dietary supplements; Vitamin preparations; Adjuvants for medical purposes; Medicines for dental purposes; Tonics (medicine); Disinfectants; Fungicides; Herbicides.

In respect of : Int'l Class 32 : Beer; Malt beer; Waters [beverages]; Aerated water; Mineral water [beverages]; Vitamin based health beverages; Non-alcoholic beverages; Protein-enriched sports beverages; Fruit juices; Vegetable juices [beverages];

Preparations for making mineral water; Preparations for making aerated water; Malt wort; Sherbets [beverages].

Any fraudulent imitation, passing off or unauthorized use of the said Trademark shall be dealt with according to law.

U Myint Lwin, Advocate
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
myintip@mipadvocate.com
www.mipadvocate.com

U MYINT LWIN LAW OFFICE
No. 48/50, 1st Floor, 36th Street
Kyauktada Township, Yangon,
Myanmar., P.O.Box : 1126
PH : 95 1 373 344, 95 1 372 209
Fax : 95 1 371 990

25 May 2019

www.free4readers.com



# အောက်ခြေကအကျင့်ဖောက်ပြန်မှုကို လာစစ်ဆေးသည့် အရာရှိကြီးများကိုယ်တိုင်က ဖုံးဖိပြုပြင်ပေးပြီး ပေါ့လျော့အောင် ပြုလုပ်ပေးမှုများအပေါ် အရေးယူရန်လုပ်ဆောင်နေကြောင်း အဂတိတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌပြော



အောက်ခြေက အကျင့်ဖောက်ပြန်မှုကို လာစစ်ဆေးသည့်အရာရှိကြီးများကိုယ်တိုင်က ဖုံးဖိပြုပြင်ပေးပြီး ပေါ့လျော့အောင်ပြုလုပ်ပေးမှုများအပေါ် အရေးယူရန်လုပ်ဆောင်နေကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က ပြောကြားသည်။

မေ ၂၀ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ နှစ်ပတ်လည်လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ဦးအောင်ကြည်က ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် ယင်းသို့ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

''မြန်မာနိုင်ငံမှာ အသေးစားအဂတိလိုက်စားမှုများမကျဆင်းရခြင်းရဲ့ အဓိကအကြောင်းအရင်းတခုက ရုံးဌာနများမှာ အရိုးစွဲနေတဲ့ ဌာနတွင်းအဂတိလိုက်စားမှုများကြောင့် ဖြစ်ရတယ်ဆိုတာ သိသာထင်ရှားပါတယ်။ ကော်မရှင်ရဲ့စစ်ဆေးတွေ့ရှိချက်များမှာလည်းပဲ အောက်ကနေပြီးတော့ အထက်ကိုပံ့ပိုးပေးမှုများတွေ တွေ့ရှိနေရသလို အောက်ခြေက အကျင့်ဖောက်ပြန်မှုကို ကျူးလွန်တဲ့အခါမှာ အထက်က လာစစ်ဆေးတဲ့ အရာရှိကြီးများကိုယ်တိုင်က ဖြစ်ရပ်မှန်ကို ဖော်ထုတ်စစ်ဆေးအရေးယူရမယ့်အစား ကျူးလွန်သောအပြစ်များကို ဖုံးဖိပြုပြင်ပေးခဲ့ပြီးတော့မှ ပေါ့လျော့အောင်ပြုလုပ်ပေးမှုများကိုလည်းပဲ ကော်မရှင်အနေနဲ့ အရေးယူဖို့လုပ်နေတာတွေရှိပါတယ်''ဟု ဦးအောင်ကြည်က ပြောကြားသည်။

ယင်းအစီရင်ခံစာနှင့် ပတ်သက်၍ မေ ၉ ရက်နှင့် ၁၃ ရက်တို့တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ လွှတ်တော်ကိုယ်စားလှယ် ၃၀ ကျော်က ပါဝင်ဆွေးနွေးခဲ့ကြသည်။ လွှတ်တော်ကိုယ်စားလှယ်တချို့က သက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းပေးခဲ့သည့်တိုင်ကြားစာများနှင့်ပတ်သက်၍ ဝေဖန်ခဲ့သည်။

''ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေနဲ့ ကော်မရှင်က သက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းပေးသော တိုင်ကြားစာများအပေါ် ယုံကြည်မှုနည်းစေတဲ့ တကယ့်အကြောင်းအရင်းက ဌာနတွင်းအဂတိလိုက်စားမှုများကြောင့်ဖြစ်တယ်လို့ ပြောလိုပါတယ်''ဟုလည်း ဦးအောင်ကြည်က ပြောကြားခဲ့သည်။

ပေးသူနှင့် ယူသူကြည်ဖြူနေသမျှ မည်သို့မှမပေါ်ကြောင်း၊ တိုင်မိသူများသာ နောင်တရသွားသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်ကိုကြည့်လျှင် များစွာကြီးစားကြရဦးမည်ဖြစ်ကြောင်း၊ ဒေသအာဏာပိုင်များ၊ သက်ဆိုင်ရာဌာနများက အဂတိလိုက်စားမှုကိုတိုင်မိသည့် လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူများကို သဘောထားတင်းမာသူများအဖြစ် တံဆိပ်ကပ်ကာ ပူးပေါင်းဆောင်ရွက်မှုမရှိသူများ၊ သူများထမင်းအိုးကိုရိုက်ခွဲသူများအဖြစ် မြင်နေကြခြင်းမှာလည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ကြီးမားသည့် အဟန့်အတားဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးမောင်မောင်လတ်က မေ ၁၃ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ဆွေးနွေးရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

''ပြည်သူတွေနဲ့ဆက်ဆံရာမှာ ပြည်သူတွေက ငွေကြေးလက်ဆောင်တခုခုပေးခဲ့ရတယ်ဆိုတဲ့ ဌာနတွေထဲမှာ တရားရေး၊ အထွေထွေအုပ်ချုပ်ရေး၊ ပြည်တွင်းအခွန်၊ ရဲ၊ လဝက၊ ကညန၊ စည်ပင်နဲ့အတူ ပညာရေးဝန်ကြီးဌာနက ထိပ်ဆုံးစာရင်းမှာပါနေတာဟာလည်း အံ့သြဖွယ်ရာကောင်းနေသေးတယ်။ ကျွန်တော်တို့နိုင်ငံမှာ ကိုယ်ကျင့်သိက္ခာမြှင့်တင်ဖို့၊ အထူးသဖြင့် လုပ်ပိုင်ခွင့်ရှိတဲ့သူတွေ၊ ပြည်သူ့ဘဏ္ဍာငွေကို စီမံခန့်ခွဲခွင့်ရှိသူတွေ၊ ပြည်သူကိုဝန်ဆောင်မှုပေးရတဲ့သူတွေရဲ့ ကိုယ့်ကျင့်သိက္ခာကို အထူးအလေးပေး မြှင့်တင်ပေးဖို့လိုဦးမယ်လို့ ကျွန်တော့်အနေနဲ့ တိုက်တွန်းလိုပါတယ်''ဟုလည်း ၎င်းက ပြောကြားခဲ့သည်။

**မင်းထင်**

# ပြည်နယ်အတွင်း အလုပ်ရုံဆွေးနွေးပွဲများကျင်းပရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့်တွေ့ဆုံ



မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့မှအစိုးရအဖွဲ့ရုံးတွင် မေလ ၂၁ ရက်က လာရောက်တွေ့ဆုံခဲ့ကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အသိပညာပေးနှင့် ပြည်သူ့ဆက်ဆံရေးဌာန ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဝင်းက ပြောသည်။

အဆိုပါအဖွဲ့သည် ပြီးခဲ့သည့်လွှတ်တော်တွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဖြေကြားချက်များနှင့်ပတ်သက်ပြီး လာရောက်စစ်ဆေးခြင်းမဟုတ်ဘဲ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရန် ဝန်ကြီးချုပ်ကိုလာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း ၎င်းကဆက်လက်ပြောသည်။

''အလုပ်ရုံဆွေးနွေးပွဲကျင်းပဖို့အတွက် ဝန်ကြီးချုပ်နဲ့လာရောက်ပြီးအကြိုညှိနှိုင်းတာပါ။ အဂတိလိုက်စားမှုလျော့ကျရေးအတွက် ကော်မရှင်ကနေပြီးတော့ အဂတိလိုက်စားမှုစုံစမ်းစစ်ဆေးရေးလုပ်တဲ့အပြင် တိုင်းဒေသကြီးပြည်နယ်တွေမှာလည်း အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်နိုင်အောင် ရည်ရွယ်တာပါ။ အခုလာတာက အလုပ်ရုံဆွေးနွေးပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လာရောက်ညှိနှိုင်းတာ သက်သက်ပဲ။ ဝန်ကြီးချုပ် လွှတ်တော်မှာဖြေကြားတဲ့ကိစ္စ ကျွန်တော့်အဖွဲ့ကစစ်ဆေးရေးဌာနမဟုတ်ဘူး၊ အသိပညာပေးရေးအဖွဲ့ပါ''ဟု ၎င်းကပြောသည်။

ပြည်နယ်အတွင်း အလုပ်ရုံဆွေးနွေးပွဲများကျင်းပနိုင်ရေးအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ဦးဇော်ဝင်းဦးစီးပြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးအားလုံးနှင့် တွေ့ဆုံခဲ့ခြင်းဖြစ်ကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့ညွှန်ကြားရေးမှူး ဦးမြင့်သန်းဝင်းက ပြောသည်။

''အစိုးရအဖွဲ့အားလုံးနဲ့ တွေ့တာ၊ အသိပညာပေးဌာနက လာတယ်။ မွန်ကရင်မှာအလုပ်ရုံဆွေးနွေးပွဲလုပ်ဖို့ အကြိုလာရောက်ညှိနှိုင်းတဲ့သဘောပါ''ဟု ၎င်းကပြောသည်။

အဂတိနှင့်ပတ်သက်ပြီး အသိပညာပေးခြင်းများပြုလုပ်ရန် လာရောက်တွေ့ဆုံခဲ့ခြင်းဖြစ်ပြီး၊ အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ဇွန်လဒုတိယအပတ်တွင် ကျင်းပနိုင်ရန်စီစဉ်နေကြောင်း သိရသည်။

ပြီးခဲ့သည့် မွန်ပြည်နယ်လွှတ်တော် ၁၃ ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် လွှတ်တော်နှင့် အစိုးရအဖွဲ့ကြားအချေအတင်မေးခွန်းနှင့်အဖြေများ ဖြစ်ပေါ်ခဲ့ရာမှ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့်ပတ်သက်ပြီး ပြည်နယ်အတွင်းဝေဖန်မှုများထွက်ပေါ်လာခဲ့သည့် ရေးမြို့နယ်ရှိ လမ်းစီမံကိန်းတခုကို တင်ဒါမခေါ်ဘဲ ဆောင်ရွက်ခဲ့ခြင်းမှာ နိုင်ငံတော်အတိုင်ပင်ခံ၏မှတ်မိန့်ကြောင့်ဟု ဝန်ကြီးချုပ်က ဖြေကြားခဲ့သောကြောင့်ဖြစ်သည်။

ထို့ပြင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းထင်အောင်ဟန်ကလွှတ်တော်ပုံမှန်အစည်းအဝေး ပဥ္စမနေ့တွင် အဆိုပါလမ်းကိစ္စသည် နိုင်ငံတော်အတိုင်ပင်ခံ၏ ညွှန်ကြားချက်ကြောင့်မဟုတ်ဘဲ ဝန်ကြီးချုပ်သဘောဆန္ဒဖြင့် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ကို လွှတ်တော်သို့အသိပေးအပ်ပါသည်ဟု ပြောဆိုပြီးနောက်ပိုင်း ဝေဖန်မှုပိုမိုမြင့်တက်လာခဲ့ခြင်းဖြစ်သည်။

**ထိုက်ထိုက်**

# အဂတိလိုက်စားမှုကို သတင်းပေးတိုင်ကြားသူများအတွက် အကာအကွယ်ပေးရေးဥပဒေ ရေးဆွဲမည်

အဂတိလိုက်စားမှုများနှင့် လာဘ်ပေးလာဘ်ယူမှု ပုံစံအမျိုးမျိုးကို စဉ်ဆက်မပြတ်လျှော့ချနိုင်ရန် တိကျသော သတင်းအချက်များဖြင့် သတင်းပေးတိုင်ကြားသူများအတွက် အကာအကွယ်ပေးရေးဥပဒေ ရေးဆွဲမည်ဖြစ်ကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ထံမှ သိရသည်။

အဂတိလိုက်စားမှုပုံစံအမျိုးမျိုးကို စဉ်ဆက်မပြတ်လျှော့ချရာတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေတခုတည်းဖြင့် မလုံလောက်ဘဲ တိကျသော သတင်းအချက်များဖြင့် ထုတ်ဖော်သတင်းပေးသူများကို တဖက်မှလုံလောက်သော အကာအကွယ်များပေးခြင်း၊ အခြားတဖက်မှလည်း ထိရောက်သော ဆုချီးမြှင့်မှုများဖြင့် အားပေးအသိအမှတ်ပြုခြင်းများလုပ်ဆောင်ရန်လိုအပ်ကြောင်း၊ ထိုသို့ အကာအကွယ်ပေးခြင်း ဥပဒေတရပ်ပေါ်ပေါက်လာမှသာ မီးများမီးနိုင်၊ ရေများရေနိုင်သလို ဖြောင့်မတ်တည်ကြည်မှုသည် အကျင့်ဖောက်ပြန်မှုအပေါ် အနိုင်ရအောင်လုပ်နိုင်မှ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်နှင့် အဆင့်တိုင်းတွင် ထိရောက်သော၊ တာဝန်ယူမှုရှိသော၊ အားလုံးပါဝင်နိုင်သော အင်စတီကျူးရှင်းများကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း ဦးအောင်ကြည်က ပြောကြားသည်။

အဂတိလိုက်စားမှုကို ထုတ်ဖော်သတင်းပေးသူများအား အကာအကွယ်ပေးရေး ဥပဒေတရပ်ဖြစ်ပေါ်လာပါက ယင်းဥပဒေသည် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကိစ္စတခုတည်းနှင့်ပတ်သက်နေခြင်းမျိုး၊ အစိုးရဌာနများ၊ အများပြည်သူဆိုင်ရာအဖွဲ့အစည်းများနှင့် သက်ဆိုင်နေခြင်းမျိုးလည်း မဟုတ်ကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ထံမှ သိရသည်။

''ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်အောက်မှာရှိတဲ့ အစိုးရနှင့် အများပိုင် သို့မဟုတ် ပုဂ္ဂလိကပိုင်အလုပ်ဌာနအားလုံးက ထုတ်ဖော်သတင်းပေးသူများဟာ ငွေကြေးခဝါချမှု၊ မူးယစ်ဆေးဝါးကုန်သွယ်မှု၊ လူကုန်ကူးမှု၊ အစားအစာနှင့် ဆေးဝါးအတုထုတ်လုပ်မှု၊ သိပ္ပံနည်းပညာဆိုင်ရာ လိမ်လည်မှုများ၊ လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရမှု၊ လိင်ပိုင်ဆိုင်ရာအနှောင့်အယှက်ပေးမှု၊ ငွေညစ်မှု၊ အထက်အောက်အနိုင်ကျင့်မှု၊ ဆရာမွေးတပည့်မွေးမှု စတဲ့ကိစ္စရပ်တွေကို ဖော်ထုတ်တိုက်ဖျက်ရာမှာလည်း ဒီဥပဒေဟာ အရေးကြီးတဲ့အခန်းကဏ္ဍမှ ပါဝင်လာမှာဖြစ်ပါတယ်''ဟု အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌဦးအောင်ကြည်က ဆက်လက်ပြောသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် တနိုင်ငံလုံးတွင်ခလေ့စရိုက်သဖွယ် ပျံ့နှံ့နေသည့် အဂတိလိုက်စားမှုစနစ်ဆိုးအား တိုက်ဖျက်ရာတွင် ချဉ်းကပ်နည်း ၃ မျိုးကို အသုံးပြုဆောင်ရွက်လျက်ရှိပြီး ၂၀၁၈ ခုနှစ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ တိုင်ကြားစာ တသောင်းတွင် ၅၀ ရာခိုင်နှုန်းသည် အကြံပြုစာများဖြစ်ကာ တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ပြန်လည်ပေးပို့သည့် တိုင်ကြားစာသည် ၁၇၉၅ စောင်ရှိသည့်အတွက် ကော်မရှင်အနေဖြင့် ၄၆ မှုသာ အရေးယူဆောင်ရွက်နိုင်ခဲ့ကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ထံမှ သိရသည်။

**ထွန်း(နေပြည်တော်)**

# ကာစီနိုနည်းဥပဒေ မထွက်ပေါ်သေးသော်လည်း ရင်းနှီးမြှုပ်နှံလိုသူများမှ လာရောက်စုံစမ်းမှုရှိ



ခရီးသွားကဏ္ဍမြှင့်တင်ရန် ကာစီနိုဥပဒေကြမ်းကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေ ဆက်လက်ရေးဆွဲနေချိန်အတွင်းမှာပင် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံလိုသူများမှ လာရောက်စုံစမ်းမှုများရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

လက်ရှိတွင် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ပူးပေါင်း၍ ညွှန်ကြားချက်များ၊ နည်းဥပဒေများ အမြန်ဆုံးထွက်ပေါ်လာရန် ရေးဆွဲလျက်ရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးကျော်ဝင်းထွန်းက ပြောကြားသည်။

"လောလောဆယ်တော့ လာပြီးလျှောက်ထားတာမရှိသေးပါဘူး။ ရင်းနှီးမြှုပ်နှံမယ့်သူတွေက စုံစမ်းတဲ့အဆင့်ပဲရှိသေးတယ်။ ကာစီနိုဥပဒေထွက်တယ်ဆိုပေမဲ့ နည်းဥပဒေနဲ့ လုပ်ထုံးလုပ်နည်းတွေလိုသေးတယ်။ ပြည်ထဲရေးနဲ့ညှိရဦးမယ်။ ဒါတွေက မပြီးသေးဘူးပေါ့"ဟု ၎င်းက ဆိုသည်။

၂၀၁၈ ခုနှစ် စက်တင်ဘာ ၁၂ ရက်တွင် ကာစီနိုရုံများဖွင့်လှစ်နိုင်ရန် လောင်းကစားဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းပေးလိုက်ပြီး၊ အဆိုပါဥပဒေသည် ၁၉၈၆ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့်လောင်းကစားဥပဒေကို ပြန်လည်ပြင်ဆင်ပေးခြင်းဖြစ်ကာ ပြစ်ဒဏ်များကိုလည်း ခေတ်စနစ်နှင့်အညီ ဆောင်ရွက်ထားကြောင်း သိရသည်။

"တချို့လုပ်ကိုင်ချင်တဲ့ ပြည်တွင်းလုပ်ငန်းရှင်တွေလည်းရှိမှာပေါ့။ နယ်စပ်မှာလုပ်နေတဲ့သူတွေ၊ မူဆယ်တို့ တာချီလိတ်တို့ ဒါတွေလည်း နောက်ပိုင်းနည်းဥပဒေထွက်ပြီးသွားရင်တော့ သူတို့လည်းလာလျှောက်ချင် လျှောက်ကြမှာပါ။ လွန်ခဲ့တဲ့နှစ်နှစ်၊ သုံးနှစ်လောက်ကတော့ လာပြီးဆွေးနွေးထားတာရှိတယ်။ အဲဒီတုန်းကတော့ ဥပဒေအတည်မပြုသေးလို့ ခွင့်မပြုခဲ့ဘူး။ အခြေအနေအရ နည်းဥပဒေမထုတ်သေးရင်လည်း အမိန့်ပြန်စာမျိုးထုတ်လိမ့်မယ်။ အဲဒီကျမှ ဘယ်လိုမျိုးအချက်တွေထည့်သွင်းရမယ်ဆိုတာ မှတ်ချက်တွေ၊ လုပ်ထုံးလုပ်နည်းတွေထွက်လာမှ ရင်းနှီးမြှုပ်နှံချင်သူတွေအတွက် အဆင်ပြေပါလိမ့်မယ်"ဟု ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးကျော်ဝင်းထွန်းက ရှင်းပြသည်။

နိုင်ငံ့ဝင်ငွေပိုမိုရရှိစေနိုင်သည့် ခရီးသွားလုပ်ငန်းနှင့် ဆက်နွယ်လျက်ရှိသော ကာစီနိုဥပဒေကို ပြည်ထောင်စုလွှတ်တော်မှ မေလ ၇ ရက်က အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ကာစီနိုလုပ်ငန်းများသည် ကမ္ဘာတဝန်းတွင် ကျယ်ကျယ်ပြန့်ပြန့်လုပ်ကိုင်ကာ ခရီးသွားဧည့်သည်များကို ဆွဲဆောင်ထားနိုင်သဖြင့် မြန်မာနိုင်ငံတွင်လည်း ကာစီနိုလုပ်ငန်းကို တရားဝင်ခွင့်ပြုပါက နိုင်ငံခြားဝင်ငွေရရှိမည့်အပြင် ခရီးသွားကဏ္ဍပါဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးနေမျိုးထွန်းက ပြောသည်။

"အမြန်ဆုံး နည်းဥပဒေထွက်လာဖို့တော့ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီဥပဒေကလည်း လိုလို့တင်တာဗျ။ အဲလိုဥပဒေကြမ်းတင်နေတဲ့ကြားမှာကို သက်ဆိုင်ရာဝန်ကြီးဌာနတွေက နည်းဥပဒေရေးဆွဲပြီး ရှေ့နေချုပ်ရုံးကိုတောင်ပေးပို့ပြီး သူတို့နည်းဥပဒေနဲ့ ဥပဒေကြမ်းနဲ့က ရှေ့နောက်လိုက်၊ မလိုက်မျှော်မှန်းပြီး ကြိုလုပ်ထားတဲ့သဘောမျိုးရှိနေပါတယ်"ဟု ၎င်းကဆိုသည်။

ကာစီနိုသည်ဖဲချပ်များဖြင့် လောင်းကြေးထပ်ကစားခြင်း၊ အန်စာတုံးများနှင့် ခလောက်ပစ်ကာ စက်ဝိုင်းတွင်လောင်းကြေးထပ်ကစားခြင်းတို့ဖြစ်ပြီး လက်ရှိတွင် ကာစီနိုလောင်းကစားသည် ကမ္ဘာပေါ်၌ လူကြိုက်များသည့် လောင်းကစားတခုအဖြစ် ပါဝင်ကြောင်းသိရသည်။

ဥပဒေကြမ်းပါ အချက်အလက်များအရ သက်ဆိုင်ရာဌာနများ၏ ခွင့်ပြုချက်နှင့် နိုင်ငံခြားသားများအတွက် ကာစီနိုလောင်းကစားဝိုင်းများ ဖွင့်လှစ်ခွင့်ပြုသွားမည်ဖြစ်ပြီး ကာစီနိုလောင်းကစားဝိုင်းများတွင် နိုင်ငံခြားသားမှအပ မြန်မာနိုင်ငံသားများကို ဝင်ရောက်လောင်းကစားခွင့် ပေးမထားကြောင်း ပါရှိသည်။

ဥပဒေထဲတွင် ပြည်တွင်းလောင်းကစားဝိုင်းများ၏ စောင့်ကြည့်ထိန်းချုပ်မှုများကိုပါ ခေတ်နှင့်အညီရေးဆွဲထားပြီး ဥပဒေပါတားမြစ်ချက်များကို လိုက်နာမှုမရှိပါက ထောင်ဒဏ်သုံးနှစ်အထိ ချမှတ်နိုင်သည့်အပြင် ကျပ် ၁၀ သိန်းအထိ ငွေဒဏ်ဆောင်ရသည့်ပြစ်ဒဏ်များလည်း ပါဝင်ကြောင်း ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအဖွဲ့ဝင် ဦးနေမျိုးထွန်းက ပြောသည်။

**ကျော်သူ**

# ယာဉ်တိုက်မှုဖြစ်စဉ်ကို မှားယွင်းစွာရေးသားထားပြီး မတောင်းပန်သဖြင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ပို့စ်တင်သူကိုအမှုဖွင့်

မွန်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၏ဖြစ်စဉ်အမှန်ကို သေချာစွာ စုံစမ်းခြင်းမရှိဘဲ မှားယွင်းစွာရေးသားထားသည့်အပြင် တောင်းပန်ခြင်းမပြုခဲ့သဖြင့် ပို့စ်တင်သူကို အမှုဖွင့်ခဲ့ကြောင်း သထုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဒေါ်ခိုင်ခိုင်လဲ့ကပြောသည်။

သထုံမြို့နေ ပြည်သူတဦးဖြစ်သူ ဦးဝင်းဇော်ဦးသည် ၎င်း၏ဖေ့ဘွတ်စ် Win Zaw Oo အကောင့်တွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဒေါ်ခိုင်ခိုင်လဲ့၏အမည်နှင့် မွန်ပြည်နယ်လွှတ်တော်ရုံးတံဆိပ်များကိုအသုံးပြုကာ ဒေါ်ခိုင်ခိုင်လဲ့သည် ဆင်းရဲသားပပျောက်ရေးအတွက် ဘီးလင်းအထွက်နားလေးရှိ ကွမ်းယာဆိုင်ကို ကားဖြင့် ဝင်ရောက်ရှင်းလင်းပြီးဟု တင်ခဲ့ကြောင်း၊ အဆိုပါဖြစ်စဉ်အမှန်ကို သေချာမစုံစမ်းဘဲ ရေးသားခဲ့သောကြောင့် တင်ထားသောပို့စ်ကို ပြန်ဖြုတ်ချ၍ လူမှုကွန်ရက်တွင် ဝန်ခံမှုပြုလုပ်ရန် တောင်းဆိုသော်လည်း မပြုလုပ်ခဲ့သောကြောင့် အမှုဖွင့်ရခြင်းဖြစ်ကြောင်း ဒေါ်ခိုင်ခိုင်လဲ့က ဆက်လက်ပြောသည်။

ဝင်းဇော်ဦးက မိမိတင်ထားသည့်ပို့စ်ကိုဖြုတ်မည်မဟုတ်ကြောင်းနှင့် နစ်နာသည်ဟုယူဆပါက ကြိုက်သလိုလုပ်နိုင်ကြောင်း ရင့်သီးစွာပြောဆိုခဲ့သဖြင့် နိုင်ငံသားများ၏ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ရေးဥပဒေ ပုဒ်မ ၁၀ ဖြင့် သထုံမြို့မရဲစခန်းတွင် မေလ ၁၉ ရက်နေ့က အမှုဖွင့်လှစ်ခဲ့သည်ဟု သိရသည်။

ထိုကိစ္စကိုဖြေရှင်းရန် သထုံမြို့နယ်အုပ်ချုပ်ရေးမှူးဦးသိန်းဝင်းက ဇရစ်ချောင်းကျေးရွာအုပ်ချုပ်ရေးမှူးမှတဆင့် ဦးဝင်းဇော်ဦးကိုခေါ်ခိုင်းသော်လည်း ရှာမတွေ့ခဲ့ကြောင်း မေလ ၁၄ ရက် ညနေ ၄း၃၀ နာရီတွင် ဦးဝင်းဇော်ဦးနှင့် ထွေ/အုပ်ရုံး၌ တွေ့ဆုံခဲ့ရာ ၎င်းမှမတောင်းပန်နိုင်ကြောင်း ပြောသဖြင့် "ကျွန်မစီးလာသည့်ကား Accident ဖြစ်တာမဟုတ်ဘူး" ဆိုတာ သိသလားဟုမေးမြန်းရာ သိရှိသည်ဟုပြန်ဖြေခဲ့ကြောင်း ဒေါ်ခိုင်ခိုင်လဲ့ကဆိုသည်။

"Post ကိုလည်း ပြန်မဖြုတ်ပေးနိုင်ဘူးလို့ပြောတယ်၊ အဲဒီအကြောင်းကိုလည်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနဲ့ ဒုဥက္ကဋ္ဌဆီကို အကြောင်းပြန်ပေးလိုက်တယ်။ ကျွန်မတို့ဘက်က Post ကိုဖြုတ်ပြီးတော့ မှားယွင်းကြောင်း တောင်းပန်ရင်ပြီးပြီ။ အမှုမဖွင့်ခင်မှာလည်း စောင့်ကြည့်ပါသေးတယ်။ ပြီးခဲ့တဲ့ သောကြာနေ့ထိ ဒီအကြောင်းအရာကိုပဲ ထပ်ခါထပ်ခါတင်နေတော့ လွှတ်တော်ကိုယ်စားလှယ်တယောက်အနေနဲ့ ဂုဏ်သိက္ခာထိခိုက်တယ်။ အရေးအသားတွေကလည်း တအားကိုဆိုးဝါးတဲ့အတွက်ကြောင့် အမှုဖွင့်တိုင်ကြားရခြင်းဖြစ်ပါတယ်"ဟု ဒေါ်ခိုင်ခိုင်လဲ့က ပြောသည်။

လွှတ်တော်ရေးရာ ကော်မတီအဖွဲ့အနေဖြင့် ပြီးခဲ့သည် မေလ ၁၃ ရက်တွင် ကျိုက်ထိုမြို့နယ်ကိုကွင်းဆင်းစဉ် ကော်မတီဝင်တဦး၏ကားမှာ Accident ဖြစ်ခဲ့ပြီး ၎င်းတို့စီးလာသောကားသည် Accident ဖြစ်သည့် ကားအနောက်တွင် လိုက်ပါလာကြောင်း ဒေါ်ခိုင်ခိုင်လဲ့က ဆက်လက်ပြောကြားသည်။

"Accident ဖြစ်တာ လူတွေတော့ ဘာမှမဖြစ်ဘူး။ ကွမ်းယာဆိုင်ကတော့ လဲသွားတယ်။ Accident ဖြစ်တဲ့ ကော်မတီဝင်ဒေါက်တာပြုံးချိုရဲ့ကားမှာက လွှတ်တော်ယာဉ်ဝင်/ထွက်ခွင့်ကတ်ပြားလေးကပ်ထားတယ်။ နေ့လယ်ထမင်းစားပြီးတော့ Facebook မှာ ကျွန်မဓာတ်ပုံကို လူတယောက်က တင်ထားပါတယ်ဆိုလို့ ဝင်ကြည့်တော့ တွေ့ရတာပါ။ ကျွန်မက ဖြစ်စဉ်အမှန်ကို Comment ဝင်ရေးခဲ့ပါတယ်။ ညနေပိုင်းမှာ လွှတ်တော်ဒုဥက္ကဋ္ဌက ဒီကိစ္စကို ဒီအတိုင်းမထားနဲ့။ လွှတ်တော်ရုံးက ကွင်းဆင်းဆောင်ရွက်တဲ့အချိန်မှာ ဖြစ်ပွားခဲ့တဲ့အတွက် အမြန်ဆုံးဖြေရှင်းဖို့ ပြောပါတယ်"ဟု ဒေါ်ခိုင်ခိုင်လဲ့က ပြောသည်။

ထိုကိစ္စနှင့်ပတ်သက်၍ လူမှုကွန်ရက်စာမျက်နှာတွင် Post တင်ခဲ့သူ ဦးဝင်းဇော်ဦးကို ဆက်သွယ်မေးမြန်းခဲ့သော်လည်း ဆက်သွယ်၍မရခဲ့ပေ။

**ထိုက်ထိုက်**

စာ-၉ (တိုးတက်တာလား၊ ဆုတ်ယုတ်တာလား) မှအဆက်

လျာထားပြီးဖြစ်ခြင်း၊ မောင်းကုန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦး--- သည် ညွှန်ကြားချက်နှင့်အညီ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်သွားရန် ဝန်ခံကတိပြုထားပြီးဖြစ်ကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ပြန်ကြားချက်အား သိရှိနိုင်ပါရန် အကြောင်းပြန်ကြားအပ်ပါသည်"

ထူးခြားဖြစ်စဉ်ပါ။ **တိုင်းတောင်သူလယ်သမားရေးရာအဖွဲ့ဝင်နှင့် စာရေးသူတို့ ဝါသနာအရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ဒေသခံများအား မိမိတို့ရွာနှင့် နီးစပ်ရာဒေသများတွင် အစုအဖွဲ့ပိုင်စိုက်ခင်းများ ထူထောင်ရန် မြို့နယ်အတွင်း တရွာဝင်တရွာထွက် လှည့်လည်စည်းရုံးခဲ့ကြပါသည်။ အစုအဖွဲ့ပေါင်း ၅၀ ကျော်၊ ဒေသခံ ၁၀၀၀ ခန့်၊ သစ်တောမြေဧက (၁၀၀၀၀)ကျော်၊ လွန်ခဲ့သည့် ၃ နှစ်ကတည်းက တင်ပြခဲ့ပါသည်။ ယခုအချိန်အထိ အဖွဲ့အစည်းတခုမျှ ခေါ်ယူဆွေးနွေးခြင်း၊ အသိအမှတ်ပြုခြင်းမရှိခဲ့ပါ။** မောင်းကုန်း အုပ်ချုပ်ရေးမှူးမှာ ညွှန်ကြားချက်နှင့်အညီ အစုအဖွဲ့ပိုင်သစ်တောထူထောင်ရန် ဝန်ခံကတိပြုထားပြီတဲ့။ ရွာသားများ တာဝန်ရှိသူဝန်ထမ်းများနှင့်ပေါင်းပြီး စာတတ်ကုန်ကြပြီ။

လွန်ခဲ့သည့် နှစ်ပေါင်း ၄၀ ကျော်က ဤရွာကလေးသို့ ရောက်ခဲ့ဖူးပါသည်။ အိမ်ထောင်စု ၁၀၀ ကျော်မျှသာရှိ၏။ တကောင်းတောင်တန်းကြီးနှင့် အင်ဒေါင်းသစ်တောကြိုးပိုင်းကြီးကို နောက်ခံပြုထားသည်။ ရောဝတီကို မေးတင်ထားသည်။ တဖက်ကမ်းသို့ လှမ်းမျှော်ကြည့်လိုက်ရာ လွမ်းမောဖွယ် မှိုင်းညို့ညို့ မင်းဝံတောင်ခြေတွင်ပြာလဲ့လဲ့ရစ်ခွေစီးဆင်းနေသည့် မဲဇာမြစ်နှင့် အနားသတ်ထားသည်။ အလွန်အေးချမ်းသာယာသည့်ရွာကလေး။ ၂၀၀၀ ပြည့်နှစ်ခန့်တွင် မန္တလေး–တကောင်းလမ်းမကြီးသည် ဤရွာကလေးကို ဖြတ်သွားသည်။ စက်ရုံကြီး ၂ ရုံ ထီးထီးမားမားပေါ်လာသည်။ ၂၄ နာရီ မီးလင်းပြီး အထက၊ ရဲကင်းစခန်း၊ စည်ပင်ဈေး (ယာယီ)၊ လမ်းဘေးဝဲယာဈေးဆိုင်တန်းများ၊ ကားဝပ်ရှော့များ၊ ဆီဆိုင်များ၊ အဝေးပြေးကားဂိတ်များ၊ အလင်းဆိုင်များ၊ မြို့ပြစရိုက်လက္ခဏာဆောင်လာသည်။ အိမ်ထောင်စု ၁၀၀၀ ကျော်သည့် ရွာကြီး။ ဤမြို့နယ်မှာ တိုးတက်မှုအမြန်ဆုံးဟု တင်စားပြောကြသည်။

အကောင်းနှင့်အဆိုး ဒွန်တွဲနေသည်။ စက်ရုံကြီးများကား ရွာအခြေမှာရှိနေသည်။ စက်ရုံကြီးများမှထွက်ရှိသည့် အနံ့ဆိုးများကား ရွာသားများ နေ့စဉ် ရှူရှိုက်နေရသည်။ ကျန်းမာရေးဆိုးရွားပြီး အသက်ပြည့်ပင်နေရပါ့မလား။ လူဦးရေ ထူထပ်လာရာ လူသတ်မှု၊ မုဒိမ်းမှု၊ လုယက်မှု၊ မူးယစ်ဆေးဝါးကား လိုသလောက်ရသည်။ လူမျိုးခြားများပါ ရောထွေးနေထိုင်ရာဒေသဖြစ်ရာ နိုင်ငံအဝန်းမှ အမျိုးသမီးများ စီးပွားရှာရာဖြစ်လေသည်။ KTV များ၊ မာဆတ်များကား နေရာတိုင်းမှာ သူ့မျက်နှာ။ အခြေအနေများ ရှုပ်ထွေးလာပြီ။ ဒုစရိုက်မှုများလာပြီ။ ဤလိုနေရာမျိုးမှာ အုပ်ချုပ်ရေးမှူးရာထူးသည် မက်မောလောက်ပါပေသည်။ လူအုပ်စုတိုက်ပွဲများ ဆင်နွှဲကုန်ကြပြီ။ အင်အားများသူ အနိုင်ယူ၊ သူတပြန်ကိုယ်တလှည့် ထစ်ခနဲဆို သမ္မတကြီးနှင့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်။ ဒေသဆိုင်ရာအာဏာပိုင်များ မရှိကြတော့ဘူးလား။ ယခင်အခါများက စက်ရုံများ ကုမ္ပဏီများကို ဆန္ဒပြကြသည်။ ယခုမူ ရွာသားအချင်းချင်း ဆန္ဒပြကုန်ကြပြီ။ ဆန္ဒပြခြင်းနှင့် ရင်းနှီးနေကြ၏။ တရွာလုံး ဆူညံပွက်လောရိုက်နေကြပြီ။ အမုန်းတရားများ ပွားကုန်ကြပြီ။

ရုပ်နာမ်ဓမ္မ သမ္မဟကျသည့်ခန္ဓာကိုယ်တွင် ရုပ်အလို ပြည့်ဝရုံနှင့်မပြီး။ နာမ်ခန္ဓာဖွံ့ဖြိုးရန်လည်း လိုအပ်ပါသည်။ ဤသို့လိုလျှင် ဤရွာကြီးတိုးတက်တာလား၊ ဆုတ်ယုတ်တာလား၊ ပိုင်းခြားဝေဖန်ကြပါကုန်။

**မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)**

**အထောက်အထား–**

(၁) နှစ်ဦးနှစ်ဖက်သဘောတူမြေယာလွှဲပြောင်းပေးခြင်းကတိစာချုပ်

(၂) နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်

(၃) နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန–ဒုညွှန်ချုပ်၏ အကြောင်းကြားစာ

www.free4readers.com



# ဖေးမလက်တွဲခေါ်ယူရန် လိုအပ်နေသော ရခိုင်မျိုးနွယ်စု မရမာကြီးလူမျိုးများ

ရက္ခ



မရမကြီးအမျိုးသားဝတ်စုံနှင့်တွေ့ရသော ကိုလှရွှေနှင့် မရမကြီးအမျိုးသမီးငယ်တဦး

ကိုလှရွှေသည် သာသနာ့အလံတော်များနှင့် အတူ လွှင့်ထူထားသော မရမာကြီးလူမျိုးအလံတော်ကိုငေးကြည့်ရင်း ဝမ်းနည်းဝမ်းသာ ရသနှစ်မျိုးကို တပြိုင်နက်တည်းခံစားမိ၏။ မရမာကြီးလူမျိုးအလံတော်သည် ဗုဒ္ဓဘာသာဝင်တို့၏သာသနာ့အလံတော်နှင့် ခပ်ဆင်ဆင်တူသည်။ အပေါ်ဖက်တွင်အပြာရောင်၊ အလယ်တွင်အဝါရောင်နှင့် အောက်ခံတွင် အနီရောင် စသောအလျားလိုက်အစင်းကြောင်းသုံးကြောင်း ပါရှိသည်။ ထိုသုံးရောင်ခြယ်အစင်းကြောင်းများ၏အလယ်ဗဟိုတွင် ဓမ္မစကြာဝိုင်းတခုရှိနေသည်။ ဓမ္မစကြာဝိုင်းကို ရခိုင်လူမျိုးတို့၏သင်္ကေတဖြစ်သော သဇင်ပန်း(သန့်စင်ပန်း)နှစ်ခက်နှစ်ခက်ဖြင့် ခြံရံထားသည်။ အလံတော်သည် မရမာကြီးလူမျိုးတို့၏ ငြိမ်းချမ်းခြင်း၊ ရဲရင့်ပြတ်သားခြင်း၊ ခမ်းနားကြီးကျယ်ခြင်းနှင့် မျိုးချစ်စိတ်ထက်သန်ခြင်းအဓိပ္ပာယ်ကို ဖော်ဆောင်၏။ ဗုဒ္ဓဘာသာဝင်လူမျိုးတမျိုးအတွက် ဗုဒ္ဓနှင့်ပတ်သက်သော အမှတ်လက္ခဏာများကို အမျိုးသားရေးလက္ခဏာတရပ်အဖြစ် သတ်မှတ်ထားနိုင်ခြင်းက ဝမ်းသာစရာဟု ကိုလှရွှေခံစားမိ၏။

နံနက်ခင်း ၈ နာရီကျော်အချိန်ဖြစ်၏။ ကိုလှရွှေသည်ဘုန်းတော်ကြီးကျောင်းအတွင်းရှိ အမျိုးသားနေ့ကျင်းပမည့်ခန်းမထဲသို့ တချက်ငေးကြည့်သည်။ မရမာကြီးရိုးရာဝတ်စုံဖြင့် ရှင်းသန့်လှပနေကြသော အမျိုးသမီး၊ အမျိုးသားများကိုတွေ့ရသည်။ သို့သော် လူထုပရိသတ်က ယခင်နှစ်များကကဲ့သို့ စည်ကားသိုက်မြိုက်ခြင်းမရှိဟုတွေးမိ၏။ သည်နေ့သည် ကိုလှရွှေတို့ မရမာကြီးလူမျိုးများ၏ အမျိုးသားနေ့ဖြစ်သည်။ ထို့အပြင် သည်နေ့သည် ဗုဒ္ဓဘာသာဝင်တိုင်း၏အထွတ်အမြတ်ထားရာ ကဆုန်လပြည့်ဗုဒ္ဓနေ့လည်းဖြစ်သည်။ သကျသာကီဝင်အနွယ်ဟုခံယူထားကြသော မရမာကြီးလူမျိုးများအတွက် ကဆုန်လပြည့်ဗုဒ္ဓနေ့ကို အမျိုးသားနေ့အဖြစ် သတ်မှတ်ထားနိုင်ခြင်းသည်မှန်မြတ်လှကြောင်း ကိုလှရွှေက ခံယူ၏။ သို့သော် သည်နေ့တွင်ကျင်းပမည့် စတုတ္ထအကြိမ်မြောက်အမျိုးသားနေ့သည် ပထမအကြိမ်နှင့် ဒုတိယအကြိမ်ကကဲ့သို့ စည်ကားသိုက်မြိုက်ခြင်းမရှိသည့်အတွက်မူ သူ့ရင်ထဲဝမ်းနည်းရပြန်၏။ လူနည်းစုများသည် ပထမအကြိမ်မရမာကြီးအမျိုးသားနေ့ကို ကျောက်ဖြူမြို့တွင် ကျင်းပပြုလုပ်ခဲ့ကြပြီး ဒုတိယအကြိမ်မှစတင်ကာ စတုတ္ထအကြိမ်အထိကို စစ်တွေမြို့တွင် ကျင်းပခဲ့ကြခြင်းဖြစ်သည်။

အမျိုးသားနေ့ပွဲတော်ကို လာချင်သော်လည်း မလာရောက်နိုင်ကြသည့်သူများရှိကြလိမ့်မှာ သေချာသည်။ မရမာကြီးလူမျိုးများတွင် အခက်အခဲများက များလွန်းလှသည်ဟု သူတွေး၏။ တချို့သော အမျိုးသားရေးသမားဆိုသူများက မရမာကြီးလူမျိုးကို 'ကုလား'ဟုထင်ကာ နှိမ်ချင်ကြသေးသည်။ လူနည်းစုလူမျိုးတမျိုးသည် အရာရာတိုင်းတွင် စိန်ခေါ်မှုများလွန်းလှ၏ . . .

မရမာကြီးလူမျိုးများသည် အမျိုးသားနေ့ကို လေးကြိမ်အထိ ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်သော်လည်း ပထမအကြိမ်နှင့် ဒုတိယအကြိမ်များတွင်သာ အဆင်ပြေချောမွေ့မှုနှင့် ကြုံတွေ့ခဲ့ရသည်။

တတိယအကြိမ်မြောက် မရမာကြီးအမျိုးသားနေ့ကျင်းပမည့်နှစ်တွင် အခမ်းအနားပြင်ဆင်နေရာနေရာသို့ ည ၉ နာရီခန့်အချိန်တွင် လူတစုကလာရောက်တားမြစ်ခြင်းနှင့်ကြုံခဲ့ရကြောင်း မရမာကြီး လူမျိုးတမျိုးအတွက် လူမျိုးနှင့်သက်ဆိုင်သော စရိုက်လက္ခဏာများကို ထိန်းသိမ်းစောင့်ရှောက်ရေးကိစ္စမှာ အလွန်ပင်ခက်ခဲလှကြောင်းတွေးမိရင်း သက်ပြင်းမောတချက်ကိုသာ မှုတ်ထုတ်မိပြန်သည်။

(တစ်)

၁၈-၅-၂၀၁၉ ရက်နေ့က စစ်တွေမြို့၊ ကျောင်းတက်ရပ်ကွက်၊ ကုန်သည်လမ်းရှိ မရမာကြီးဘုန်းတော်ကြီးကျောင်းဟောင်းတွင် စတုတ္ထအကြိမ်မြောက် မရမာကြီးအမျိုးသားနေ့ကို ကျင်းပပြုလုပ်ခဲ့ကြသည်။ ထိုအခမ်းအနားသို့ ချင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးပုန်ဘွေအပါအဝင် ရခိုင်နှင့် ရခိုင်မျိုးနွယ်စုဝင်များ ၁၀၀ ခန့်တက်ရောက်ခဲ့ကြသည်။ မရမာကြီးလူမျိုး လူမျိုးစုခေါင်းဆောင်ဦးမောင်နုက ပြောပြသည်။ ယခုနှစ်ကျင်းပရသော စတုတ္ထအကြိမ်မြောက်မရမာကြီးအမျိုးသားနေ့သည်လည်း တတိယအကြိမ်မြောက်ကကဲ့သို့ ထပ်မံကြုံမည်ကိုစိုး၍သော်လည်းကောင်း၊ လက်ရှိရခိုင်ပြည်နယ်အတွင်းမှ တိုင်းရေးပြည်ရာ အခြေအနေများကြောင့်သော်လည်းကောင်း ယခင်နှစ်များကကဲ့သို့ မစည်ကားနိုင်ခဲ့ကြောင်း ဦးမောင်နုက ဆိုသည်။ ထို့အပြင် ယခင်နှစ်များအတွင်းက မရမာကြီးအမျိုးသားနေ့ကျင်းပနိုင်ရန် အစိုးရမှ ငွေကြေးထောက်ပံ့ပေးမှုရှိခဲ့သော်လည်း ယခုနှစ်တွင် ထောက်ပံ့ပေးခြင်းမရှိခဲ့ကြောင်း သူက ဆိုသည်။

(နှစ်)

''မရမာကြီးလူမျိုးတွေဟာ ပညာရေး၊ စီးပွားရေးနဲ့ လူမှုရေး စတဲ့အပိုင်းတွေမှာ အတော်ပဲနိမ့်ကျနေရပါတယ်။ မြို့ပေါ်မှာနေတဲ့ မရမာကြီးတချို့အတွက် မသိသာပေမဲ့ နယ်ဘက်တွေမှာနေထိုင်နေကြရတဲ့ မရမာကြီးတွေမှာ လူမှုဘဝရပ်တည်နိုင်ရေးအတွက် လိုအပ်ချက်တွေ ပြည့်နှက်နေပါတယ်။ မရမာကြီးလူမျိုးတွေရဲ့ လူမှုဘဝတွေမြင့်မားလာဖို့အတွက် အားလုံးက ဝိုင်းဝန်းလက်တွဲဖေးမခေါ်ယူဖို့ လိုအပ်နေပါတယ်''

မရမာကြီးလူငယ်အသင်းဥက္ကဋ္ဌဖြစ်သူ ကိုလှရွှေမှပြောပြသော စကားပင်ဖြစ်၏။ မရမာကြီးလူမျိုးများသည် မြန်မာနိုင်ငံအဝန်းတွင် လူဦးရေ ၁၅၀၀၀ ခန့်မျှသာရှိသော လူမျိုးတမျိုးဖြစ်ကြောင်းနှင့် ရာနှုန်းပြည့်ဗုဒ္ဓဘာသာများဖြစ်ကြောင်း ဆိုသည်။ ရခိုင်ပြည်နယ်ထဲတွင် ကျောက်ဖြူ၊ စစ်တွေ၊ မင်းပြား၊ ပုဏ္ဏားကျွန်း၊ မြောက်ဦးနှင့် မောင်တောနယ်များတွင် အများစုနေထိုင်ကြကြောင်း ဆိုသည်။ မရမာကြီးလူမျိုးများသည် စီးပွားရေးနိမ့်ပါးလွန်းသူများဖြစ်ကြသည့်အပြင် ပညာရေးနှင့်ပတ်သက်လျှင်လည်း ယခင်က တက္ကသိုလ်ဝင်တန်းအောင်မြင်သူမျှပင် မရှိခဲ့ကြောင်း သူကဆိုသည်။ သည်ဖက်နှစ်များတွင်သာ တက္ကသိုလ်ဝင်တန်းအထိ တက်ရောက်အောင်မြင်သူတချို့ရှိလာခဲ့ကြောင်း သူကပြောပြသည်။ မရမာကြီးလူမျိုးများသည် ရခိုင်အပါအဝင် ရခိုင်မျိုးနွယ်စုဝင်များနှင့် လက်တွဲလုပ်ဆောင်လျက်ရှိပြီး လူမျိုးတမျိုးအပေါ် လူမျိုးတမျိုးက ခွဲခြားဆက်ဆံခြင်းမျိုး မရှိကြောင်း ကိုလှရွှေက ပြောပြသည်။ သို့သော် မရမာကြီးလူမျိုးများသည် လူနည်းစုဖြစ်သဖြင့် မိမိတို့လူမျိုး၏ ရိုးရာလက္ခဏာရပ်များကို ထိန်းသိမ်းနိုင်ရန်နှင့် ဖော်ထုတ်နိုင်ရန်ကိစ္စရပ်များမှာ ငွေကြေးမှအစ အခက်အခဲများစွာရှိကြောင်း သူကချင့်ချိန်ပြောပြသည်။

(သုံး)

မရမာကြီးလူမျိုးများသည် ရခိုင်မျိုးနွယ်စုဝင် လူမျိုးတမျိုးပင် ဖြစ်သည်။ မရမာကြီးလူမျိုးများသည် သက္က၊ သာကီယ၊ ခတ္တမျိုးနွယ် မျိုးနွယ်စုများအဖြစ် အိန္ဒိယနိုင်ငံ၊ ဟိမဝန္တာတောင်ခြေ၊ ဂင်္ဂါမြစ်ဝှမ်း၊ မဇ္ဈိမဒေသ၊ မာဂဓတိုင်းတွင် အဦးဆုံးနေထိုင်ခဲ့ကြသူများဖြစ်ကြောင်း သမိုင်းမှတ်တမ်းများက ဆိုသည်။ ဗုဒ္ဓဘုရားရှင် ပွင့်တော်မူပြီးချိန်မှစတင်ကာ ထေရဝါဒဗုဒ္ဓဘာသာဖြစ်လာကြသူများဟု ဆိုသည်။ မရမာကြီးဆိုသောအမည်မှာ မာဂဓတိုင်းတွင် နေထိုင်ခဲ့သူများဖြစ်သဖြင့် မာဂ-မောဂ်မှ ဆင်းသက်လာခဲ့ကြောင်း ဆိုသည်။ သို့သော် မရမာကြီးလူမျိုးများကို ဘင်္ဂလားဒေ့ရှ်နှင့် ဟိန္ဒူလူမျိုးများက 'ဘရွာဝါ'ဟု ခေါ်သည်။ အေဒီ ၁၂ ရာစုအချိန်ခန့်မှစတင်ကာ ရခိုင်လူမျိုးများနှင့်အတူ တကွနေထိုင်လာခဲ့ကြသူများဖြစ်ကြောင်း ဆိုသည်။ မရမာကြီးလူမျိုးများသည် အချင်းချင်းပြောဆို ဆက်သွယ်ရာတွင် မာဂဓဘာသာစကားနှင့် ပါဠိဘာသာစကားကို သုံးနှုန်းကြပြီး လက်ရှိအချိန်တွင် နေထိုင်ရာဒေသအလိုက် စကားလုံးအရေးအနှောများ ရှိလာခဲ့ကြောင်း ဆိုသည်။ မရမာကြီးလူမျိုးများတွင် ကိုယ်ပိုင်စာပေရှိခဲ့သော်လည်း လက်ရှိအချိန်တွင် မေးမှိန်ပျောက်ကွယ်နေရဆဲဖြစ်ကြောင်း ဆိုသည်။

မရမာကြီးလူမျိုးများ၏ ဓလေ့ရိုးရာယဉ်ကျေးမှုများသည် ရခိုင်လူမျိုးများနှင့် မတိမ်းမယိမ်းတူညီသည်။ မရမာကြီးလူမျိုးတို့၏ ရိုးရာဝတ်စုံတွင် အမျိုးသားများသည် ခေါင်းပေါင်း၊ တိုက်ပုံနှင့် ဖြ တောင်ရှည်သော တောင်ရှည်ပုဆိုးပါဝင်သည်။ ပုဆိုးကိုဝတ်ဆင်သောအခါ ခါးနောက်သို့ပတ်ချည်၍ ဝတ်ရသည်။ ဓာတ်မင်းသားများ တောင်ရှည်ပုဆိုးဝတ်ဆင်ပုံနှင့် ခပ်ဆင်ဆင်တူသည်။ ထို့အပြင် အမျိုးသားများ၏ ဘယ်ဖက်ပုခုံးထက်တွင်လေးတောင်အရှည်ခန့်ရှိသော တဘက်တခုတင်ရသည်။ ယခုနောက်ပိုင်းတွင် မရမာကြီးအမျိုးသားသည် အလံတော်ပုံတဘက်ကို ဆင်မြန်းကြသည်။ မရမာကြီး အမျိုးသမီးဝတ်စုံတွင် ဆံထုံး၊ အင်္ကျီ၊ ထဘီနှင့် စလွယ်သိုင်းတဘက်တခုပါဝင်သည်။ အမျိုးသားများကဲ့သို့ပင် မရမာကြီးအမျိုးများသည်လည်း အမျိုးသား အလံတော်ပုံတဘက်ကို အသုံးပြုကြသည်။

မရမာကြီးလူမျိုးများသည် မွေးဖွားပြီး တနှစ်မှ နှစ်နှစ်အတွင်းတွင် နားထွင်းမင်္ဂလာနှင့် အမည်ပေး ကင်ပွန်းတပ်မင်္ဂလာတို့ကို ပြုလုပ်ရသည်။ ဗုဒ္ဓဘာသာဝင်တို့၏ ထုံးတမ်းစဉ်လာနှင့်အညီ သားယောက်ျားများကို မိဘများက ရှင်ပြုပေးကြရသည်။ မရမာကြီးလူမျိုးများ သေဆုံးသောအခါတွင်လည်း သေဆုံးသူ၏ ဦးခေါင်းကို မြောက်ဘက်သို့ချကာ သံဃာတော်ငါးပါးဖြင့် သရဏဂုံတင်ပြီးမှ မြေမြှုပ်လေ့ရှိသည်။ မရမာကြီးလူမျိုးများသည် ရခိုင်မျိုးနွယ်စုဝင်လူမျိုးတမျိုးဖြစ်သည့်အပြင် ကိုးကွယ်မှုနှင့် ယဉ်ကျေးမှုတို့မှာ ရခိုင်နှင့် အလွန်ပင် နီးစပ်သည်ဟု ဆိုနိုင်သည်။ မရမာကြီးလူမျိုးတို့၏ အခါကြီးရက်ကြီးနှင့် ပွဲလမ်းသဘင်များမှာလည်း ရခိုင်လူမျိုးများကဲ့သို့ပင် ဖြစ်သည်။

(လေး)

''လူနည်းစုဖြစ်တဲ့ရခိုင်မျိုးနွယ်စုတွေက ပျောက်ကွယ်လုနီးပါးဖြစ်နေကြပြီ။ တကယ်တော့ ရခိုင်ကလည်း လူနည်းစုပါပဲ။

စာ (၂၉) သို့



Photo - Zaw

# လူငယ်တွေ ဘာကြောင့် စာမဖတ်ကြတာလဲ

ကြယ်စင်စိုး(မန္တလေး)

( ၁ )

''လူငယ်တွေ စာမဖတ်ကြဘူး''၊ ''လူငယ်တွေ စာဖတ်အား အင်မတန်မှနည်းပါးလာကြတယ်''ဆိုတဲ့ စကားသံတွေကို ဒီဘက်ပိုင်းမှာ ကျယ်ကျယ်လောင်လောင်နဲ့ထွက်ပေါ်လာခဲ့ပါတယ်။ လူငယ် ၁၀ ယောက်လောက်ကို ဘာစာတွေဖတ်နေလဲလို့ မေးကြည့်လိုက်ရင် မိသားစုတစုမှာဆိုရင် ရှစ်ယောက်လောက်က ဘာစာမှမဖတ်ဘူးလို့ ဖြေဆိုကြပါလိမ့်မယ်။ နောက်တခါ လူငယ်တယောက်ကို ယနေ့ မြန်မာနိုင်ငံမှာ အောင်မြင်ကျော်ကြားနေတဲ့ စာရေးဆရာငါးယောက်လောက်ကို လက်ချိုးရေတွက်ပြစမ်းပါလို့ မေးကြည့်လိုက်ပါ။ အဲဒီလူငယ်ဟာ ရေတွက်ပြနိုင်မှာမဟုတ်ပါဘူး။ အကြောင်းကတော့ ရှင်းပါတယ်၊ စာဖတ်ဝါသနာပါသူမဟုတ်လေတော့ မြန်မာနိုင်ငံမှာ အောင်မြင်နေတဲ့ စာရေးဆရာတွေကိုလည်း သိစရာအကြောင်းမရှိနိုင်ပါဘူး။

ဒီကနေ့ခေတ် လူငယ်တွေ စာဖတ်အား အင်မတန် နည်းပါးလာကြပါတယ်၊ ဘာကြောင့် လူငယ်တွေ စာဖတ်အားနည်းလာကြတာလဲ။ စာပေဖတ်ရှုမှုမှာ မွေ့လျော်မှု နည်းပါးလာကြရတာလဲ၊ ဒီကနေ့ ခေတ်လူငယ်တွေကို စာမဖတ်ကြဘူးလို့ ပြောနေကြမယ့်အစား 'လူငယ်တွေ ဘာကြောင့် စာမဖတ်ကြတာလဲ'ဆိုတာကို ဝိုင်းဝန်းဆွေးနွေးအဖြေရှာကြရမှာ ဖြစ်ပါတယ်၊

လူငယ်တွေ စာဖတ်အားနည်းတယ်။ လူငယ်တွေ စာမဖတ်ကြဘူးလို့ပြောနေကြရုံနဲ့ မလုံလောက်တော့ပါဘူး။ လူငယ်တွေ စာဖတ်ချင်လာအောင်၊ စာအုပ်စာပေ၊ သတင်းစာဂျာနယ်တွေကို မြင်လိုက်တယ် ဆိုရုံဖြင့် အာသာတငမ်းငမ်းဖြစ်လာအောင် တိုက်တွန်းလှုံ့ဆော်ပေးကြရမှာဖြစ်ပါတယ်။ လူငယ်တွေ စာဖတ်အားနည်းပါးလာခြင်းရဲ့ တရားခံအကြောင်းကတော့ ခေတ်ပေါ်နည်းပညာတွေဖြစ်တဲ့ ကွန်ပျူတာ၊ မိုဘိုင်းဖုန်းဆိုတာတွေ ပေါ်ပေါက်လာခြင်းကြောင့် ဖြစ်တယ်လို့ ယေဘုယျအားဖြင့် စွပ်စွဲပြောဆိုလေ့ရှိကြပါတယ်။ စာအုပ်စာပေတွေကို ဖတ်ရကောင်းမှန်းမသိဘဲ ကွန်ပျူတာ၊ မိုဘိုင်းဖုန်းတွေအပေါ်မှာပဲ အချိန်ပြည့်စိတ်ရောက်နေကြတဲ့အတွက်ကြောင့် လူငယ်တွေစာဖတ်မှုနှုန်း ကျဆင်းလာတယ်လို့ အများစုက ထင်မြင်ယူဆထားကြပါတယ်။

ခေတ်ပေါ်နည်းပညာတွေဖြစ်တဲ့ ကွန်ပျူတာ၊ မိုဘိုင်းဖုန်းတွေ ပေါ်ပေါက်လာခြင်းကြောင့် လူငယ်တွေ စာမဖတ်ကြဘူးဆိုတဲ့ ထင်မြင်ယူဆချက်ဟာ မှန်သင့်သလောက်လည်း မှန်ကန်နိုင်ပါတယ်။ သို့ပေမဲ့ ရာနှုန်းပြည့် မှန်ကန်တယ်ဆိုတာကတော့ လက်ခံနိုင်ဖွယ်မရှိပါဘူး။ ဒီလိုဘာကြောင့် ပြောရတာလဲဆိုရင် ပြီးခဲ့တဲ့ သင်္ကြန်မတိုင်မီကာလတခုတုန်းက ကျေးလက်တောရွာလေးတရွာမှာ တွေ့ကြုံခဲ့ရတဲ့ အတွေ့အကြုံတခုကြောင့် ဖြစ်ပါတယ်။

ကျေးလက်တောရွာကလေးတွေမှာလည်း ကမ္ဘာကြီးက ရွာကြီးတရွာဖြစ်လာသည့်နည်းတူ ကိုယ်စီကိုယ်ငဖွံ့ဖြိုးတိုးတက်လာနေကြပြီမို့ ဆယ်ကျော်သက်လူငယ်တွေရဲ့ လက်ထဲမှာလည်း မိုဘိုင်းဖုန်းတွေကို အသီးသီး ကိုင်ဆောင်ထားကြပါတယ်။ အဲဒီမှာ လူငယ်တယောက်ကို မေးကြည့်ခဲ့ပါတယ်။ ''မင်းစာဖတ်တာ ဝါသနာပါလား။ ဘာစာအုပ်တွေရော ဖတ်ဖူးတုံး''။ လူငယ်က ပြန်ဖြေပါတယ်။ ''စာဖတ်ဝါသနာပါလား၊ မပါဘူးလားဆိုတာကတော့ ပြောရမှာခက်တယ်။ ဘာစာအုပ်ဖတ်ဖူးတုန်းဆိုတော့ ရှင်းရှင်းပြောရရင် ဘာစာအုပ်မှ မဖတ်ဘူးလောက်အောင်ကိုဘဲ''။ ဘာလို့မဖတ်ဘူးတာလဲလို့ ဆက်မေးကြည့်တော့ ''ဖတ်စရာ စာအုပ်မှမရှိတာ၊ စာအုပ်တွေရှိနေရင် ဖတ်ဖြစ်ရင် ဖတ်ဖြစ်နေမှာပေါ့။ ရွာမှာက စာကြည့်တိုက်တော့ရှိပါတယ်။ သို့ပေမဲ့ တခါမှဖွင့်ထားတာ မတွေ့ရဘူး။ အချိန်ပြည့်သော့ခတ်ထားတာပဲ တွေ့ရတယ်''။

အဲဒီတော့ အဖြေကရှင်းပါတယ်။ ''လူငယ်တွေ ဘာကြောင့် စာမဖတ်ကြတာလဲ''။ ဖတ်စရာစာအုပ်မရှိလို့ စာမဖတ်ကြခြင်းဖြစ်ပါတယ်။ ဖတ်စရာစာအုပ်မရှိလို့ လူငယ်တွေစာမဖတ်ကြတာ ဆန်းသလား။

စာကြည့်တိုက်တော့ရှိနေပါရဲ့။ စာကြည့်တိုက်ထဲကို ဝင်ထွက်သွားလာလို့မရနိုင်အောင် တံခါးပိတ်ထားတဲ့အတွက်ကြောင့် လူငယ်တွေ စာကြည့်တိုက်ထဲကို မရောက်ဖြစ်ကြတော့ဘူး။ စာကြည့်တိုက်ထဲကို လူငယ်တွေ ရောက်မလာနိုင်မှတော့ စာအုပ်ကို မကိုင်ဖြစ်ကြတော့တာ အဆန်းတော့ မဟုတ်လှပါဘူး။

လူငယ်တွေရဲ့စိတ်ကို ဖျော်ဖြေပေးနိုင်မည့် ဖတ်စရာစာအုပ်ကမရှိလေတော့ လူငယ်တွေဟာ ကွန်ပျူတာ၊ မိုဘိုင်းဖုန်းတွေအပေါ်မှာပဲ စိတ်ရောက်ကုန်ကြတော့တယ်။ အဲဒီအရာတွေဆီကနေပဲ လူငယ်တွေရဲ့စိတ်ဟာ ဖျော်ဖြေမှုကို ရှာဖွေကြပါတော့တယ်။ ဒါကြောင့် လူငယ်တယောက်ရဲ့လက်ထဲမှာ မိုဘိုင်းဖုန်းလေးတွေကို ကိုယ်စီကိုယ်င ရှိနေတတ်ကြတာဖြစ်ပါတယ်။ လူငယ်တယောက်ရဲ့လက်ထဲက မိုဘိုင်းဖုန်းထဲမှာ အထူးအဆန်းကလေးများရှိနေရင် အခြားသော လူငယ်လေး၊ ငါး၊ ခြောက်ယောက်လောက်က အနားကမခွာနိုင်ဘဲ ဝိုင်းအုံကာ ကြည့်ရှုလေ့ရှိကြပါတယ်။ အချိန်တွေ ဘယ်လောက်ကြာကြာ မထစတမ်းပါဘဲ။ ဒါဟာ မိုဘိုင်းဖုန်းတွေရဲ့ လူငယ်တွေအပေါ်မှာ ဆွဲဆောင်နိုင်ခြင်းတမျိုးပါပဲ။

ဒီတော့ လူငယ်တွေကို စာပေဖတ်ရှုမှုအားနည်းကြတယ်လို့ ပြောနေဖို့မသင့်လျော်ပါဘူး။ လူငယ်တွေ စာဖတ်ချင်လာအောင်၊ စာပေဖတ်ရှုမှုမှာ မွေ့လျော်တတ်လာအောင်၊ လူငယ်တွေရဲ့လက်တကမ်းမှာ စာအုပ်တွေ၊ နေ့စဉ်ထုတ်သတင်းစာတွေ၊ အပတ်စဉ်ထုတ်ဂျာနယ်တွေ၊ လစဉ်ထုတ်မဂ္ဂဇင်းတွေ များများစားစားရှိနေဖို့လိုအပ်လှပါတယ်။ ဖတ်စရာစာအုပ်တွေ၊ သတင်းစာဂျာနယ်တွေသာ လူငယ်တွေရဲ့ လက်တကမ်းမှာရှိနေမယ်ဆိုရင် လူငယ်တွေဟာ မိုဘိုင်းဖုန်းတွေအပေါ်မှာ အချိန်ပြည့်စိတ်ရောက်နေကြမှာ မဟုတ်တော့ပါဘူး။ စိတ်ရဲ့ဖျော်ဖြေမှုအတွက် မိုဘိုင်းဖုန်းတွေဆီကပဲ ရှာဖွေနေမှာမဟုတ်ဘဲ စာအုပ်စာပေတွေကနေလည်း ရှာဖွေကြမယ်ဆိုတာ ယုံကြည်လို့ ရနိုင်ပါတယ်။

**ဖတ်စရာစာအုပ်မရှိလို့ စာမဖတ်ရတဲ့ လူငယ်တွေ၊ စာကြည့်တိုက်တွေ သော့ခတ်ထားသည့်အတွက်ကြောင့် စာဖတ်ခွင့်မရတဲ့ လူငယ်တွေအရေအတွက် အားဖြင့် ဘယ်လောက်တောင် များနေပြီလဲ။ စိတ်ရဲ့ဖျော်ဖြေမှုအတွက် မိုဘိုင်းဖုန်းတွေကိုပဲ မှီခိုအားထားနေကြရတဲ့ လူငယ်တွေ ဘယ်လောက်တောင်များနေပြီလဲ။ မြန်မာနိုင်ငံတနိုင်ငံလုံး အတိုင်းအတာနဲ့ကြည့်လိုက်မယ်ဆိုရင် အရေအတွက်က နည်းမယ်မထင်ဘူး။ ဝမ်းနည်းဖွယ်ရာကောင်းလှပါတယ်။** ဒီအတွက်ကြောင့် ဖတ်စရာစာအုပ်မရှိလို့ စာမဖတ်ရဘူးဆိုတဲ့ လူငယ်တွေအတွက် စာအုပ်တွေရှိနေဖို့ လိုအပ်ပါတယ်။ စာကြည့်တိုက်တံခါးတွေ ဖွင့်ထားပေးဖို့လိုအပ်ပါတယ်။

နိုင်ငံတော်အစိုးရရဲ့စီမံချက်နှင့်အတူ အခုဆိုရင် ကျေးလက်တောရွာတွေ အတော်များများမှာ စာကြည့်တိုက်တွေ ဖြစ်ထွန်းပေါ်ပေါက်နေကြတယ်ဆိုတာကို တွေ့ရပါတယ်၊ အချို့သော ရွာတွေမှာလည်း ကိုယ်ထူကိုယ်ထ စာကြည့်တိုက်တွေ ထူထောင်နေကြပါတယ်၊ သို့ပေမဲ့ ခက်တာက အဆိုပါစာကြည့်တိုက်တွေဟာ ဟန်ရေးပြစာကြည့်တိုက်လောက်ပဲ ဖြစ်သွားကြတယ်၊ ဒီကနေ့ သတင်းစာထဲမှာ ဓာတ်ပုံနှင့် ဝေဝေဆာဆာ စာကြည့်တိုက်ဖွင့်လှစ်ပြီဆိုတဲ့ သတင်းကို ဖော်ပြပြီးတာနဲ့ အဲဒီစာကြည့်တိုက်ဟာ နောက်တနေ့မှာ သော့ခတ်ပြီးသား ဖြစ်နေပါတော့တယ်။ ပွဲပြီးမီးသေ စာကြည့်တိုက်တွေဖြစ်ပါတယ်။ စာရင်းသာရှိတဲ့ စာကြည့်တိုက်တွေဖြစ်ပါတယ်။ စာကြည့်တိုက်တွေအနေနဲ့ ဒီလိုအခြေအနေမျိုးတွေမဖြစ်ပေါ်မိအောင် အတတ်နိုင်ဆုံး ဝိုင်းဝန်းစောင့်ရှောက်ကြဖို့လိုပါတယ်။ အဓိကတော့ သက်ဆိုင်ရာ မြို့နယ်၊ ကျေးရွာတွေရဲ့ တာဝန်ရှိလူကြီးတွေပဲ ဖြစ်ပါတယ်။

စာကြည့်တိုက်ဆိုတာ နိစ္စဓူဝ အသက်ဝင်လှုပ်ရှားနေပါမှ စာကြည့်တိုက်နှင့်တူပါလိမ့်မည်။ စာဖတ်သူတွေ၊ စာအုပ်ငှားရမ်းသူတွေ ဝင်ထွက်သွားလာနေပါမှ စာကြည့်တိုက်ဟာ ကျက်သရေရှိနေမှာ ဖြစ်ပါတယ်၊ ဒါကြောင့် စာကြည့်တိုက်တွေကလည်း လူငယ်တွေ စာဖတ်တယ်၊ စာမဖတ်ဘူးဆိုတာကို ဆုံးဖြတ်ပေးနိုင်စွမ်းရှိပါတယ်။ စာအုပ်စာပေ၊ စာကြည့်တိုက်တွေ ရှိနေပါလျက် လူငယ်တွေစာမဖတ်ကြဘူးဆိုရင် ဒါဟာ လူငယ်တွေရဲ့အပြစ်ဖြစ်ပါတယ်၊ သို့တည်းမဟုတ်ပါဘဲ စာအုပ်စာပေမရှိ၊ စာကြည့်တိုက်မရှိ၊ စာကြည့်တိုက်ရှိပါသော်လည်း သော့ခတ်ထားလို့ လူငယ်တွေ စာမဖတ်ကြဘူးဆိုရင် ဘယ်မှာလာပြီး လူငယ်တွေကို အပြစ်တင်နေလို့ ရနိုင်မှာလဲ။

လူငယ်တွေကို စာမဖတ်ကြဘူးလို့ပြောနေကြတဲ့လူကြီးတွေကို လူငယ်တွေ စာဖတ်ချင်လာအောင် လူကြီးတယောက်အနေနဲ့ ဘာတွေများ လုပ်ဆောင်ပေးခဲ့ဖူးသလဲ။ စာအုပ်ဘယ်နှအုပ်များ လူငယ်တွေရဲ့ လက်ထဲကို ထိုးအပ်ခဲ့ဖူးလဲ။ ဘယ်စာကြည့်တိုက်မှာ ဘယ်လိုမျိုးသော စာအုပ်တွေကို ပေးလှူခဲ့ဖူးလဲလို့ မေးလိုက်ချင်ပါတယ်။

( ၂ )

စာမဖတ်ကြတဲ့လူငယ်တွေ စာဖတ်နိုင်အောင်အတွက် ပတ်ဝန်းကျင်ကလည်း အရေးကြီးပြန်ပါတယ်၊ ပတ်ဝန်းကျင်ဆိုတာက စာအုပ်စာပေတွေရှိတဲ့ ပတ်ဝန်းကျင်၊ စာဖတ်လေ့စာဖတ်ထရှိတဲ့ ပုဂ္ဂိုလ်တွေနေတဲ့ ပတ်ဝန်းကျင်ပဲဖြစ်ပါတယ်။ ဒါမှသာလျှင် လူငယ်တွေဟာ အတုမြင်အတတ်သင် သဘောအနေနဲ့ စာအုပ်စာပေတွေကို ဖတ်ရှုလာနိုင်မှာ ဖြစ်ပါတယ်။

''တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုး''ဆိုတဲ့ စကားပုံအတိုင်း ကိုယ့်ပတ်ဝန်းကျင်မှာ စာဖတ်လေ့စာဖတ်တဲ့ရှိတဲ့ ပုဂ္ဂိုလ်တွေရှိနေတော့ ကိုယ်တိုင်လည်း စာဖတ်ဖို့ ဝန်လေးနေကြမှာမဟုတ်ပါဘူး။

စာ (၃၁) သို့

လူငယ်တွေ စာဖတ်အားနည်းတယ်။ လူငယ်တွေ စာမဖတ်ကြဘူးလို့ ပြောနေကြရုံနဲ့ မလုံလောက်တော့ပါဘူး။ လူငယ်တွေ စာဖတ်ချင်လာအောင်၊ စာအုပ်စာပေ၊ သတင်းစာဂျာနယ်တွေကို မြင်လိုက်တယ် ဆိုရုံဖြင့် အာသာတငမ်းငမ်းဖြစ်လာအောင် တိုက်တွန်းလှုံ့ဆော်ပေးကြရမှာဖြစ်ပါတယ်။ လူငယ်တွေ စာဖတ်အားနည်းပါးလာခြင်းရဲ့ တရားခံအကြောင်းကတော့ . . .

www.free4readers.com

www.free4readers.com



# ရန်ကုန်–မန်း ရထားလမ်းပိုင်းနှင့် ရန်ကုန်မြို့ပတ် အချက်ပြစနစ်များအတွက် ဓာတ်အားပို့လွှတ်ရန် တည်ဆောက်နေသည့် မလွှကုန်းဓာတ်အားခွဲရုံ ဒီဇင်ဘာတွင် ပြီးစီးမည်

ရန်ကုန်မြို့ပတ်နှင့် ရန်ကုန်–မန္တလေး ရထားလမ်းပိုင်းအဆင့်မြှင့်တင်မှု စီမံကိန်းများ၏ အချက်ပြစနစ်များအတွက် လျှပ်စစ်ဓာတ်အားပေးပို့ရန် အကောင်အထည်ဖော်တည်ဆောက်နေသည့် မလွှကုန်းဓာတ်အားခွဲရုံသည် လာမည့် ဒီဇင်ဘာတွင် ပြီးစီးမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

"မလွှကုန်းခွဲရုံက ဒီနှစ်ကုန်လောက်ပြီးမယ်။ ဒီကနေ ဓာတ်အား ၁ မဂ္ဂါဝပ် ထွက်မယ်။ အဲဒါကို ကြေးနန်းနဲ့ အချက်ပြဌာနကိုပေါ့။ ဆက်သွယ်ရေးစနစ်တွေကို အော်တိုဖြစ်အောင်ပေါ့။ အခုဆိုရင် လူနဲ့ ပိတ်နေရတာ။ အဲဒါမျိုးမဟုတ်တော့ဘူး" ဟု မြန်မာ့မီးရထား၊ စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာန၊ လျှပ်စစ်ဌာနခွဲမှ တာဝန်ရှိသူတဦးက News Watch သို့ ပြောသည်။

အဆိုပါ မလွှကုန်းဓာတ်အားခွဲရုံ တည်ဆောက်ရေးစီမံကိန်းကို မလွှကုန်းဘူတာနှင့် မေတ္တာညွန့်တူတာကြား၌ မြန်မာ့မီးရထားပိုင်မြေနေရာတွင် Barons & Fujikura EPC Co., Ltd က တာဝန်ယူတည်ဆောက်နေခြင်းဖြစ်ပြီး လက်ရှိအချိန်တွင် တည်ဆောက်မှုအခြေအနေမှာ ၂၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း ယင်းကုမ္ပဏီမှ တာဝန်ရှိသူတဦးက ပြောသည်။

"မလွှကုန်းဓာတ်အားခွဲရုံက ဒီနှစ်မကုန်ခင် အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလောက်ပြီးမယ်။ အခုက ဖောင်ဒေးရှင်းပိုင်းပဲရှိသေးတယ်ဆိုတော့ ရာခိုင်နှုန်းအားဖြင့် ၂၀ ရာခိုင်နှုန်းဝန်ကျင်ပေါ့။ တည်ဆောက်နေတဲ့ပုံစံက ကျန်တဲ့ခွဲရုံတွေအတိုင်းပါပဲ။ structure တက်မယ်။ အဆောက်အဦက တခုထဲပါပဲ၊ ဒီခွဲရုံကနေ ၁ မဂ္ဂါဝပ်ထွက်ပါမယ်။ ဒီဓာတ်အားတွေက ရန်ကုန်–မန္တလေး မီးရထားလမ်းတလျှောက်မှာရှိတဲ့ အချက်ပြစနစ်တွေအတွက် power supply အနေနဲ့ထွက်မှာ"ဟု ပြောသည်။

မလွှကုန်းဓာတ်အားခွဲရုံမှ ထွက်ရှိမည့် ဓာတ်အားများကို ရန်ကုန်မြို့ပတ်နှင့် ရန်ကုန်–မန္တလေးရထားလမ်းပိုင်း အချက်ပြစနစ်များတွင်အသုံးပြုရန်အတွက် မြန်မာ့မီးရထား၊ မောင်းတံဂိတ်ဌာန၊ အချက်ပြဌာနသို့ပေးပို့မည်ဖြစ်ပြီး ထိုဌာနများမှ မြို့ပတ်လမ်းပိုင်းတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် ရန်ကုန်–တောင်ငူလမ်းပိုင်းအတွက် ရန်ကုန်မှ ရွာသာကြီးအထိ ဓာတ်အားပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ တာဝန်ရှိသူက ရှင်းပြသည်။



လက်ရှိအချိန်တွင် ရန်ကုန်မြို့ပတ်မီးရထားလမ်းများ အဆင့်မြှင့်တင်ရာတွင် အရှေ့ခြမ်း၊ အနောက်ခြမ်းဟူ၍ ခွဲခြားသတ်မှတ်ထားပြီး အရှေ့ခြမ်းကို ရှေ့တောင်ကုမ္ပဏီမှလည်းကောင်း၊ အနောက်ခြမ်းကို အေဝမ်းကုမ္ပဏီမှလည်း တာဝန်ယူအဆင့်မြှင့်နေခြင်းဖြစ်သည်။ အေဝမ်းကုမ္ပဏီက အနောက်ပိုင်းအခြမ်း တညင်းကုန်းမှ အင်းစိန်၊ အင်းစိန်မှ ကြည့်မြင်တိုင်၊ ကြည့်မြင်တိုင်မှ ဘုရားလမ်းဟူ၍ အပိုင်း(၃)ပိုင်းခွဲကာ အဆင့်မြှင့်တင်နေခြင်းဖြစ်သည်။ ထို့အတူ ကီလိုမီတာ ၆၂၀ ရှည်သည့် ရန်ကုန်–မန္တလေးရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။

***လင်းလင်းအောင်***

## စာ–၃၉ (အမေရိကန်–အီရန် စစ်ရေးထိပ်တိုက်တွေ့မည်လော) မှအဆက်

ကာကွယ်ရေးဝန်ကြီး ပက်ထရစ်ရှာနာဟန်က အရှေ့အလယ်ပိုင်း ဒေသသို့အမေရိကန်တပ်ဖွဲ့ဝင်၁၂၀,၀၀၀ စေလွှတ်မည့်အစီအစဉ်ကို တင်ပြခဲ့သည်။ အီရန်က အရှေ့အလယ်ပိုင်းရှိ အမေရိကန်တပ်ဖွဲ့ဝင်များ သို့မဟုတ် အမေရိကန်၏မဟာမိတ်များအား တိုက်ခိုက်လာပါက လက်တုံ့ပြန်ရန် ရည်ရွယ်သည်ဟု The New York Times သတင်းစာက ဖော်ပြခဲ့သည်။

အရှေ့အလယ်ပိုင်းဒေသသို့ အမေရိကန်တပ်ဖွဲ့ဝင် ၁၂၀,၀၀၀ စေလွှတ်မည်ဆိုသောသတင်း မဟုတ်မှန်ကြောင်း သမ္မတထရန့်က မေ ၁၆ တွင် တွစ်တာပေါ်မှ ဖော်ပြခဲ့သည်။ ဆက်လက်ပြီး သမ္မတက အမေရိကန်ပြည်ထောင်စုသည် အီရန်နိုင်ငံနှင့် စစ်ပွဲတပွဲဆင်နွှဲမည်မဟုတ်ဟုလည်း ပြောကြားသည်။ သို့သော် သမ္မတထရန့်သည် အီရန်အပေါ် ဖိအားပေးမှုများ ဆက်လက်ပြုလုပ်ရန် လိုလားသည်။ ယင်းသို့ ဖိအားပေးခြင်းဖြင့် အီရန်သည် အမေရိကန်ပြည်ထောင်စုနှင့် စေ့စပ်ညှိနှိုင်းလာမည်ဟု သမ္မတထရန့်က မျှော်လင့်ထားသည်။ မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအွန်နှင့် စင်ကာပူနိုင်ငံတွင် ပထမအကြိမ် တွေ့ဆုံပြီးနောက် သမ္မတထရန့်က အီရန်ခေါင်းဆောင်များအနေနှင့် ကင်ဂျုံအွန်၏လမ်းစဉ်အတိုင်းလိုက်ရန် တိုက်တွန်းခဲ့ဖူးသည်။

အီရန်အာဏာပိုင်များက အီရန်နိုင်ငံသည် အမေရိကန်ပြည်ထောင်စုနှင့် မည်သည့်အခါမျှ အညှိခံဆွေးနွေးမည် မဟုတ်ဟု ပြောကြားထားသည်။ အီရန် နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဂျာဗက်ဇာအစ်က အီရန်သည် အမေရိကန်နှင့် ညှိနှိုင်းဆွေးနွေးဖွယ်ရာမရှိကြောင်း၊ သမ္မတထရန့်က အီရန်နှင့် ဆွေးနွေးပွဲဖြစ်နိုင်ကြောင်း ယုံကြည်နေသည်ကို နားမလည်ပါကြောင်း၊ အမေရိကန်၏ လုပ်ရပ်များမှာ လက်ခံနိုင်ဖွယ်မရှိကြောင်း မေ ၁၇ တွင် ပြောကြားခဲ့သည်။

အမေရိကန်အစိုးရ၏ စီးပွားရေးနှင့် နိုင်ငံရေးဖိအားပေးမှုများကြောင့် အီရန်နိုင်ငံသည် အလုံးစုံစစ်နှင့် ရင်ဆိုင်နေရကြောင်း သမ္မတဟာက်ဆန်ရူဟာနီက ပြောကြားထားသည်၊ ဆက်လက်ပြီး သမ္မတက ဆယ်စုနှစ်များစွာအတွင်း ကြုံတွေ့ခဲ့ဖူးခြင်းမရှိသည့် အလုံးစုံစစ်နှင့်ကြုံတွေ့နေရချိန်တွင် အီရန်ပြည်သူများအနေနှင့် စည်းလုံးညီညွတ်မှုရှိရန်လည်း တိုက်တွန်းခဲ့သည်။ သမ္မတရူဟာနီက ၂၀၁၅ ချူကလီးယား သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြသော ရုရှား၊ တရုတ်၊ ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံများအနေနှင့် အမေရိကန်၏ တရားလက်လွှတ်လုပ်ရပ်ကို ဟန့်တားကြပါရန်နှင့် အကယ်၍ ယင်းသို့မလုပ်နိုင်ပါက အီရန်သည် ယူရေနီယံသန့်စင်ခြင်း၊ ရေလေးထုတ်လုပ်ခြင်း အပါအဝင် ချူကလီးယား အစီအစဉ်ကို ပြန်လည်စတင်မည်ဟု သတိပေးခဲ့သည်။

အီရန်ကာကွယ်ရေးဝန်ကြီး အာမာဟာတမီက အီရန်နိုင်ငံသည် ပြည်ပအန္တရာယ်ကို ရင်ဆိုင်ရန် လက်နက်အင်အားဘက်စုံပြင်ဆင်ထားပြီဟု မေလ ၁၅ တွင် ပြောကြားခဲ့သည်။ အီရန်နိုင်ငံသည် လက်ရှိတွင် စစ်ဆေးရေးအရ ကာကွယ်ရေးစွမ်းရည် အမြင့်ဆုံးတွင် ရှိနေကြောင်း၊ နိုင်ငံ၏ ကာကွယ်ရေးစွမ်းရည်ကို တိုးမြှင့်ရန် မည်သည့်အစီအစဉ်ကိုမဆို အီရန်နိုင်ငံအနေနှင့် လက်လျှော့မည်မဟုတ်ကြောင်းလည်း အီရန်ကာကွယ်ရေးဝန်ကြီးက ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ၂၀၁၆ သမ္မတရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုများအတွင်း ပြည်ပရောက် အမေရိကန်တပ်ဖွဲ့များကို ပြန်လည်ခေါ်ယူမည်ဆိုသော ကတိကဝတ်ဖြင့် သမ္မတဖြစ်လာသူ ဖြစ်သည်။ သမ္မတထရန့်သည် ပြည်ပအစိုးရတရပ်ကို ဖြုတ်ချရေးအတွက် အမေရိကန်တပ်ဖွဲ့များ စေလွှတ်သင့်သည်ဆိုသော အယူအဆကို လက်မခံပေ။ သမ္မတသည် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလက ဆီးရီးယားနိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်အချို့ကို ပြန်လည်ရုပ်သိမ်းခဲ့သည်။ ထို့ပြင် သမ္မတထရန့်အစိုးရသည် အာဖဂန်နစ္စတန်နိုင်ငံတွင် တာလီဘန်စစ်သွေးကြွများနှင့် စေ့စပ်ဆွေးနွေးနေပြီး အောင်မြင်ပါက အာဖဂန်မှ အမေရိကန်တပ်ဖွဲ့များ ရုပ်သိမ်းရန် မျှော်မှန်းထားသည်။

ထို့ကြောင့် သမ္မတထရန့်သည် အီရန်နှင့် စစ်တိုက်ရန် အမေရိကန်တပ်ဖွဲ့ဝင် ၁၂၀,၀၀၀ ခန့်ကို အရှေ့အလယ်ပိုင်းဒေသသို့ စေလွှတ်ဖွယ်မရှိပေ။ အလားတူ အီရန်နိုင်ငံနှင့် ၎င်းထောက်ခံအားပေးသည့် အဖွဲ့အစည်းများကလည်း မိုက်ရူးရဲဆန်ဆန် အရှေ့အလယ်ပိုင်းရှိ အမေရိကန်တပ်ဖွဲ့များကို တိုက်ခိုက်ဖွယ်မရှိကြောင်း၊ သို့သော် သမ္မတထရန့်အစိုးရ၏ မဆင်မခြင် မူဝါဒများကြောင့်လည်းကောင်း၊ အီရန်နှင့် ၎င်း၏ မဟာမိတ်အဖွဲ့အစည်းများ အယောင်ဆောင်ပြီး အခြားအင်အားစုတစုက ပါရှန်ပင်လယ်ကွေ့တွင် ဖြန့်ကြက်ထားသော အမေရိကန်တပ်ဖွဲ့များကို တိုက်ခိုက်လာပါခဲ့လျှင်လည်းကောင်း အရှေ့အလယ်ပိုင်းဒေသ၌ နောက်ထပ်စစ်ပွဲတပွဲ အချိန်မရွေးဖြစ်ပေါ်လာနိုင်ကြောင်း စစ်ရေးကျွမ်းကျင်သူများက သုံးသပ်ကြသည်။

**S.M**

***Ref; (The New York Times)***

## စာ–၃၀ (လူငယ်တွေ ဘာကြောင့် စာမဖတ်ကြတာလဲ) မှအဆက်

ရာနှုန်းပြည့် စာမဖတ်ကြဘူးဆိုရင်တောင် အနည်းဆုံးတော့ စာအုပ်ကို ကောက်ကိုင်ကြည့်တာမျိုး၊ ဟိုလှန်ဒီလှော လုပ်တာမျိုးတွေကိုတော့ ပြုလုပ်ကြမှာ မလွဲပါဘူး။ ဒီလိုနဲ့ပဲ တစတစနဲ့ စာဖတ်တဲ့ အလေ့အကျင့်ကောင်းလေးတွေ ကိန်းအောင်းလာအောင် ထူထောင်သွားကြရတာပဲ ဖြစ်ပါတယ်။

စာဖတ်တဲ့ ပတ်ဝန်းကျင်ကြောင့် အချို့သော ဆယ်ကျော်သက်လူငယ်လေးတွေ စာပေကို ဖတ်ရှုလာကြတယ်ဆိုတာနဲ့ပတ်သက်ပြီး ကိုယ်တွေ့လေး တခုလောက် ပြောချင်ပါတယ်။ စာရေးသူဟာ အစိုးရထုတ် နေ့စဉ်သတင်းစာတစောင်ကိုမှာယူကာ ဖတ်ရှုလေ့ရှိပါတယ်။ စာရေးသူတို့ဆီကို သတင်းစာက ၁၁ နာရီ ဝန်းကျင်လောက်မှ ရောက်လာလေ့ရှိတတ်ပါတယ်။ စာရေးသူဟာ နံနက် ၁၀ နာရီလောက်ဆိုရင် သတင်းစာကို လည်တဆန့်ဆန့်နဲ့ မျှော်နေတတ်ပါပြီ။ ဒါက တရက်တည်းမဟုတ်ပါဘူး။ နေ့စဉ်နှင့်အမျှဖြစ်ပါတယ်။ တခါတရံ ရာသီဥတုမကောင်းလို့ သတင်းစာရောက်မလာတဲ့ နေ့ရက်များဆို နေမထိထိုင်မသာဖြစ်ရတတ်ပါတယ်။

စာရေးသူ သတင်းစာဖတ်လေ့ရှိတာ၊ သတင်းစာကို စောင့်မျှော်လေ့ရှိတတ်တာကို အတူနေတဲ့ ခုနစ်တန်းကျောင်းသားလေးက မျက်မြင်ကိုယ်တွေ့ဖြစ်ပါတယ်။ အရင်က အဲဒီကလေးရဲ့ပတ်ဝန်းကျင်မှာ စာအုပ်စာပေမရှိဘူး။ စာဖတ်တဲ့ ပတ်ဝန်းကျင်မရှိဘူး။ အခု အဲဒီကလေးရဲ့ပတ်ဝန်းကျင်မှာ စာအုပ်တွေ သတင်းစာတွေ ရောက်ရှိလာတယ်။ စာဖတ်တဲ့အလေ့အကျင့်ရှိသူရောက်ရှိလာတယ်။ ကလေးဖြစ်သူရဲ့စိတ်သဘောထားဟာ လုံးဝပြောင်းလဲသွားပါတယ်။ နောက်ပိုင်းမှာတော့ စာရေးသူနည်းတူ သတင်းစာကိုတစိုက်မတ်မတ် ဖတ်ရှုသူတယောက် ဖြစ်လာပါတော့တယ်။ သတင်းစာအလာနောက်ကျရင် သတင်းစာရောက်မလာသေးဘူးလားလို့ မေးယူတဲ့အဆင့်ထိ ဖြစ်လာပါတယ်။

သတင်းစာကို စောင့်မျှော်ကာ ဖတ်ရှုတတ်တဲ့အထိ စာပေဖတ်ရှုမှုမှာ ခုံမင်လာခဲ့ပါတယ်။ ရောက်လာတဲ့သတင်းစာကိုလည်း ကနဦးဖတ်ချင်တဲ့ အာသီသရှိနေတတ်တာကို သတိထားမိပါတယ်။ အခါအားလျော်စွာ စာရေးသူကိုယ်တိုင်ပင် အဲဒီခုနစ်တန်း ကျောင်းသားကလေး သတင်းစာဖတ်ပြီးသည့်တိုင်အောင် စိတ်ရှည်စွာ စောင့်စားပေးနေရတတ်ပါတယ်။

ရံဖန်ရံခါ စာရေးသူ အိပ်ရာဘေးက စာအုပ်စင်လေးနားကို ရောက်လာတတ်တယ်။ စာအုပ်စဉ်ပေါ်က စာအုပ်တွေကို ယူငင်ဖတ်ရှုတာမျိုးမဟုတ်ဘဲ စာအုပ်စင်ဘေးက သတင်းစာအဟောင်း၊ ဂျာနယ်အဟောင်းလေးတွေကို လာရောက်ဖတ်ရှုခြင်းပဲဖြစ်ပါတယ်။ ခုနစ်တန်းကျောင်းသားအရွယ်တဦးဟာ သတင်းစာထဲက ဘယ်အကြောင်းအရာကိုဖတ်သလဲ၊ ဘယ်အရာမျိုးကို စိတ်ဝင်တစားဖတ်သလဲဆိုတာကို အကဲခတ်ကြည့်မိခဲ့ပါတယ်။

**တကယ်တော့ သတင်းစာထဲကစာတွေကို ဖတ်တာက နည်းပါးတာကိုတွေ့ရပြီး အများအားဖြင့်တော့ ရုပ်ပုံကားချပ်တွေကို လိုက်လံကြည့်ရှုတာပဲဖြစ်ပါတယ်။ စာဖတ်တာမတွေ့ရဘူးဆိုပေမဲ့လည်း စာလုံးအမည်းနဲ့ ခပ်ထူထူရေးထားတဲ့ခေါင်းစီးမျိုးကိုတော့ ဖတ်လေ့ရှိပါတယ်။ စာလုံးအမည်းရဲ့အောက်က အကြောင်းအရာတွေကိုတော့ဖတ်ဖို့ရာ အလွန်တရာခဲယဉ်းနေပုံပေါက်ပါတယ်။** တခါတရံ နိုင်ငံရေးအကြောင်းအရာသတင်းတွေနဲ့ အခြားစိတ်ဝင်စားစရာ သတင်းအတိုအထွာလေးများဆိုရင်တော့ ပြီးဆုံးအောင် ဖတ်လေ့ရှိပါတယ်။ သတင်းစာထဲမှာပါတဲ့ ဆောင်းပါး အရှည်မျိုးတွေကိုတော့ ဖတ်ဖို့ဆိုတာ အင်မတန်မှ ဝေးလွန်းလှပါတယ်။

ကျန်းမာရေး အသိပေးနှိုးဆော်တဲ့ ဆောင်းပါးမျိုးပါလာခဲ့ရင်တော့ ခေါင်းစီးကိုသာမကဘဲ အောက်က စာသားကိုပါ ဖတ်ကြည့်ဖို့ စာရေးသူက တိုက်တွန်းကြည့်ပေမဲ့ တုံ့ပြန်စကားကတော့ "ဖတ်ဖို့မလိုတော့ပါဘူး။ ခေါင်းစီးဖတ်လိုက်တာနဲ့တင် ဘာကိုဆိုလိုတယ်ဆိုတာ သိနေပြီပဲ။ အဓိကကတော့ ကွမ်းယာမစားဖို့၊ ဆေးလိပ်မသောက်ဖို့၊ အရက်မသောက်ဖို့၊ အဲဒီအရာတွေက ကျန်းမာရေးကို ထိခိုက်တယ်ဆိုတဲ့ အကြောင်းတွေပဲ"တဲ့၊ စာရေးသူသဘောကျမိပါတယ်၊ ဟုတ်ပေသားပဲ။ ဒီအရွယ်နဲ့ ဒီလောက်စာသားတွေကို ဖတ်နေဖို့လည်း မလိုဘူးလေ။ ဖတ်နိုင်ရင်တော့ အကောင်းဆုံးပေါ့။

ဒီအရွယ်မှာ သတင်းစာကို လှန်လှောကြည့်ပြီး သတင်းခေါင်းစီးလေးတွေကို ဖတ်နေတာ၊ ရုပ်ပုံလေးတွေကို ကြည့်ရှုနေတတ်တာ၊ ဆောင်းပါးခေါင်းစီးလေးတွေကို ဖတ်တာ၊ ကာတွန်းကွက်လေးတွေကိုကြည့်ပြီး အဓိပ္ပာယ်ကောက်ကာ သဘောကျနေတတ်တာလေးကိုက ကျေနပ်ဖို့ကောင်းနေခဲ့ပါတယ်။ နောင်လာမည့် သုံး၊ လေးနှစ်ဆိုရင်တော့ ဒီလိုအနေအထားမျိုးကနေ အပြောင်းလဲကြီးပြောင်းသွားပြီး စာပေါင်းစုံ၊ အကြောင်းအရာပေါင်းစုံကို ဖတ်ရှုလေ့လာသွားနိုင်မယ်ဆိုတာ မြေကြီးလက်ခတ် မလွဲပါဘူး။

အဲဒီတော့ပြောချင်တာက လူငယ်တွေစာဖတ်လာဖို့အတွက် ပတ်ဝန်းကျင်ကလည်း အရေးကြီးပါတယ်။ စာအုပ်စာပေတွေရှိတဲ့ ပတ်ဝန်းကျင်၊ စာဖတ်မြဲတဲ့ ပတ်ဝန်းကျင်မှာနေထိုင်တဲ့ လူငယ်တယောက်ကို စာဖတ်ချင်စိတ်ရှိလာအောင် သိပ်ပြီးဆွဲဆောင်နေဖို့ မလိုတော့ပါဘူး။ အလိုအလျောက် စာဖတ်ချင်စိတ်တွေ ကိုင်းညွတ်လာပါလိမ့်မယ်။

***ကြယ်စင်စိုး(မန္တလေး)***

www.free4readers.com



www.free4readers.com



# အသက်ချင်းတော့ဖြင့် အတူတူ

စုးစုး(ကောလင်း)



ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံရှေ့တွင် မြင်ရသော ကမ္ဘာလှည့်ခရီးသည်ပို့ဆောင်ရေးကား(၂၂ မေ ၂၀၁၉)

ဓာတ်ပုံ-ရွှေဖိုး

မြန်မာ့အမျိုးသားလေကြောင်းလိုင်းမှ လေယာဉ်မှူးကြီးနှင့် အဖွဲ့သားများကို ချီးကျူးကြတာတွေ၊ ဂုဏ်ပြုကြတာတွေကို မြင်ရတော့ မင်္ဂလာရှိပါပေသည်ဟု ခံစားရပါသည်။ ခက်ခဲသောအနေအထားတခုတွင် မှန်ကန်ရဲရင့်သည့် ဆုံးဖြတ်ချက်ကိုချနိုင်ပြီး အကောင်းဆုံးလုပ်ပြကာ လိုက်ပါလာကြသည့် ခရီးသွားပြည်သူတွေ၏ အသက်ကို ကယ်တင်နိုင်ခဲ့ခြင်းမှာ နှုတ်လှူသာဓုခေါ်မည့် အလုပ်ပင်။ ပြည်သူတွေကို ဝေဟင်ခရီးမောင်းနှင် ပို့ဆောင်ရသည့် လေယာဉ်မှူးမှန်သမျှကို အမြဲမပြတ် ဆေးစစ်ပေးခြင်းတွေ၊ အနားယူချိန်အပြည့် အဝနားစေခြင်းတွေ လုပ်ဆောင်ခိုင်းသည်ဟု ကြားဖူးပါသည်။ ကောင်းပါ၏။

ထိုအခါမိမိက ဘဝတလျှောက် တွေ့ကြုံခင်မင်ခဲ့ရသည့် တိုးရစ်များအား တင်ဆောင်မောင်းနှင်ရသည့် တိုးကားဆရာများအား မြင်ယောင်လာမိတော့သည်။ ခရီးသွားအလာများသည် ပွင့်လင်းရာသီရောက်ပြီဆိုလျှင် လနဲ့ချီ၍ မအားမလပ်မောင်းကြရသည်။ လေဆိပ်မသွားခင် ဂိုက်ဖြစ်သူ၏အိမ်ရှေ့တွင် ကြိုကြိုတင်တင်ရောက်နေကြရသည်။ ပြီးတော့ တနေကုန်တနေခန်းသာမက ညစာပြီးချိန် နေဝင်မိုးချုပ်အထိ မောင်း။ ဧည့်သည်တို့ကို ဟိုတယ်လိုက်ပို့၊ ဂိုက်ဖြစ်သူ၏အိမ်ကိုလည်း ပြန်လိုက်ပို့၊ သို့သော် မပြီးသေး။ ကားသန့်ရှင်းရေးလုပ်ရသေးသည်။ ကားကြီးသမားတွေဆိုလျှင် ကိုယ့်အိမ်ကိုယ့်ယာလည်း ပြန်မအိပ်နိုင်တော့ဘဲ ဖြစ်သလို ကားကြီးတွေပေါ်တွင်ပင်အိပ်ကာ မနက် ၃ နာရီလောက်ကျတော့ တခါပြန်ထရ၏။ ဒါမှသာလျှင် မနက် ၆ နာရီဝန်းကျင်လောက်ထွက်မည့် လေယာဉ်ချိန်မီမည်ဖြစ်သည်။

တရက်၂၄ နာရီတွင် အိပ်ချိန် ၃ နာရီ ၄ နာရီလောက်သာရှိသော်လည်း နောက်တရက်ကျတော့ နားရသလားမတွေးပါနှင့်။ ထိုအတိုင်းပင် ရက်ပေါင်းများစွာ ဆက်ကာဆက်ကာ အလုပ်လုပ်ရသည်။ ကြာတော့ ပိုက်ဆံလိုချင်၍သာ လုပ်နေရသော်လည်း လူတွေက ကြောင်စီစီတွေဖြစ်ကာ မျက်လုံးနှစ်လုံးပိတ်ကျမသွားရအောင် ကော်ဖီတွေနာနာသောက်၊ ကြံုရင်ကြံုသလို ကွမ်းတဖွတ်ဖွတ်ဝါးကာ သံမဏိလူသားတွေကဲ့သို့ လုပ်ကြရ၏။ လူက ဘယ်လောက်နားချင်နားချင် သတိတချက်မလွတ်ရဲ။ ကားပေါ်တွင်ပါလာသည့် နိုင်ငံခြားသားခရီးသွားများကို လိုရာပို့ပေးရာတွင် စိတ်ကလည်း ထိန်းထားရသေးသည်။ ထင်သလို စွတ်စက်မောင်းမရ။ မြန်မြန်မောင်းပါက ဘေးကရှုခင်းတွေ၊ အဆောက်အဦတွေက မကြည့်ရဘဲဖြစ်တော့မည်။ ကိုယ့်ရှေ့တွင် မတော်တရော်မောင်းသွားသူတွေတွေ့ပါကလည်း ထဆဲလို့ကမဖြစ်။ နိုင်ငံခြားသားတွေရှေ့ဆိုတော့ ရုပ်မပျက်အောင် အိနြေ္ဒကလည်း ဆောင်ရသေး။

လူတွေကိုလည်း ကြည့်ရှောင်ရသည်။ အဝေးပြေးလမ်းမကြီးတွေပေါ်ဆိုရင်လည်း ဒီအတိုင်းလွှတ်ထားတတ်ကြသည့် ပိုင်ရှင်မဲ့ခွေးတွေကလည်း တပုံတပင်။ ခွေးတွေကလည်း သူတို့ကို တက်မကြိတ်မှန်းသိသဖြင့် မခန့်လေးစားလုပ်ချင်သေးသည်။ ''လူမလေး ခွေးမခန့်''ဆိုသည်မှာ ဒါပဲဖြစ်မည်။ စက်ဘီးစီးသူတွေ မရှိသလောက်ဖြစ်လာပြီး ဆိုင်ကယ်လေးတွေဝယ်၍တက်ခွကာ ယာဉ်စည်းကမ်းလမ်းစည်းကမ်း မသိဘဲ မောင်းနေကြသည့်သူတွေကို ကြည့်ရှောင်ရသည့် ဒုက္ခကလည်းမသေး။ ထိုအခါ မတီးမဖြစ် ဟွန်းတွေတီးရသည်။ သို့သော် ၃ ကြိမ်လောက် တီးချင်မှ တကြိမ်လောက်ပဲ ဟွန်းတီးလို့ရသည်။ နိုင်ငံခြားသားများသည် ဟွန်းတီးလွန်းတာကိုလည်း မကြိုက်သောကြောင့်ဖြစ်၏။

ထို့ကြောင့် မိမိသည်ကားဆရာများအား ချီးကျူးမိသလို ကျေးဇူးလည်းတင်မိသည်။ လေယာဉ်ပျံကမှ အန္တရာယ်အနေအထားရောက်သည်ဆိုသည်မှာ ကြုံတောင့်ကြုံခဲဟု ပြောလို့ရသေးသည်။ မြေပြင်တွင် မောင်းနေရသည့် ကားဆရာများကတော့ အန္တရာယ်အနေအထားကို မိနစ်တိုင်းကြုံနေရသည်။ သတင်းတွေထဲမှာ ကားတိမ်းမှောက်၍ အသက်သေဆုံးသွားကြ၊ ဒဏ်ရာတွေရသွားကြလျှင် သာမန်သတင်းလောက်ပဲထင်ကြသည်။ အဲ လေယာဉ်တခုခုဖြစ်၍ အသက်ဆုံးရှုံးကြပြီဆိုလျှင်တော့ တကမ္ဘာလုံး အုတ်အော်သောင်းတင်း ပြောမဆုံးတော့။ အသက်ချင်းတန်ဖိုးမတူလို့လား။ ဆိုက်ကားစီးရင်းသေသေ၊ ကားစီးရင်းဖြစ်ဖြစ်၊ မြင်းလှည်းပဲမှောက်မှောက်၊ လေ့ချင်းတိုက်လို့ပဲဖြစ်ဖြစ် သေကြကျေကြရတာချင်းကတော့ အတူတူပင်။

အနောက်နိုင်ငံများရှိ ခရီးသည်တင် ကားမောင်းသမားများသည် အိပ်ချိန်နားချိန် အပြည့်ယူရသည်။ မိမိတို့ မြန်မာခရီးသွားများဖြင့် ခရီးသွားသည့်အခါ ဥရောပရှိ ကားဆရာများက သူတို့၏စည်းကမ်းချက်များကို အရင်ဖတ်စေ၏။ သူသည် မောင်းချိန်ဘယ်လောက်ပဲမောင်းမည်။ ဘယ်နှနာရီမောင်းပြီးတိုင်း ခြေညောင်းလက်ဆန့်နားမည်။ ညဖက် နားချိန်အိပ်ချိန် ၁၁ နာရီတိတိပြည့်ပြီးမှသာ နောက်တရက် ဆက်ထွက်မည် စသည်ဖြင့်ဖြစ်သည်။ သူ့အလုပ်ချိန်ကို ၅ မိနစ်လောက်ကျော်သွားပါကလည်း တနာရီစာ ပိုက်ဆံအပြည့်တောင်းတာ ခံရဖူးသေးသည်။ သူတို့က စေတနာပိုပြီးလည်း ကိုယ်တွေကို မောင်းပေးလို့မရ။ ကားထဲရှိကွန်ပျူတာစနစ်အရ ကားထွက်ချိန်၊ မောင်းချိန်၊ ရပ်ချိန်တွေကို အတိအကျမှတ်တမ်းတင်ထားသည်ဖြစ်ရာ၊ ပို၍အလုပ်လုပ်မိပါက သူတို့လည်း ဒဏ်ကြေးတွေ ယူရှိထောင်ချီ၍ ပေးဆောင်ရသည်ဟု ရှင်းပြကြသည်။ ခရီးစဉ်ရက်ဆက်အများကြီးလည်း မမောင်းရ၊ နားကိုနားရသေးသည်။ ဥပဒေရှိ၏။

သူတို့လုပ်တာ မှန်သည်ဟုပြောရမည်။ လူပေါင်းများစွာကိုတင်ဆောင်၍ မောင်းနှင်နေရသူသည် အိပ်ချင်မူးတူးဖြစ်နေလို့မရ။ အားနည်းနုံးချည့်နေ၍မဖြစ်။ လူ့အသက်တွေသည် သူ့လက်ထဲတွင်ရှိ၏။ မိမိက တိုးဂိုက်မို့လို့ တိုးကားဆရာတွေအကြောင်း ပြောသော်လည်း YBS ကယာဉ်မောင်းတွေ၊ အခြားအခြားသော လိုင်းကားမောင်းနေသူများ၊ သင်္ဘောမောင်းနှင်သူများစသည်ဖြင့် အားလုံးပါပါသည်။ သူတို့တွေသည် နားချင်ပါသော်လည်း မနားရဲ။ နားချင်ပါသည်ဟု တောင်းဆိုမိပါက အလုပ်ပြုတ်သွားချင်ပြုတ်သွားနိုင်ခြေရှိသည်။ သူ့နေရာ အစားထိုးဝင်မည့်သူတွေက နောက်တွင်တန်းစီနေမှန်းသိသောအခါ ကြိတ်မှိတ်၍လုပ်နေရခြင်းလည်းဖြစ်မည်ဟု တွေးမိပါသည်။ အဓိကပြဿနာမှာ အလုပ်ရှားခြင်းဖြစ်ပေမည်။

အလုပ်အကိုင်ရှားပါးခြင်းကတကြောင်း၊ ခိုင်မာသည့်ဥပဒေကလည်း မရှိသေးဖြစ်နေရာ လွှတ်တော်ကအမတ်မင်းများ ဒီလိုကိစ္စမျိုးတွေကိုလည်း ဥပဒေပြုပေးကြလျှင် ကောင်းပေမည်။ လေယာဉ်စီးသည့်ခရီးသည်မှ အသက်ပါသည်မဟုတ်။ ရန်ကုန်၊ မော်လမြိုင် ဘတ်စကားစီးသည့်ခရီးသည်၏ အသက်သည်လည်း အသက်ပင်ဖြစ်သည်။ နို့မဟုတ်ပါက လူ့အသက်တွေထက် လေယာဉ်ပျံတွေ၏ဈေးမှာ ကြီးမားလွန်းလှသောကြောင့် လေယာဉ်တွေကိုပဲ ဘာမှမဖြစ်စေလိုသလိုကြီးဖြစ်နေသည်ဟု တွေးရမလိုဖြစ်နေတော့သည်။ ဆင်းရဲသားနိုင်ငံဖြစ်သောကြောင့် လေယာဉ်တစီး၏ တန်ဖိုးမှာ တနင့်တပိုးဖြစ်သည်ဆိုတာတော့လည်း မငြင်းနိုင်ပါ။ သို့သော် လူ့အသက်ထက် ဘာမှပိုအရေးမကြီးသောကြောင့် အများပြည်သူတို့အားတင်ဆောင်ကာ မောင်းနှင်ပေးနေရသည့် မည်သည့်ယာဉ်မောင်းမျိုးကိုမဆို သတ်မှတ်ချိန်ထက်ပို၍ မမောင်းနှင်စေဘဲ စည်းနှင့်ကမ်းနှင့် အချိန်နှင့်အချိန်မောင်းနှင်စေမည့် အချိန် မကြာခင်ရောက်လာပါစေဟု မျှော်လင့်နေမိပါသည်။

''ထို့ကြောင့် မိမိတို့ဆီတွင်လည်း လူတယောက်မခံနိုင်တဲ့အထိ မဟားတရားတွေ မလုပ်ခိုင်းသင့်ဘဲ နားချိန်နား၊ စားချိန်စားဖြင့် လူပီပီသသနေခွင့်ရကြလျှင် အန္တရာယ်ကင်းစင်သည့် သို့မဟုတ် အန္တရာယ်နည်းပါးသည့် လူ့ဘောင်လောကကြီးဖြစ်လာမည်ဟု ယုံကြည်နေမိပါသည်။ နို့မဟုတ်ပါက အအိပ်ပျက် အစားမမှန် ဒေါထန်နေသည့် ကားဆရာများ၊ ယာဉ်မောင်းများ သံတုတ်စွဲကိုင် ဆဲဆိုရိုက်နှက်ကြသည့် သတင်းများ၊ ယာဉ်တိမ်းမှောက် သေဆုံးမှုသတင်းများ မကြာခဏမြင်တွေ့ကြုံဆုံနေရပေမည် . . .''

ယာဉ်မောင်းသူတွေသာမဟုတ် တရက်ထဲ လူနာတွေအများကြီးကို ကြည့်ရှုပေးနေသည့် ဆရာဝန်လို လူတွေသည်လည်း လူတယောက် အလုပ်လုပ်နိုင်သည်ထက်၊ အာရုံစူးစိုက်နိုင်သည့်ဝန်ထက် များပြားကျော်လွန်လာသောအခါ လူနာတွေအပေါ် ကုသမှုများသည်လည်း ထိရောက်မှုအနည်းနှင့်အများဆိုသလိုနည်းပါးလာပေမည်။ ထိုအခါ စိတ်လည်းမရှည်နိုင်တော့ဘဲ မြန်မြန်ကြည့် များများပြီးစနစ်ဖြင့် စိတ်တွေတိုနေကာ သဟောက်သဟန်းတွေ ဖြစ်ကုန်ကြသည်မှာ ထူးဆန်းသည်တော့မဟုတ်ပေ။ ဒီတော့လည်း ကောင်းကောင်းမွန်မွန်ဆက်ဆံတာခံချင်သည့် လူလတ်တန်းစားတော်တော်များများလည်း အိမ်နီးချင်းနိုင်ငံတွေထွက်ကာ ဆေးကုသမှုတွေ ခံယူလာကြကုန်တော့သည်။

ဥရောပရှိ တိုးရစ်ဂိုက်များမှာလည်း နာရီပိုင်းနှင့် အလုပ်လုပ်ကြတာများသည်။ သူ့အချိန်စေ့ပြီဆိုလျှင် လမ်းတဝက်တွင်ပင်ဆင်းကာ တာ့တာဘိုင်ဘိုင် လုပ်သွားကြ၏။ စားဖိုမှူးများဆိုလည်း နေ့လယ်နှစ်နာခွဲနောက်ပိုင်းဆိုလျှင် ဘယ်သူမှ ချက်ပြုတ်မနေကြတော့ဘဲ စားဖိုဆောင်ပိတ်ပြီဟုသာ ပြောလွှတ်လိုက်ကြသည်။ ဆိုင်ပိုင်ရှင်မှ ''လူတွေအားနာစရာ ချက်ပေးလိုက်ပါဟယ်''ဟု ပြော၍မရ။ သူ့အခွင့်အရေးအရ သူ့အလုပ်ချိန်ကျော်လျှင် မည်သူမှအလုပ်မလုပ်ကြတော့။ ညနေပိုင်းကျမှသာ တခေါက်ပြန်ကာလုပ်ကြတော့သည်။ အပိုလုပ်ပေးစေချင်ပါကလည်း ထိုက်ထိုက်တန်တန်ပေးရသည်။ ဈေးဆိုင်တွေလည်း ထို့အတူပင်ဖြစ်သည်။ ထမင်းစားချိန်ဆိုင်ပိတ်ပြီး ညနေ ၄ နာရီလောက်မှသာ ပြန်ဖွင့်ကြသည်။ အရောင်းစာရေးမများမှာ ထိုနေ့လယ်နားချိန်တွင် အားကစားခန်းမသွားသူကသွား၊ အိမ်ပြန်အိပ်သူကအိပ်ဖြင့် တရက် ၈ နာရီသာ အလုပ်လုပ်ကြ၏။

ထို့ကြောင့် မိမိတို့ဆီတွင်လည်း လူတယောက် မခံနိုင်တဲ့အထိ မဟားတရားတွေ မလုပ်ခိုင်းသင့်ဘဲ နားချိန်နား၊ စားချိန်စားဖြင့် လူပီပီသသနေခွင့်ရကြလျှင် အန္တရာယ်ကင်းစင်သည့် သို့မဟုတ် အန္တရာယ်နည်းပါးသည့် လူ့ဘောင်လောကကြီးဖြစ်လာမည်ဟု ယုံကြည်နေမိပါသည်။ နို့မဟုတ်ပါက အအိပ်ပျက် အစားမမှန် ဒေါထန်နေသည့် ကားဆရာများ၊ ယာဉ်မောင်းများ သံတုတ်စွဲကိုင် ဆဲဆိုရိုက်နှက်ကြသည့် သတင်းများ၊ ယာဉ်တိမ်းမှောက်သေဆုံးမှုသတင်းများ မကြာခဏ မြင်တွေ့ကြုံဆုံနေရပေမည်။ လေယာဉ်ခရီးသည်တွေ၏အသက်ကို စိုးရိမ်စောင့်ရှောက်သလို အားလုံးအားလုံးသော ခရီးသည်တို့၏အသက်ကိုလည်း တန်းတူတန်ဖိုးထား စောင့်ရှောက်နိုင်ကြပါစေဟု ဆုတောင်းနေမိပါတော့သည်။

**စုးစုး(ကောလင်း)**

www.free4readers.com



# TRADE MARK CAUTION

Samsung C & T Corporation a company incorporated in Republic of Korea at 123, Olympic-ro 35 gil, Songpa-gu, Seoul, Republic of Korea is the Owner and Sole Proprietor of the following Trademark:-

SAMSUNG

Reg : No. 4/14198/2016, Reg : No. 4/2092/1997

In respect of : **Int'l Class 1** : 2-ethylhexanol, ecetic acid, ammonia, antioxidants, butadiene, catalysts, caustic soda for industrial purposes, cellulose derivatives (chemicals), chemical preparations for the manufacture of paints, diethyl malonate, diisopropyl malonate, diketene, dimethyl malonate, dimethylamine, dimethylformamide, epichlohydrine, ethoxylale, ethylene, ethylene amines, ethylene glycol, ethylene oxide, ethylene vinyl acetate, fatty amine, fertilizer, fire detergent agent, formic acid, fumed silica, furfuryl alcohol, hypochlorite of soda, isopropyl alcohol, melamine, methyl chloride, methyl meta acrylate, methylamine derivatives, methyl chloride, neopentyl glycol, photoresist, plasticizers, poly vinyl chloride, polycrystaline silicone, polyethylene, polymethylmeta acrylate, polypropylene, polytetrafluoro ethylene, polyvinyl butyral film, potassium sorbate, propylene, purified lerephthalic acids, refrigerants, semi-processed synthetic resins, silicones, sodium carboxymethyl cellulose, styrene monomer, surface-active chemical agents, synthetic resins, tetramethyl ammonium hydroxide, tetramethyl ammonium chloride, toluene, trimethylamine hydrochloric acid, unprocessed acrylic resins, unprocessed artificial resins, unprocessed epoxy resins, unprocessed plastics, unprocessed synthetic resins, urea, UV chemical stabilizer, vulcanization accelerators.

In respect of : **Int'l Class 2** : agglutinants for paints, alizarine dyes, aluminium paints, aniline dyes, annatto, anti-rust preparations for preservation, bactericidal paints, binding preparations for paints, bitumen varnish, bright gold for ceramics, carbon black pigment, caramic paints, coatings for roofing felt [paints], cochineal carmine, coloring wood, distempers, enamels [varnishes], enamels for painting, fireproof paints, fixatives [varnishes], food colorant, glazes for paints or lacquers, glaziers' putty, indigo, ink for leather, lacquers, lam black pigment, oil cement [putty], primers, printing ink, saffron [colorant], siccatives [drying agents] for paints, silver paste, soot [colorant], thickeners for paints, thinners for lacquers, thinners for paints, titanium dioxide, undercoating for vehicle chassis, varnishes.

In respect of : **Int'l Class 4** : benzene, benzol, candles, combustible oil, crude oil, cutting fluids, cutting oil, denatured fuel alcohol, dust removing preparations, fuel gas, fuel with an alcoholic base, gas oil, gasoline, grease for belts, heavy oil, industrial oil, kerosene, LNG(liquefied natural gas), LPG(liquefied petroleum gas), lubricating grease, lubricating oil, methylated spirit, moistening oil, naphtha, non-slipping preparations for belt, oil for the preservation of leather, oils for paints, olefin, petroleum jelly for industrial purposes, solid fuels, stearine, synthetic petroleum, xylene.

In respect of : **Int'l Class 5** : acetates for pharmaceutical purposes, albuminous preparations for medical purposes, aldehydes for pharmaceutical purposes, alkaloids for medical purposes, anaesthetics, analgesics, angostura bark, antiseptics, bacterial poisons, candy for medical purposes, cardia remedies, cephalosporins, chemical contraceptives, chilblain preparations, chloroform, depuratives, detergents for medical purposes, diagnostic preparations for medical purposes, dietetic food preparations for medical use, digestives for pharmaceutical purposes, digitalin, disinfectants for hygiene purposes, drugs for circulatory organs, ergot for pharmaceutical purposes, ester for pharmaceutical purposes, ethers for pharmaceutical purposes, evacuants, eye-wash, febrifuges, ferments for pharmaceutical purposes, food additives (beta-carotine), gallic acid for pharmaceutical purposes, germicides, haematogen, haemorrhoid preparations, hemoglobin, herbicides, hormones for medical purposes, hydrastinine, hydrated chloral for pharmaceutical purposes, hydrogen peroxide for medical purposes, immunomodulators, iodides for pharmaceutical purposes, iodoform, medical preparations for slimming purposes, medicines for alleviating constipation, menthol, nervines, parasiticides, penicillin, pesticides, pharmaceutical preparations for skincare, phosphates for pharmaceutical purposes, potassium slats for medical purposes, poultices, preparations for cellulose, preparations for the treatment of burns, quinoline for medical purposes, sleeping drugs (melatonin), strychnine, sulphonamides for medicines, tinctures for medical purposes, tonics for medicine, tranquilizers, vermin destroying preparations, vitamin preparations.

In respect of : **Int'l Class 10** : operating tables, anaesthetic masks, artificial respiratory apparatus, arterial blood pressure measuring apparatus, elastic bandages, blood testing apparatus, condoms, non-chemical contraceptives, dental laser apparatus, infrared diagnostic equipment, digital endoscope imaging system, digital endoscopes, digital hearing aids, electrocardiographs, electrogastrographs, endoscopes, gloves for medical purpose, hearing protectors, hematimeters, hypodermic syringes, lasers for medical purpose, magnetic resonance imaging apparatus, non-invasive anemia diagnostics, pessaries, scinti-camera for breast cancer diagnostic purposes, sphygmomanometers, spirometers (medical apparatus), stents, syringes for injections, syringes for medical purposes, testing apparatus for medical purposes, thread (surgical), ultrasonic diagnostics.

In respect of : **Int'l Class 12** : airbags for land vehicles, airplanes, ambulances, antitheft alarms for vehicles, automobiles, bicycles, boats, brakes for vehicles, buses, concrete mixing trucks, converters for land vehicles, dredgers(boats), engines for land vehicles, fork lift trucks, gear boxes for land vehicles, glass windows for vehicles, helicopters, motorcycles, motors for land vehicles, racing cars, seat belts for vehicles, ships, shock absorbers for vehicles, starters for land vehicles, suspension systems for vehicles, tires for land vehicles, tractors, trailers [vehicles], transmission for land vehicles, trucks, universal joints for land vehicles.

In respect of : **Int'l Class 17** : metalized plastic film other than for wrapping, plastic film other than for wrapping, plastic hoses, plastic laminates, plastic oil fences, plastic pipes, plastic plates, plastic rods, plastic sheets, synthetic resins [semi-finished products], synthetic rubber, vinyl sheets.

In respect of : **Int'l Class 18** : alpenstocks, animal skins, artificial furs, backpacks, brief cases, business card cases, cattle skins, fur, handbags, imitation leather, luggage, parasols, passport cases, purses, rucksacks, shopping bags, suitcases, trunks [luggage], umbrellas, wallets.

In respect of : **Int'l Class 22** : artificial wool, awnings, camping tents, carbon fibers for textile use, sacks of textile for packaging, down[feathers], glass fibers for textile use, hammocks, hemp, jute, kapok, packing rope, polyethylene fishing nets, polyethylene ropes, ramie fiber, raw cotton, raw linen, raw or treated wool, raw silk, regenerated fiber, semi-synthetic fiber, synthetic fiber, textile fibers, waste cotton.

In respect of : **Int'l Class 23** : cotton thread and yarn, embroidery thread and yarn, fiberglass thread for textile use, hand knitting thread and yarn, hemp thread and yarn, linen thread and yarn, mixed cotton thread and yarn, mixed inorganic yarn, mixed spun silk, mixed woollen thread and yarn, ramie thread and yarn, rayon thread and yarn, regenerated yarn, rubber thread for textile use, semi-synthetic yarn, sewing thread and yarn, silk thread and yarn, spun silk, spun thread and yarn, synthetic yarn, threads of plastic materials for textile use, woollen thread and yarn, worsted yarn.

In respect of : **Int'l Class 25** : athletic uniforms, bathing caps, belts [clothing], blouses, caps [clothing], cardigans, coats, combination underwear, combinations [clothing], cuffs, dress shirts, dress suits, evening dresses, gloves [clothing], golf shoes, hats, jackets [clothing], jeans, jumpers, mountain-climbing boots, mufflers [clothing], muffs [clothing], neckties, nightgowns, one piece dresses, pajamas, safari jackets, sandals, scarves, shirts, shoes, shorts, skirts, slacks, socks, sports shoes nemely basketball shoes, baseball shoes, tennis shoes and soorner shoes, stockings, suits, suspenders for trousers, sweaters, swimsuits, tank tops, trousers, vests.

In respect of : **Int'l Class 28** : apparatus for electronic games other than those adapted for use with television receivers only; baseballs, baseball bats, baseball gloves, bowling balls, bowling gloves, fishing rods, footballs, golf bags, golf balls, golf clubs, roller skaters, ski poles, skis, tennis balls, tennis rackets, toys.

In respect of : **Int'l Class 35** : advertizing agencies, business research, commercial information agencies, credit examination, demonstration of goods, distribution of samples, import-export agencies, insurance contract research services, investment consulting service, investment information service, market studies, marketing research services, outdoor advertising, preparing advertisements for others, providing film advertising for others, providing television advertising for others, provision of commercial information, restaurants franchising, statistical information.

In respect of : **Int'l Class 36** : accident insurance underwriting, actuarial services, banking, call loan brokerage, capital investment agencies, car insurance services, cash management account services, certificate of deposit brokerage services, clearing house business [financial], commercial financial services, credit card services, exchanging money services, factoring, financial services for real estate leasing and purchasing, fire insurance underwriting, fligh insurance services, guarantee assurance underwriting, guarantee services, health insurance underwriting, installment loans, insurance agencies, insurance brokerage, investment advice, investment financial services, investment frusteeship,

*To be continued*

www.free4readers.com



# မီးလာရမည့်အချိန် အကြောင်းအမျိုးမျိုးပြ ဓာတ်အားဖြတ်တောက်နေသည့်ကိစ္စ ကွင်းဆင်းစစ်ဆေး အရေးယူပေးရန် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က လျှပ်စစ်ဒုဝန်ကြီးကို တိုင်ကြား

အချိန်ဇယားဖြင့် လျှပ်စစ်ဓာတ်အားဖြတ်တောက်နေသည်ဟုဆိုသော်လည်း ဓာတ်အားဖြတ်တောက်ရမည့်အချိန်တွင် အချိန်မှန်မှန်ဖြတ်တောက်နေပြီး ဓာတ်အားပေးရမည့်အချိန်တွင် အကြောင်းအမျိုးမျိုးပြကာ လျှပ်စစ်ဓာတ်အားဖြတ်တောက်နေမှုအပေါ် ကွင်းဆင်းစစ်ဆေး၍ ဥပဒေနှင့် မညီပါက ထိရောက်စွာအရေးယူပေးပါရန် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တဦးက လျှပ်စစ်နှင့်စွမ်းအင် ဒုတိယဝန်ကြီးထံသို့ တိုင်ကြားထားကြောင်း သတင်းရရှိသည်။




ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်က ၎င်း၏မြို့နယ်သည် အခြားမြို့နယ်များနည်းတူ လျှပ်စစ်ဓာတ်အား အဖြတ်ခံရသော်လည်း ဓာတ်အားရရှိမည့်အချိန်တွင်လည်း အကြောင်းအမျိုးမျိုးပြကာ လျှပ်စစ်ဓာတ်အား အဖြတ်ခံနေရသည့်အတွက် ယင်းကိစ္စအားကွင်းဆင်းစစ်ဆေး၍ ဥပဒေနှင့်အညီ အရေးယူပေးပါရန် မေလ ၂၀ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် လျှပ်စစ်နှင့်စွမ်းအင်ဒုဝန်ကြီးဒေါက်တာဦးထွန်းနိုင်နှင့် လူကိုယ်တိုင်တွေ့ဆုံကာ စာဖြင့်တိုင်ကြားခဲ့ခြင်းဖြစ်သည်။

"ရန်ကုန်မှာရှိတဲ့ မြို့နယ်တွေအားလုံးကို အချိန်ဇယားနဲ့ မီးပေးတယ်ဆိုတာ လက်ခံပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ မြို့နယ်မှာ များသောအားဖြင့် ပျက်ချိန်ပဲ တိတိကျကျပျက်ပြီး လာတဲ့အချိန်မှာလည်း တောက်လျှောက်ပျက်နေတာပေါ့။ အဲဒါကို မြို့နယ်လျှပ်စစ်မန်နေဂျာကို မေးကြည့်တော့ တ/ဒဂုံမြို့နယ်ကို လျှပ်စစ်ဓာတ်အားပေးနေတဲ့ သာကေတဓာတ်အားခွဲရုံကနေ မီးတွေဖြတ်ချနေတယ်ပေါ့။အဲလိုဖြတ်ချတော့ ကျွန်တော်တို့ မြို့နယ်လျှပ်စစ်ဓာတ်အားခွဲရုံကို ဘာလျှပ်စစ်မှမဝင်တဲ့အတွက် ပေးရမယ့်အချိန် မပေးဘူးဖြစ်နေတယ်ပေါ့။ မီးကိုအချိန်နဲ့ဖြတ်တယ်လက်ခံတယ်။ လာတဲ့အချိန်မှာလည်း ပြည့်ပြည့်ဝဝလိုချင်တဲ့သဘောပါ။ မီးလာရမယ့်အချိန်မှာ ပျက်သွားတယ်၊ တခုခုထူးခြားဖြစ်စဉ်ဖြစ်တယ်ဆိုရင် ကျွန်တော်တို့ကို အကျိုးအကြောင်းလေး ပြောသင့်တာပေါ့။ ဟိုတနေ့က ကျွန်တော့်မြို့နယ်မှာ မီးလာရမယ့်အချိန်မှာ မီးမလာဘူး။ တခြားရပ်ကွက်တွေ မီးလာတဲ့အချိန်မှာ ကျွန်တော်တို့ဆီ မီးမလာတော့လည်း အဲဒါကိုသတင်းပို့တဲ့အခါ အဲဒါက မီးလာချိန်ကျော်သွားလို့ မီးလာသော်လည်း ပေးလို့မရဘူးလို့ အကြောင်းပြန်တယ်။ လာရမယ့်အချိန် ပျက်နေတာကိုလည်း အစားပေးလို့မရဘူးတဲ့။ သာကေတဓာတ်အားခွဲရုံမှာက မီးပျက်ချိန်နဲ့ ပေးချိန်ဇယားမှာပေါ်နေတဲ့အတွက် ထုချေလွှာတောင်းပါလို့ ပြောတယ်။ အဲဒါနဲ့ပဲ ကျွန်တော်က ပြည်ထောင်စုဒုဝန်ကြီးကို တိုင်ကြားလိုက်တာပါ"ဟု ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးအေးနိုင်က News Watch သို့ပြောသည်။

လျှပ်စစ်နှင့်စွမ်းအင် ဒုတိယဝန်ကြီးထံသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တိုင်ကြားခဲ့သည့်စာတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်သည် ယခုနှစ်နွေရာသီတွင် အခြားသော မြို့နယ်များနည်းတူ အချိန်ဇယားဖြင့် လျှပ်စစ်ဓာတ်အားဖြတ်တောက်ခံရသည့် မြို့နယ်တခုဖြစ်ကြောင်း၊ သို့ရာတွင် လျှပ်စစ်ဓာတ်အားဖြတ်တောက်မည့် အချိန်တွင် ပြည့်ပြည့်ဝဝဖြတ်တောက်ခံရပြီး လျှပ်စစ်ဓာတ်အားပေးရမည့်အချိန်များတွင်လည်း အမြဲတမ်းဖြတ်တောက်ခံနေရကြောင်း ဖော်ပြထားသည်။

ထို့အပြင် ၎င်းနေထိုင်သည့် ၂၀ ရပ်ကွက်တွင် မေလ ၁၇ ရက် ညအချိန် ဓာတ်အားဖြတ်တောက်ခြင်းခံရခြင်း၊ မေလ ၁၉ ရက် မွန်းလွဲ ၂ နာရီ လာရမည့်အချိန်တွင် မီးမလာခြင်း၊ ညနေ ၄ နာရီခန့်လာပြီး ၄၅ မိနစ်အကြာ ပြန်ဖြတ်တောက်ခံရခြင်း၊ ယင်းနေ့ညနေပိုင်းအချိန်တွင် လာလိုက်/မလာလိုက် ၁၀ ကြိမ်ခန့် ဖြစ်ပွားခဲ့ကြောင်း၊ ယင်းခြေအနေအား မြို့နယ်လျှပ်စစ်ရုံးသို့ မေးမြန်းစုံစမ်းကြည့်ရာတွင် သာကေတဓာတ်အားခွဲရုံမှ မကြာခဏ (အမြဲတမ်း) ဖြတ်တောက်နေခဲ့သည်ဟု အကြောင်းပြန်ခဲ့ကြောင်း တိုင်ကြားစာတွင် ထည့်သွင်းရေးသားထားသည်။ ထို့အပြင် အဆိုပါကိစ္စအား ကွင်းဆင်းစစ်ဆေးပေး၍ အများပြည်သူမှ နိုင်ငံတော်အစိုးရအပေါ် ယုံကြည်မှုပျက်စေနိုင်ပါသဖြင့် ဥပဒေစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့် မညီညွတ်ပါက ထိရောက်စွာအရေးယူပေးရန် တင်ပြတိုင်ကြားခြင်းဖြစ်ကြောင်း တိုင်ကြားစာတွင် ရေးသားထားသည်။ အဆိုပါ တိုင်ကြားစာနှင့်ပတ်သက်၍ ဝန်ကြီးမှလည်း ကွင်းဆင်းစစ်ပေးမည်ဟု ကတိစကားပြောကြားခဲ့ပြီး အချိန်ကာလကိုမူ မပြောကြားခဲ့ကြောင်း ဦးအေးနိုင်က ပြောသည်။

လက်ရှိအချိန်တွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(YESC) သည် ရန်ကုန်တမြို့လုံးကို မေလဆန်းပိုင်းကစတင်၍ လျှပ်စစ်ဓာတ်အားကို အချိန်ဇယားဖြင့် အလှည့်ကျဝန်အားလျှော့မှု၊ အချိန်ပိုင်းဓာတ်အားဖြတ်တောက်မှုတို့ ဆောင်ရွက်နေခြင်းဖြစ်သည်။ သို့သော်လည်း အချိန်ဇယားဖြင့် မည်သို့ပင်လျှပ်စစ်ဓာတ်အား အလှည့်ကျပေးနေသည်ဖြစ်စေ အချို့မြို့နယ်များတွင် မီးလာမည့်အချိန်၊ မီးပျက်မည့်အချိန်များ ဇယားအတိုင်း မဟုတ် ကွဲလွဲမှုရှိနေသည်ဟု သုံးသပ်နေမှုများရှိနေသည်။ ထို့အပြင် မီးအချိန်ကြာဖြတ်တောက်မှုကို ခံနေရသည့် မြို့နယ်အချို့တွင်လည်း မီတာခကို ပုံမှန်ထက်ပိုမိုပေးနေရသည်ဟု ဝေဖန်မှုများရှိနေကြောင်း သိရသည်။

*လင်းလင်းအောင်*


## TRADE MARK CAUTION

Samsung Electronics Co., Ltd a company incorporated in Republic of Korea at 129, Samsung-ro, Yeongtong-gu, Suwon-si, Gyeonggi-do, Republic of Korea is the Owner and Sole Proprietor of the following Trademark:-

SAMSUNG

Reg : No. 4/14199/2016, Reg : No. 4/2093/1997

In respect of : **Int'l Class 14** : ankle bracelets; bracelets of precious metal; brooches [jewelry]; buckles of precious metal; chronometers; clocks; cuff links; earrings; necklaces [jewelry]; rings [jewelry]; stop watches; tie pins; watch bands; watch cases; watch glasses; watches.

In respect of : **Int'l Class 37** : installation, maintenance and repair of heating or freezing apparatus; computer installation and repair; construction and repair of residential and commercial building; construction and repair of warehouse; construction engineering; construction of pier and harbour; construction of waste disposal facilities; construction supervision; engine maintenance and repair; factory construction; installation and repair of amusement facilities; installation and repair of burglar and fire alarms; installation and repair of electric appliances; installation and repair of elevators; installation and repair of environmental pollution prevention equipment; installation and repair of telecommunication equipment; installation of water supply and drainage; installation, maintenance and repair of business and office machinery and equipment; insulation of building; maintenance and repair of airplane; park construction; photographic apparatus repair ; pipeline installation and repair ; plumbing services; power plant construction; rental of construction equipment; road paving; sealing and caulking of building; ship maintenance and repair; underwater construction; upholstering; vehicle maintenance and repair.

In respect of : **Int'l Class 38** : cable television broadcasting; cellular telephone services; communication by computer terminals; communication by facsimile; communication by satellite; communication by telegram; computer aided transmission of message and images; electronic mail services; new agencies; radio broadcasting; radio communication; radio or telephone paging services; rental of broadcasting equipment; satellite broadcasting; telephone communication services; television broadcasting; video teleconferencing services

In respect of : **Int'l Class 42**: architecture; art galleries; computer data processing; computer programming; computer software design; construction drafting; dress design; engineering and drawing of aircrafts, ships and cars; geological survey; health care; horticultural services; hospitals; hotels; industrial design; landscape gardening; medical clinics; packaging design; providing facilities for exhibitions; providing fashion information; rental of industrial robots; restaurants; sanitariums; security guard services; surveying; videotaping; vocational guidance.

Any fraudulent imitation, passing off or unauthorized use or other infringements of the said Trademark shall be dealt with according to law.

U Myint Lwin, Advocate
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs (Cardiff)
myint.advocate@mptmail.net.mm
myintip@mipadvocate.com
www.mipadvocate.com

U MYINT LWIN LAW OFFICE
No. 48/50, 1st Floor, 36th Street
Kyauktada Township, Yangon,
Myanmar., P.O.Box : 1126
PH : 95 1 373 344, 95 1 372 209
Fax : 95 1 371 990

25 May 2019

www.free4readers.com





# အမေရိကန် – အီရန် စစ်ရေးထိပ်တိုက်တွေ့မည်လော

SM

**အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ၂၀၁၆ သမ္မတရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုများအတွင်း ပြည်ပရောက် အမေရိကန်တပ်ဖွဲ့များကို ပြန်လည် ခေါ်ယူမည်ဆိုသော ကတိကဝတ်ဖြင့် သမ္မတဖြစ်လာသူ ဖြစ်သည်။ သမ္မတထရန့်သည် ပြည်ပအစိုးရတရပ်ကို ဖြုတ်ချရေးအတွက် အမေရိကန်တပ်ဖွဲ့များ စေလွှတ်သင့်သည်ဆိုသော အယူအဆကို လက်မခံပေ။**

အရှေ့အလယ်ပိုင်းဒေသတွင် အမေရိကန်ပြည်ထောင်စု၏အဓိကအကျဆုံး မဟာမိတ်နှစ်နိုင်ငံမှာ အစ္စရေးနှင့် ဆော်ဒီအာရေဗျဘီးယားနိုင်ငံတို့ဖြစ်ကြသည်။ အဆိုပါနှစ်နိုင်ငံလုံး၏ ဒေသတွင်းမဟာပြိုင် ဘက်နှင့် အခါးသီးဆုံးရန်သူမှာ အီရန်နိုင်ငံဖြစ်သည်။ အီရန်သမ္မတဟောင်း အမာဒီနီဂျက်က ဒုတိယကမ္ဘာ စစ်အတွင်း ဥရောပတိုက်တွင်ဂျူးလူမျိုးများ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်းခံခဲ့ရသည်ဆိုခြင်းမှာ အမှန်တကယ်ဖြစ်ရပ်မဟုတ်ကြောင်းနှင့် အစ္စရေး(ဂျူး)နိုင်ငံကို ကမ္ဘာ့မြေပုံပေါ်မှ ပျောက်ပျက်အောင်လုပ်ဆောင်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့ဖူးသဖြင့် အစ္စရေးနိုင်ငံက အကြီးအကျယ်ဒေါသထွက်ခဲ့သည်။ တဖက်တွင် အီရန်နိုင်ငံက နျူကလီးယားလက်နက်ပိုင်ဆိုင်ရေး ကြိုးပမ်းလာခဲ့သည်။ အကယ်၍ အီရန်သာနျူကလီးယားလက်နက်ရရှိသွားပါက အစ္စရေးနိုင်ငံ၏တည်ရှိရေးကို အန္တရာယ်ပြုလာနိုင်သည်။ အစ္စရေးနိုင်ငံသည် အီရန်နိုင်ငံ၏နျူကလီးယားအစီအစဉ်ကို မဖြစ်ဖြစ်သည့်နည်းဖြင့်ဟန့်တားရန် သန္နိဋ္ဌာန်ချထားခဲ့သည်။ ထို့ကြောင့် အစ္စရေးသည် ၂၀၁၅ ခုနှစ်က အီရန်နှင့် ကမ္ဘာ့အင်အားကြီး ငါးနိုင်ငံလက်မှတ်ရေးထိုးခဲ့သည့် နျူကလီးယားသဘောတူစာချုပ်ကိုလည်း ဆန့်ကျင်သည်။ အီရန်နိုင်ငံသည် ယင်းသဘောတူစာချုပ်ကို အကာအကွယ်ယူပြီး နျူကလီးယားလက်နက်ဆက်လက်ထုတ်လုပ်ရန် လျှို့ဝှက်လုပ်ဆောင်နေသည်ဟု အစ္စရေးနိုင်ငံက သံသယရှိသည်။

အခြားတဖက်တွင် အမေရိကန်၏အဓိကစီးပွားရေး၊ စစ်ရေးမဟာမိတ် ဆော်ဒီအာရေဗျဘီးယားနှင့် အီရန်နိုင်ငံတို့သည် ဒေသတွင်းမဟာပြိုင်ဘက်များဖြစ်ကြသည်။ အီရန်နိုင်ငံသည် ရှီးယိုက်အစ္စလာမ်ဘာသာဝင်များ၏ခေါင်းဆောင်ဖြစ်သည်။ အလားတူ ဆော်ဒီအာရေဗျဘီးယားနိုင်ငံသည် ဆွန်နီအစ္စလာမ်သာသနာ၏ဗဟိုချက်ဖြစ်နေသည်။ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံသည် ဆော်ဒီအာရေဗျဘီးယားအပါအဝင် ပင်လယ်ကွေ့အာရပ်နိုင်ငံများရှိ လူနည်းစုရှီးယိုက်ဘာသာဝင်များကို အားပေးအားမြှောက်ပြုနေသည်။ ထို့ကြောင့် ဒေသတွင်း မတည်မငြိမ်ဖြစ်နေရသည်။ အထူးသဖြင့် ယီမင်နိုင်ငံတွင် အီရန်သည်ရှီးယိုက်ဟူသီသူပုန်များကို ငွေကြေး၊ လက်နက်အပြင် အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့ဝင်များကိုပါ စေလွှတ်ပေးနေသောကြောင့် ယီမင်ပြည်တွင်းစစ် ရှည်ကြာနေရသည်ဟု ဆော်ဒီနှင့် မဟာမိတ်နိုင်ငံများက ယူဆကြသည်။

ထို့ပြင် အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့များသည် ဆီးရီးယားနိုင်ငံတွင် သမ္မတအယ်လ်ဘရှား၏ အစိုးရတပ်ဖွဲ့များဘက်မှ ကူညီတိုက်ခိုက်ပေးနေသည်။ အီရန်တပ်ဖွဲ့များနှင့်အတူ လက်ဘနွန်မှ ဟစ်ဘိုလာ ပြောက်ကျားအဖွဲ့ကလည်း ဆီးရီးယားအစိုးရဘက်မှ တိုက်ခိုက်ပေးလျက်ရှိသည်။ ဟစ်ဘိုလာအဖွဲ့သည် အစ္စရေး၏အဓိကရန်သူဖြစ်သည်။ လက်ဘနွန်တွင် အစ္စရေး၏စစ်ရေးအရ မကြာခဏကျူးကျော်တိုက်ခိုက်မှုကိုအန်တုနေသူမှာ ဟစ်ဘိုလာပြောက်ကျားအဖွဲ့ဖြစ်သည်။ ဆီးရီးယားနိုင်ငံတွင် အီရန်တပ်ဖွဲ့များနှင့် ဟစ်ဘိုလာအဖွဲ့ ခြေကုပ်ကြီးထွားလာနေသည်ကို အစ္စရေးက အနီးကပ်စောင့်ကြည့်နေသည်။

အမေရိကန်တွင် သမ္မတထရန့် အာဏာရလာပြီးနောက် သမ္မတ၏အရှေ့အလယ်ပိုင်းဆိုင်ရာ အနီးကပ်အကြံပေးမှာ သမက် ဂျရက်ကုရှ်နာဖြစ်သည်။ ၎င်းသည် ဂျူးလူမျိုးတဦးလည်းဖြစ်သည်။ သမ္မတထရန့်၏ အရှေ့အလယ်ပိုင်းဆိုင်ရာ မူဝါဒမှာ အစ္စရေးအား တဖက်သတ်မျက်နှာသာပေးရေးဖြစ်သည်။ သမ္မတထရန့်သည် ဂျေရုဆလင်မြို့ကို ခွဲခြမ်း၍မရသော မြို့တော်အဖြစ် အသိအမှတ်ပြုခဲ့သည်။ အမေရိကန်သံရုံးကို ဂျေရုဆလင်သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။ ပါလက်စတိုင်းဒုက္ခသည်များကို အမေရိကန်က ပေးအပ်နေသော ငွေကြေးအကူအညီများကို ရပ်ဆိုင်းခဲ့သည်။ ထို့ပြင် အာရပ်–အစ္စရေးစစ်ပွဲအတွင်း အစ္စရေးက ဆီးရီးယားနိုင်ငံထံမှ သိမ်းယူခဲ့သော ဂိုလန်ကုန်းမြင့်ကို အစ္စရေးအချုပ်အခြာပိုင်နယ်မြေအဖြစ် အသိအမှတ်ပြုခဲ့သည်။

သမ္မတထရန့်အစိုးရသည် အရှေ့အလယ်ပိုင်းဒေသတွင် အစ္စရေး၏ မဟာရန်သူဖြစ်သော အီရန်နိုင်ငံကို ဒေသတွင်း မတည်ငြိမ်မှု၏ လက်သည်တရားခံအဖြစ် ရှုမြင်သည်။ အမေရိကန်ပြည်ထောင်စုသည် ၂၀၁၅ အီရန်နျူကလီးယား သဘောတူညီချက်မှ နုတ်ထွက်ပြီး အီရန်အပေါ် အရေးယူပိတ်ဆို့မှုများပြုလုပ်ခဲ့သည်။ အထူးသဖြင့် အီရန်နိုင်ငံ၏ ဘဏ်လုပ်ငန်း၊ နိုင်ငံတကာကုန်သွယ်မှု၊ ရေနံစိမ်းတင်ပို့မှုကဏ္ဍများအပေါ် အရေးယူပိတ်ဆို့ခဲ့သည်။ သမ္မတထရန့်သည် အီရန်ထံမှ ရေနံစိမ်းအဓိက ဝယ်ယူနေကြသည့် အိန္ဒိယ၊ တရုတ်၊ တူရကီ စသည့်နိုင်ငံကြီးများကို ရေနံများဆက်လက်ဝယ်ယူလျှင် အရေးယူဒဏ်ခတ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။ ထို့ပြင် သမ္မတထရန့်အစိုးရက အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့ကို အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာခဲ့ရာ အီရန်နိုင်ငံကလည်း အမေရိကန်စစ်တပ်ကို အကြမ်းဖက်အဖွဲ့အဖြစ် ပြန်လည်ကြေညာခဲ့သည်။

အီရန်နိုင်ငံက အကယ်၍ အမေရိကန်နှင့်မဟာမိတ်များက အီရန် အစ္စလာမ်မစ်နိုင်ငံကို စစ်ရေးအရ ကျူးကျော်တိုက်ခိုက်လာပါက ဟောမုဇ်ရေလက်ကြားကို ပိတ်ပစ်မည်ဟု သတိပေးပြောကြားသည်။ တချိန်တည်းမှာပင် အမေရိကန်ထောက်လှမ်းရေးအဖွဲ့များက အီရန်နိုင်ငံသည် ပါရှန်ပင်လယ်ကွေ့တွင် လှေငယ်များပေါ်၌ ဒုံးကျည်များတင်နေကြောင်း အစီရင်ခံကြသည်။ အီရန်နိုင်ငံသည် ဒေသတွင်းရှိ အမေရိကန်တပ်ဖွဲ့များနှင့် အဆောက်အအုံများ သို့မဟုတ် အမေရိကန်၏ မဟာမိတ်များကို တိုက်ခိုက်လာနိုင်သည်ဆိုသော စိုးရိမ်ပူပန်မှုများ ပေါ်ထွက်လာခဲ့သည်။

အမေရိကန်အစိုးရသည် လေယာဉ်တင်သင်္ဘောကြီးတစင်းနှင့် ဘီ–၅၂ ဗုံးကြဲလေယာဉ်ကြီးများပါဝင်သည့် အထူးတပ်ဖွဲ့ကို ပါရှန်ပင်လယ်ကွေ့၌ ဖြန့်ကြက်ခဲ့သည်။ ထို့ပြင် နောက်ထပ်စစ်သင်္ဘောတစင်းနှင့် ဒုံးကျည်ကာကွယ်ရေးစနစ်များကို အရှေ့အလယ်ပိုင်း၌ ဖြန့်ချထားရန် အမိန့်ပေးခဲ့သည်။

မေလ ဒုတိယပတ်အတွင်း ဟောမုဇ်ရေလက်ကြားအနီး အာရပ်စော်ဘွားများ ပြည်ထောင်စုကမ်းလွန်၌ ရေနံတင်သင်္ဘောလေးစင်း တိုက်ခိုက်ခြင်းခံခဲ့ရသည်။ ဆော်ဒီအာရေဗျဘီးယားနိုင်ငံကလည်း ၎င်း၏ရေနံမြေများကို အီရန်ထောက်ခံအားပေးသည့် ဟူသီသူပုန်များက တိုက်ခိုက်ခဲ့သည်ဟု ဖော်ပြခဲ့သည်။ အမေရိကန်နှင့် မဟာမိတ်များက အဆိုပါအကြမ်းဖက်တိုက်ခိုက်မှုများကမှာ အီရန်နှင့် ၎င်းက ထောက်ခံအားပေးသည့် အဖွဲ့အစည်းများ၏ လက်ချက်ဖြစ်သည်ဟု စွပ်စွဲခဲ့သည်။ ယင်းစွပ်စွဲချက်ကို အီရန်နိုင်ငံက ငြင်းသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုသည် ရေနံတင်သင်္ဘောများ တိုက်ခိုက်ခံရသည့်ကိစ္စကို ဘရပ်ဆဲလ်မြို့တွင် ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများနှင့်တွေ့ဆုံခဲ့သလို ဥရောပသမဂ္ဂ နိုင်ငံခြားရေးမူဝါဒအကြီးအကဲ ဖီဒရီကာ မိုဟီရီနီနှင့်လည်း ဆွေးနွေးခဲ့သည်။ လက်ရှိအခြေအနေသည် အီရန်နိုင်ငံနှင့် ပဋိပက္ခဆီသို့ ဦးတည်နေသည့်အတွက် ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ဖို့ ဥရောပသမဂ္ဂခေါင်းဆောင်များက တိုက်တွန်းကြသည်။

အီရန်အရေးနှင့်ပတ်သက်ပြီး မေလ ၉ ရက်တွင် သမ္မတထရန့်၏ အမျိုးသားလုံခြုံရေးဆိုင်ရာ ထိပ်တန်းအရာရှိကြီးများ၏ အစည်းအဝေးတရပ်ကျင်းပခဲ့ကြကြောင်း သိရသည်။ ယင်းအစည်းအဝေးသို့ ယာယီကာကွယ်ရေးဝန်ကြီး ရှာနာဟန်၊ အမျိုးသားလုံခြုံရေးအကြံပေးဂျွန်ဘိုလ်တန်၊ အမေရိကန်ဗဟို ထောက်လှမ်းရေးအဖွဲ့ (CIA) ညွှန်ကြားရေးမှူးနှင့် အမျိုးသားထောက်လှမ်းရေးအဖွဲ့ညွှန်ကြားရေးမှူးတို့ တက်ရောက်ခဲ့ကြသည်ဟု ဆိုသည်။ အစည်းအဝေးတွင် **စာ (၃၁) သို့**



www.free4readers.com



www.free4readers.com

news Watch WEEKLY
စောင့်ကြည့်သတင်းဂျာနယ်
အတွဲ (၁၄)၊ အမှတ် (၁၀) ၂၅-၅-၂၀၁၉ (စနေ)

# ၂၀၁၈– ၂၀၁၉ ဘဏ္ဍာနှစ် မေလ ၃ ရက်အထိ ကုန်သွယ်မှု ပမာဏဒေါ်လာ ၂၀ ဘီလီယံကျော်ရှိ၊ ယခင်နှစ်ထက် ဒေါ်လာ သန်း ၅၀၀ ကျော် ပို

အချပ်ပို

၂၀၁၈–၁၉ ဘဏ္ဍာနှစ် (မေလ ၃ ရက်အထိ) ကိန်းဂဏန်းများအရ ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၄၉၁ ဘီလီယံအထိရှိခဲ့ပြီး ယခင်နှစ်အလားတူကာလထက် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကျော် ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ(၁)ဦးမြင့်ဆွေက ပြောကြားသည်။ ရန်ကုန်မြို့၊ မင်းရဲကျော်စွာလမ်းရှိ UMFCCI အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် မြန်မာ့စီးပွားရေး လုပ်ငန်းရှင်များ (၂၇)ကြိမ်မြောက် ပုံမှန်တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားတွင် ဒုတိယသမ္မတ(၁) ဦးမြင့်ဆွေက ပြောကြားခဲ့ခြင်း ဖြစ်သည်။ အဆိုပါကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၄၉၁ ဘီလီယံတွင် ပုဂ္ဂလိကကဏ္ဍအနေဖြင့် အချပ်ပို(ဂ)သို့

# ၂၀၂၀ ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ပါတီကြီးတခုက မီဒီယာသမားအချို့အား မက်လုံးပေး စည်းရုံးသိမ်းသွင်းနေဟုဆို

အချပ်ပို(ဂ)သို့



# နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးအား လက်ခံတွေ့ဆုံ

အချပ်ပို(ဂ)သို့

# ဆိပ်ကမ်းမြို့နယ်ကို အခြားမြို့နယ်တွင် ထည့်သွင်းရန် စီစဉ်ခြင်းမှာ ရွေးကောက်ပွဲ အရှုံးနှင့်မသက်ဆိုင်၊ ပါတီ၏ ညွှန်ကြား ချက်လည်းမဟုတ်ဟု ဒေါက်တာမျိုးညွန့်ပြော

ဆိပ်ကမ်းမြို့နယ်ကို အခြားမြို့နယ်တွင် ထည့်သွင်းရန်စီစဉ်ခြင်းမှာ ရွေးကောက်ပွဲအရှုံးနှင့်မသက်ဆိုင်ကြောင်းနှင့်ယင်းကိစ္စမှာ ပါတီ၏ညွှန်ကြားချက်လည်း မဟုတ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပြောရေးဆိုခွင့်ရှိသူ အချပ်ပို(ခ)သို့

# မိုက်ကယ်ကျော်မြင့် ဥပဒေစက်ကွင်း ပြင်ပသို့ ထွက်ခွာသွား၊ သို့သော် တရားခံပြေးအဖြစ် မပြောနိုင်သေးဟု တရားရုံးပြန်ကြားရေးအရာရှိ ပြော

ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တရားရုံးက မေ ၂၃ ရက်တွင် လာရောက်အစစ်ဆေးခံရန် အတွက် မိုက်ကယ်ကျော်မြင့်နှင့် ဦးသီဟမျိုးနိုင်တို့ကို ဆင့်ခေါ်ထားသော်လည်း ရောက်ရှိမလာသည့် အတွက် ဖမ်းဝရမ်းထပ်ထုတ်ကာ ဇွန် ၆ ရက်သို့ ပြန်လည်ချိန်းဆိုလိုက်ကြောင်း တရားရုံးသတင်းနှင့် ပြန်ကြားရေး အချပ်ပို(ဂ)သို့

# သီရိလင်္ကာအကြမ်းဖက်တိုက်ခိုက်မှု တရားခံများနှင့် ဆက်စပ်ကြောင်း သံသယရှိသူ နိုင်ငံခြားသားကို စစ်ဆေးနေ



သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့၊ နီဂွမ်ဘို မြို့နှင့် ဘတ်တီကာလေမြို့များတွင် ဧပြီ ၂၁ ရက်နေ့က ဖြစ်ပွားခဲ့သော အသေခံဗုံးခွဲအကြမ်းဖက်တိုက်ခိုက်မှု တရားခံများနှင့်ဆက်စပ်သည့် သံသယ ဖြစ်ဖွယ်နိုင်ငံခြားသားတဦးကို ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်တွင် မေ ၂၃ ရက်နေ့ ညနေပိုင်းက ထိန်းသိမ်းခဲ့သည်။ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ပန်းဆိုးတန်းလမ်းပေါ်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ နိုင်ငံခြားသားများရေးရာဌာန၊ ပြည်ဝင်၊ ပြည်ပြန်ဝင်နှင့် နေခွင့်ပြုခြင်းဆိုင်ရာ ဌာနခွဲသို့ လာရောက်စဉ် အချပ်ပို(ဂ)သို့

# ကျောက်ဆည်မြို့တွင် ကာမအားတိုးဆေးအတုများ၊ စက်များ၊ ဓာတ်ခွဲခန်းများ ဖမ်းဆီးရမိ

ကျောက်ဆည်မြို့ နေအိမ်တလုံးအတွင်းမှ တရားမဝင် ကာမအားတိုးဆေး အတုနှင့် ထုတ်လုပ်သည့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိသည်ဟု အချပ်ပို(ခ)သို့



ဓာတ်ခွဲခန်းသုံးပစ္စည်းများအား သက်ဆိုင်ရာမှ သိမ်းဆည်းနေစဉ်

# ပါ့ခ်ရွိုင်ရယ် ဟိုတယ် ဘေးလမ်း ပြည့်တန်ဆာများ ခြေရှုပ်မှုနှင့် ပတ်သက်ပြီး တိုင်ကြားမှုများရှိ

ရန်ကုန်မြို့ ဒဂုံမြို့နယ် Park Royal ဟိုတယ်ရှိရာဘေးရှိ ယောမင်းကြီးလမ်းနှင့်ပတ်သက်ပြီး တိုင်ကြားမှုများ ရှိနေကြောင်း ဒဂုံမြို့နယ် အမှတ် ၂ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျက ပြောကြားသည်။ အဆိုပါဘေးလမ်းသည် တလမ်းသွားလမ်းဖြစ်ပြီး ညပိုင်းတွင် အတားအဆီးများနှင့် အချပ်ပို(ခ)သို့



# စွန့်ပစ်အမှိုက်များကြောင့် သာကေတ အောင်မင်္ဂလာ သောက်သုံးရေကန် ပျက်စီး

အချပ်ပို(ခ)သို့

www.free4readers.com

